# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၄၆)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ် နိုင်ငံ၏ (၂၂)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှုစစ်ဆေး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးကြိုးပမ်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တပ်မတော် အရာရှိကြီးများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ABSDF အဖွဲ့ တိုင်းရင်းသားပြည်သူများအပေါ် အကြမ်းဖက်လုပ်ရပ်များ ကမ်းကုန်အောင်ကျူးလွန် နိုင်ငံတော်အစိုးရကို အကြမ်းဖက်နည်းအပါအဝင် လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက် ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီတိုက်ပွဲဝင်ရန် ရည်ရွယ် NLD-LA အဖွဲ့ ABSDF၊ NCUBတို့နှင့် ပူးပေါင်း၍ အဖျက်လုပ်ရပ်များဆောင်ရွက်နေ

## ABSDF(မြောက်ပိုင်း) ဖွဲ့စည်းရာတွင် သံချောင်း(ခေါ်)မြင့်စိုး စစ်ရေးတာဝန်ခံအဖြစ်ဆောင်ရွက် ပြည်တွင်းသောင်းကျန်းမှုသမိုင်းမှာ လူသတ်မှုများစွာကျူးလွန်ခဲ့သူ ရာဇဝတ်ကောင်တစ်ဦးဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)တွင် SSA(တောင်ပိုင်း) သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF သောင်းကျန်းသူ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်၏ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့်ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐

**နိုင်ငံတော်ပွဲ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

# မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင် နှစ်နိုင်ငံအကျိုးစီးပွား အပြန်အလှန်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၈ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုတို့နှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာစသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-တရုတ်နှစ်နိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ ရှစ်ခုတို့ကို လက်မှတ်ရေးထိုး လဲလှယ်နိုင်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံသည် ဖေဖော်ဝါရီလ ၁၆ရက် ညနေပိုင်းတွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Shangri-La Golden Flower Hotel ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌-

**"မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနိုင်ငံတော်ဖြစ်ရေးတည်ဆောက်သွားမည်ဟု ဆုံးဖြတ်ထားကြောင်း၊ ပြည်ပမှရင်းနှီးမြှုပ်နှံသူများလည်း မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်အနီး၌ သီလဝါ အထူးစက်မှုဇုန် စီမံကိန်းရှိကြောင်း၊ ယင်းစက်မှုဇုန် အပါအဝင် အခြားစိတ်ဝင်စားဖွယ် ကောင်းသည့်ဒေသများ၌ ယူနန်ပြည်နယ်မှလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း၊ ယနေ့အချိန်အခါသည် နှစ်ဖက်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် အကောင်းဆုံးအချိန်ဖြစ်ကြောင်း"**

ဆွေးနွေးပြောကြားသည်။

ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကျောက်ကျန့်ယုံက ဆွေးနွေးပြောကြားရာ၌-

**"ယူနန်ပြည်နယ်သည် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစသည့် သဘာဝ သယံဇာတများ ပေါကြွယ်ဝပါကြောင်း၊ အချောထည်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသကဲ့သို့ စက်မှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင်လည်း အဆင့်မြင့်နည်းပညာများဖြင့် လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းလည်း အထူးဖွံ့ဖြိုးတိုးတက် လာကြောင်း၊ နှစ်စဉ်နိုင်ငံခြား ခရီးသွား တစ်သန်းကျော်နှင့် ပြည်တွင်းခရီးသွား ၄၆ သန်းကျော် လာရောက်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်လိုကြောင်း"**

ပြောကြားသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများသည် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးဖြင့် နှစ်ကြာရှည်စွာ နေထိုင်ခဲ့ကြသူများဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ကာလကြာသည်နှင့်အမျှ ပိုမိုခိုင်မြဲလျက်ရှိသည်။ ယနေ့အချိန်တွင် နှစ်နိုင်ငံအနေဖြင့် စီးပွားရေးကဏ္ဍများ၌ပါ ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံအကျိုးစီးပွားကို အပြန်အလှန်စောင့်ရှောက်ကြကာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ထောက်ခံခဲ့သည့် အစဉ်အလာလည်းရှိသည့်အလျောက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၃-၂-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅း၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၁၂)
- ၆း၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁၄)
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့ မြဝတီ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၉)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မဲခေါင်လင်းပိုင်များ ကာကွယ်ရေး ကော်မရှင် ကမ္ဘောဒီးယားနိုင်ငံ၌ ထူထောင်ထားရှိ

ဖနောင်ပင် ဖေဖော်ဝါရီ ၂၂

**မဲခေါင်ရေချိုလင်းပိုင်များသေဆုံးမည်ကို စိုးရိမ်၍ ကမ္ဘောဒီးယားအစိုးရက မဲခေါင်လင်းပိုင်များ ကယ်ဆယ်ထိန်းသိမ်းရေး ကော်မရှင်ကို ထူထောင်လိုက်ကြောင်း သိရသည်။**

အဆိုပါ ကော်မရှင်အဖွဲ့သည် ပြီးခဲ့သည့် သီတင်းပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း ကော်မရှင်ဥက္ကဋ္ဌ တော့ဆီယန်တာနာ၏ ပြောကြားချက်ကို ကမ္ဘောဒီးယား နေ့စဉ်သတင်းစာက ဖေဖော်ဝါရီ ၂၀ရက်၌ ဖော်ပြသည်။

ယင်းလုပ်ငန်းစဉ်အရ ငါးမဖမ်းရ ဇုန်အတွင်း ငါးဖမ်းပစ္စည်းများဖြင့် ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ၂၄နာရီ ကင်းလှည့်စောင့်ကြပ်ရေး ဆိပ်ကမ်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရေလုပ်သားများအား မဲခေါင်လင်းပိုင်များ မဖမ်းဆီးရေးအတွက် အလုပ်အကိုင်အသစ်များ သင်တန်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဖေဖော်ဝါရီ ၁၄ ရက်က မဲခေါင်လင်းပိုင် လေးကောင်အသေကို ခရာတီးပြည်နယ်၌ တွေ့ရှိခဲ့ကြောင်း၊ ယခုနှစ်အတွင်း သေဆုံးသည့် ကောင်ရေ ၁၂ကောင်အထိ ရှိလာကြောင်း သိရသည်။

ကမ္ဘောဒီးယားမဲခေါင်မြစ်တွင် လင်းပိုင်အကောင် ၈၀မှ ၁၁၀ခန့်သာရှိတော့ကြောင်း ကမ္ဘာ့တိရစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့က ခန့်မှန်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



ကမ္ဘောဒီးယားရှိ မဲခေါင်ရေချိုလင်းပိုင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## နိုင်ငံတကာသတင်းများ

# လွန်ခဲ့သောနှစ်သန်း၄၀ခန့်မှ ကြီးမားသောပင်ဂွင်ငှက် အရိုးစုတွေ့ရှိ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၂**

နယူးဇီလန်နိုင်ငံမှ ကျောင်းသားလူငယ်အဖွဲ့တစ်ဖွဲ့သည် မကြာမီက လွန်ခဲ့သောနှစ်ပေါင်း သန်း၄၀ခန့်မှ ကြီးမားသော ပင်ဂွင်ငှက်တစ်ကောင်၏ အရိုးစုတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ဖေဖော်ဝါရီ ၂၁ ရက် သတင်းတစ်ရပ်၌ ဖော်ပြသည်။

ကျောင်းသားလူငယ်အဖွဲ့တစ်ဖွဲ့သည် မြောက်အစ်လန်ကျွန်းအနောက် ဘက်ကောဘီရာအရပ်အနီးတွင် မကြာမီက အဆိုပါ ပင်ဂွင်အရိုးစုကို ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်ပြီး ကျောင်းသားများက အနီးစပ်ဆုံး သဘာဝသမိုင်းပြတိုက်သို့ ပေးပို့ခဲ့ကြသည်။

ဒီရေလှိုင်းများရိုက်ခတ်ပြီး သဲများဖုံးလွှမ်းလျက်ရှိသော ကျောက်တုံးတစ်ခုမှ ယင်းပင်ဂွင်အရိုးစုများကို ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု ကျောင်းသားအဖွဲ့မှ ခရစ်တမ်လာက ပြောကြားသည်။

**သုံးသပ်**

နယူးဇီလန်နိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ခန့်အတွင်း ရှာဖွေတွေ့ရှိရသမျှ အရိုးစုများအတွင်း အကြီးမားဆုံး အရိုးစုတစ်ခုဖြစ်ပြီး သုတေသနပညာရှင်များ၏ သုံးသပ်ချက်အရ အဆိုပါအရိုးစု ပင်ဂွင်ငှက်သည် အမြင့်ငါးပေရှိပြီး အလေးချိန် ပေါင် ၂၂၀ခန့်ရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

## ရှေ့ဖုံးမှ

ယင်းနောက် ရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန် တိုင်းအင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်)ကို သဃ်္ဃန်းကျွန်းမြို့နယ် ကမာကြည်လမ်းနှင့် သာကေတမြို့နယ် ရှုခင်းသာလမ်းတို့ဆက်သွယ်တည်ဆောက်လျက်ရှိသည့် အခြေအနေ၊ တံတားနှင့်ပတ်သက်၍ အခန်းအလိုက် ဆက်လက်တည်ဆောက်သွားမည့် အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

### ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ တံတားတည်ဆောက်ရေးစီမံကိန်းအင်ဂျင်နီယာမှူး ဦးဟန်စိုးက တံတားကြီးတည်ဆောက်ရာတွင် အုတ်မြစ်လုပ်ငန်းနှင့် ဘိုးပိုင်များ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သဃ်္ဃန်းကျွန်းမြို့နယ်ဘက်ကမ်းမှ ငမိုးရိပ်တံတား(ကမာကြည်)ကို ဖြတ်ကျော်၍ သာကေတမြို့နယ်အတွင်း ရေပေးဝေရန် စီစဉ်ဆောင်ရွက်ထားမှုနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြို့တော်သာယာလှပရေးအတွက် အကွက်ချစီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ကာကွယ်ရေးဝန် ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သဃ်္ဃန်းကျွန်းဘက်ခြမ်းမှ ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးဟန်စိုးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းပြသသည်။

ရှင်းလင်းပြသမှုများနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားပြီး မွန်းလွဲ၂နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ အောက်ထည် သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ သံကူကွန်ကရစ် ရက်မတံတား အမျိုးအစားဖြစ်သည်။ ပင်မတံတား အရှည်မှာ ပေ ၉၇၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၄၈ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီ ရှိသည်။ တံတားခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ်ပြီး၊ ရေလမ်းကင်းလွတ် အမြင့် ၁၁ပေနှင့် ရေလမ်းကင်းလွတ်အကျယ် ၆၅ ပေရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**
**(၂၆–၂–၂၀၀၆)ရက်နေ့**

**၂၀၀၆ ခုနှစ် မတ်လအတွက်**
**(၁၂–၃–၂၀၀၆)ရက်နေ့**
**နှင့်**
**(၂၆–၃–၂၀၀၆)ရက်နေ့**

## ကြိုဆို နှုတ်ဆက်

**ဖေဖော်ဝါရီ၂၂ရက်က ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံ တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ စစ်သံမှူး Colonel-Vladimir I Konchakov နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



## စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။** (အောက်ယာပုံ)





အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊သျှင်ပညာဇောတ၊ နောင်စိုးရီ၊ ရည်မွန်အောင်(ပြည်တက္ကသိုလ်)၊ မောင်ကောင်းယဉ်၊ ဇေယျာအောင်၊ ခေတ္တရာဆရာကျော်၊တက္ကသိုလ်တင်ခ၊ အောင်စိုး(တိ/ကု) အမျိုးသားစာပေဆုရ၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၊ထက်ကောင်းလတ်(မင်းဘူး)၊ ရာဇာ (ဘိုကလေး)၊ တက္ကသိုလ်လှကြွယ်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊စိုးသီဟ(ရေတာရှည်)၊ထိုက်ဇော်အောင်(ဂျီတီစီ)၊ မောင်မောင်စိုးသက်(H.K. ၊C.E)၊ညွှန့်သစ်ဝေ(ဇေယျာ)၊ ဖိုးထွေး (စိုက်ပျိုးရေး)၊ ဇေယျာ (ကိုထွေး)၊ကိုရွှေတောသား၊ညွှန့်ညွှန့်စိုး(အောင်လံ)၊ မွေးမြူယောကျ်ား၊ သျှတတ (ပြည်)တို့၏ သုတ၊ ရသဆောင်းပါးများ၊ ဝတ္ထုတိုကဏ္ဍ၊ ကနောင်မောင်မောင်၊ ဖျာပုံတင်နိုင်ဝင်း၊ တောသားကြီးလူနိုင်၊ ပဏ်သုသပြေ(ညောင်ပင်ဆိပ်)တို့၏ ကဗျာများ၊မောင်မောင်စန်းလွင်၏ ကာတွန်း၊ ဆြာစန်း၏ ပဒေင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြော သင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်း ဒါရုဆလမ်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏(၂၂)နှစ်မြောက်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီမိုဟာမက်ဘိုလ်ကီးယားသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အဖျောက်အသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အဖျောက်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲကို မတ်လ ၂၆ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ရွှေဂုံတိုင်လမ်း (ယခင်တော်ဝင် နှင်းဆီခြံရှေ့) အဖျောက်ကျောင်းတိုက် ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၏ အသက် ၇၅နှစ်အထက် အဘိုးအဘွားများနှင့် အသင်းဝင်များ၏ သားသမီးများမှ (၂၀၀၄–၂၀၀၅) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး ရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို အထက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ၁၉–၃–၂၀၀၆ရက် နောက်ဆုံးထားပြီး ဖုန်း ၀၉–၅၁–၀၂၃၇၄ ဦးခင်မောင်စိုး၊ ဖုန်း ၀၉–၅၁–၂၈၈၃၀ ဦးယုကြိုင်၊ ဖုန်း ၅၃၉၆၈၈ လိုင်းခွဲ(၅၄၃)ဦးမြင့်နိုင်တို့သို့ ဆက်သွယ် သတင်းပေးပို့ရမည်ဖြစ်သည်။ အသင်းဝင်ပြီးသူဖြစ်စေ၊ အသင်းမဝင်ရသေးသူဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

**(မြန်မာ့အလင်း)**

## မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ
## စီးပွားဖြစ် ဝင်ငွေတိုးဖို့ ခြံစည်းရိုးကြက်ဆူဆီ များများထုတ်လုပ်ကြပါစို့

အစားထိုးလောင်စာဆီ ထုတ်လုပ်နိုင်ရေးအတွက် ကမ္ဘာတစ်ဝန်းတွင် အစဉ်တစိုက် ကြိုးပမ်း ကြံဆလုပ်ကိုင်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ၌ ခြံစည်းရိုး ကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီကို အောင်မြင်စွာထုတ်လုပ်နိုင်ပြီ ဖြစ်သည်။ စိုက်ပျိုးထွက်ရှိလာသော ခြံစည်းရိုးကြက်ဆူသီးများကို စက်မှုဇုန်များက တီထွင် ထုတ်လုပ်လိုက်သော ဆီကြိတ်စက်ငယ် သုံးမျိုးဖြင့်လည်းကောင်း၊ ကျေးလက်ဒေသသုံး လက်ကြိတ်စက်များဖြင့်လည်းကောင်း လက်တွေ့ထုတ်ယူနိုင်သည်။

### စက်စွမ်းအား

ဇီဝဒီဇယ်ဆီ အသုံးပြုမောင်းနှင်နိုင်သည့် စက်စွမ်းအားမှာ မြင့်မားပေသည်။ သာဓကအားဖြင့် မန္တလေးစက်မှုဇုန်က ထုတ်လုပ်သော ကျေးရွာသုံး မီးစက်မြင်းကောင်ရေ ၈၇ကောင်အားရှိ အင်ဂျင်နှင့် တွဲဖက်အသုံးပြုနိုင်သော ဒိုင်နမို ၄၀ကီလိုဝပ်ကို ကြက်ဆူဆီတစ်ဂါလန်ဖြင့် မိနစ် ၅၀ကြာ မောင်းနှင်နိုင်သည်။

### ကားများတွင်လည်းသုံးနိုင်

စက်မှုဇုန်များက ထုတ်လုပ်သောဂျစ်ကားများတွင် ဒီဇယ်အင်ဂျင် တပ်ဆင်ပြီး မောင်းနှင်လျှင် ဇီဝဒီဇယ်ဆီ တစ်ဂါလန်လျှင် ၂၃မိုင် မောင်းနှင်နိုင်သည်။ ၄၂ယောက်စီး ဘတ်စ်ကားများတွင် ကြက်ဆူဆီ ထည့်၍မောင်းလျှင် တစ်ဂါလန် ၁၀မိုင် မောင်းနှင်နိုင်သည်။

ဇီဝဒီဇယ်ဆီရရှိရန် ဟိုက်ဒရောလစ်ဖိအားသုံးကြိတ်စက်ဖြင့် တစ်ကြိမ်လျှင် ကြက်ဆူစေ့ တစ်ပြည်ခွဲကြိတ်နိုင်ပြီး ကြက်ဆူစေ့ တစ်တင်းကို တစ်နာရီနှင့် မိနစ်၄၀ကြာကြိတ်လျှင် ကြက်ဆူဆီ ၅ပုလင်းရရှိသည်။ ဘေးတိုက် လွန်သွားကြိတ်စက်ကိုသုံးကောင်အား မော်တာဖြင့်ကြိတ်လျှင် ကြက်ဆူဆီ ၆ ပုလင်းရရှိသည်။ ထို့ကြောင့် စီးပွားဖြစ်ဝင်ငွေတိုးရန်အတွက် ခြံစည်းရိုးကြက်ဆူပင်များများစိုက် ကြက်ဆူဆီ များများထုတ်လုပ်ကြရန် ဖြစ်ပေသည်။ ။



**ခြံစည်းရိုး ကြက်ဆူဆီဖြင့် ဂျစ်ကားများ မောင်းနှင်နေသည်ကို ဤသို့တွေ့ရသည်။**

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၂၃–၂–၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ အကပဒေသာ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ ယာကြီးရေထိန်းတမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဆိုပြိုင်ပွဲ
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၅ ၈။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇:၄၀ ၉။ တေးဂီတအစီအစဉ်
၁၇:၅၀ ၁၀။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ အကပြိုင်ပွဲ
၁၈:၅၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း–၇)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်နှင်းဆီ"** (အပိုင်း–၉)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

❋ ကျောဖုံးမှ

ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)မှ ဦးရန်ကြီးမြင့်၊ အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်း၊ ဦးအားဖုန်၊ အထူးဒေသ(၃)မှ ဦးလွယ်မောင်း၊ ဦးခေးတိုင်း၊ ဦးကောင်တိုင်း၊ အထူးဒေသ(၅)မှဦးဇော်ယွန်တို့အပြင် မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးစိုင်းမွန်း၊ ပန်ဆေးဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးကျော်မြင့်၊ ကွတ်ခိုင်ဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးတီခွန်မြတ်၊ မုံးကိုးဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးနော်ခမ်း၊ ဖောင်းဆိုင်ဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးတီခွန်ဆွေ၊ မိုးဟဌာနေ ပြည်သူ့စစ်အဖွဲ့မှ ဦးလောမားနှင့် ဒေသခံပြည်သူများလည်း တက်ရောက်ကြသည်။



**သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)အပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်တွင်းပြည်ပ သတင်းဌာနများနှင့် စာနယ်ဇင်းများမှ သတင်းတာဝန်ခံများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။** (သတင်းစဉ်)

## ရှင်းလင်းပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက SSA(တောင်ပိုင်း) သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF သောင်းကျန်းသူ သံချောင်း(ခေါ်) မြင့်စိုး(ခေါ်) စဝ်ခွန်ကျော်၏ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့် ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက် အဖျက်လုပ်ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**(သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

## ပြန်လည်ဖြေကြား

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လည်းကောင်း၊ သံချောင်း(ခေါ်) မြင့်စိုး(ခေါ်) စဝ်ခွန်ကျော်အဖွဲ့၏ ညှဉ်းပန်းနှိပ်စက်မှုကို ကိုယ်တိုင်တွေ့ကြုံခံထားရသူ ABSDF အလင်းဝင်များကလည်းကောင်း၊ သံချောင်း၏ လူသတ်မှုနှင့် ရာဇဝတ်ပြစ်မှုများကို ကိုယ်တိုင်တွေ့ရှိခဲ့သူ ABSDF အလင်းဝင်များနှင့် SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ အလင်းဝင်သူ၊ အဖမ်းခံရသူများကလည်းကောင်း၊ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာ၌ ဗုံးဖောက်ခွဲမှုကို ကြိုးကိုင်စီစဉ်ဆောင်ရွက်ခဲ့သူ ပြည်ပြေး NDD သိန်းဝင်း၏ အမာခံ အောင်ချိုဦးကလည်းကောင်း ပြန်လည်ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)ကို မွန်းလွဲ ၁၂ နာရီ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

သတင်းစာရှင်းလင်းပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၆)သို့ တက်ရောက်လာကြသည့် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းဌာနများနှင့် စာနယ်ဇင်းများမှ သတင်းတာဝန်ခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ယင်းတို့၏ ထပ်မံသိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။



**သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)သို့ တက်ရောက်လာကြသည့် သံတမန်များ သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

## ကြည့်ရှုလေ့လာ

ယင်းနောက် သံတမန်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် ဧည့်သည်တော်များသည် သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)တွင် ခင်းကျင်းပြသထားသော ABSDF အကြမ်းဖက် အဖျက်သမားအဖွဲ့၏ အချက်အလက်များ၊ ABSDF အဖွဲ့နှင့် ပြည်ပရောက် ဆန့်ကျင်ဘက် နိုင်ငံရေးအဖွဲ့အစည်းများ၏ ပတ်သက်ဆက်နွယ်နေမှုဇယား၊ ABSDF နှင့် NLD-LA တို့၏ ရက်စက်မှုအပေါင်းသရုပ်ဖော်ဆောင်ခဲ့သော လုပ်ရပ်ဖြစ်သည့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုံးဖောက်ခွဲခဲ့မှု မှတ်တမ်းဓာတ်ပုံ၊ NCGUB ၏ အစီအမံဖြင့် ABSDF နှင့် NDD အကြမ်းဖက်အဖျက်သမားများ၏ လူမဆန်သောလုပ်ရပ်ကြောင့် ၂၀၀၅ ခုနှစ် မေ ၇ ရက်တွင် ရန်ကုန်မြို့ လူစည်ကားရာနေရာ သုံးနေရာ၌ ချိန်ကိုက်မိုင်းသုံးလုံးပေါက်ကွဲခဲ့မှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမှတ်တမ်းများ၊ ABSDF၊ NLD-LA တို့နှင့် ပူးပေါင်းလျက် စွမ်းအားမြင့် မြန်မာကျောင်းသား စစ်သည်တော်များအဖွဲ့က လက်ရဲဇက်ရဲလုပ်ဆောင်ခဲ့သော အကြမ်းဖက် လုပ်ရပ်တစ်ခုဖြစ်သည့် ၁-၁၀-၉၉ ရက်တွင် ဗန်ကောက်ရှိ မြန်မာသံရုံးကို ဝင်ရောက်စီးနင်းခဲ့စဉ်က မှတ်တမ်းဓာတ်ပုံများ၊ ABSDF(မြောက်ပိုင်း) စတင်ဖွဲ့စည်းခဲ့စဉ်က သံချောင်း(ခေါ်) မြင့်စိုးနှင့် အဖွဲ့ပါဝင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ပြည်သာယာစစ်ဆင်ရေး) SSA (တောင်ပိုင်း) ရွက်ဆစ်အဖွဲ့မှ တပ်မဟာ(၂၄၁) တပ်မဟာမှူး သံချောင်း (ခေါ်) စဝ်ခွန်ကျော်အဖွဲ့ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဝင်ရောက်လာသော လမ်းကြောင်းပြမြေပုံ၊ SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁) တပ်မဟာမှူး သံချောင်း(ခေါ်) စဝ်ခွန်ကျော် ဦးစီးအဖွဲ့မှ ဖမ်းဆီးရမိသူများနှင့် လက်နက်ချ အလင်းဝင်ရောက်သူများ မှတ်တမ်းဓာတ်ပုံ၊ သိမ်းဆည်းရမိ လက်နက်ခဲယမ်း မှတ်တမ်းဓာတ်ပုံများ၊ သိမ်းဆည်းရမိသည့် ပစ္စည်း မှတ်တမ်းဓာတ်ပုံ၊ ABSDFနှင့် အခြား အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ၊ ABSDFနှင့် အခြား အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရရှိမှုမှတ်တမ်းဓာတ်ပုံများ၊ ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံ အနီး ဗုံးဖောက်ခွဲရန် စီစဉ်ခဲ့သော ABSDF အဖွဲ့မှ ဖွဲ့စည်းထားသည့် PP-21 အဖွဲ့မှ စိုးသီဟ(ခေါ်) သူရကျော်ဇင်နှင့် အဖွဲ့ဝင်နှစ်ဦး ဖမ်းဆီးရမိမှုသတင်းမှ မှတ်တမ်းဓာတ်ပုံ၊ ABSDF နှင့် NLD -LA တို့ ပူးပေါင်းပြီး ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရန် စေလွှတ်လိုက်သော ကိုဦး(ခေါ်)မျိုးဦးအပါအဝင် အကြမ်းဖက် အဖျက်သမား ၁၁ ဦးကို ဖမ်းဆီးရမိခဲ့မှု သတင်းမှတ်တမ်းဓာတ်ပုံ၊ ၁၉၈၉ ခုနှစ် ကာလတွင် ဖမ်းဆီးရမိသော ABSDF မှ HAWK (သိန်းငှက်) အဖွဲ့ဝင်ရှစ်ဦး၏ သတင်းမှတ်တမ်းဓာတ်ပုံများ NCGUB, FTUB နှင့် ABSDF တို့ပူးပေါင်းပြီး ဖောက်ခွဲရေးပစ္စည်းများကို ကော့သောင်းမှ ရန်ကုန်သို့ သယ်ဆောင်စဉ် ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု သတင်းမှတ်တမ်းဓာတ်ပုံများ၊ ရန်ကုန် ကုန်သွယ်မှုဇဟိုဌာန ကုန်စည်ပြပွဲ ဖျော်ဖြေရေးစင်မြင့်တစ်ဝိုက်တွင် ဗုံးမပေါက်ကွဲမီ မိနစ်ပိုင်းအလိုအထိ ရိုက်ကူးထားသော ဗီဒီယိုမှတ်တမ်း ခွေ၌ တွေ့မြင်ရသော ABSDF အဖွဲ့ဝင်နှစ်ဦးနှင့် NDD အဖွဲ့ဝင် အောင်မင်းတို့၏ မှတ်တမ်းဓာတ်ပုံတို့ကို ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**

**သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)တွင် ခင်းကျင်းပြသထားသော ABSDFအကြမ်းဖက်အဖျက်သမားအဖွဲ့၏ အချက်အလက်များ၊ ပြည်ပရောက် ဆန့်ကျင်ဘက် နိုင်ငံရေးအဖွဲ့အစည်းများ၏ ပတ်သက်ဆက်နွယ်နေမှုဇယားများ၊ ရန်ကုန်မြို့တွင် ဗုံးဖောက်ခွဲမှုများ၊ ဗန်ကောက်ရှိ မြန်မာသံရုံးကို ဝင်ရောက်စီးနင်းခဲ့စဉ်က မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။** (သတင်းစဉ်)





# နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားနှင့်လုံခြုံမှုကို အန္တရာယ်ပြုလောက်အောင်ဖြစ်ရင် ဘယ်အဖွဲ့အစည်း၊ဘယ်ပုဂ္ဂိုလ်ကိုမဆိုစည်းကမ်းဥပဒေနှင့်အညီအရေးယူသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)ကို ဖေဖော်ဝါရီ ၂၁ရက် နံနက် ၉နာရီ ၄၅မိနစ်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံနိုင်ငံခြားသတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများ တက်ရောက်၍ သတင်းရယူခဲ့သည်။**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)တွင် မေးမြန်းချက်များကို ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။** (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ပြည်တွင်း မဂ္ဂဇင်းဂျာနယ်တိုက်များမှ တာဝန်ရှိသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အခြားသိရှိလိုရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း မေးမြန်းခဲ့ကြရာ ၎င်းတို့၏ မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

## ဦးကိုကို(ယူမီယူရီရှင်ဘွန်း)

စောစောက ပြန်ကြားရေးဝန်ကြီး ရှင်းသွားတဲ့အထဲမှာ ရန်ကုန်မြို့ ဗုံးဖောက်ခွဲမှုနဲ့ပတ်သက်ပြီးတော့ သိရှိတဲ့သူတစ်ဦး ပါတယ်ဆိုတာ ကျွန်တော် သိရပါတယ်။ အဲဒီဗုံးဖောက်ခွဲမှုနဲ့ ပတ်သက်ပြီးတော့ သိရှိပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကိုပဲ ကျွန်တော်မေးချင်ပါတယ်။ အဲဒီဗုံးဖောက်ခွဲမှုကို ဘယ်သူက ခိုင်းစေတာလဲ၊ ဘယ်အဖွဲ့အစည်းက ပြုလုပ်တာလဲ၊ အဲဒီပုဂ္ဂိုလ်ကရော ဘယ်လိုတာဝန်တွေ ယူထားပါသလဲ၊ ပြီးတော့ ဒီဗုံးဖောက်ခွဲမှုမှာရော ကိုယ်တိုင်ပါဝင်ပတ်သက်မှု ရှိပါသလားဆိုတာ သိချင်ပါတယ်။

## အောင်ချိုဦး(ခ)အောင်သန်း(ခ)ယူနွတ်

ဗုံးဖောက်ခွဲမှုကို NDDက အတွင်းရေးမှူး ကိုသိန်းဝင်းလုပ်တာဖြစ်ပါတယ်။ ကျွန်တော့်ကို ရန်ကုန်မြို့မှာ UGလုပ်ငန်းလုပ်ဖို့ တာဝန်ပေးထားတာဖြစ်ပါတယ်။ ဒီဗုံးဖောက်ခွဲတဲ့အချိန်မှာတော့ ၂၀၀၅ခုနှစ် လေးလပိုင်းလောက်မှာ ကျွန်တော့်ဆီ သူဖုန်းဆက်ပါတယ်၊ ဖုန်းဆက်ပြီးတော့ ရန်ကုန်မြို့ထဲမှာ Centerတွေအကြောင်းကို ကျွန်တော့်ကိုမေးပါတယ်။ လုံခြုံရေးအားနည်းတဲ့ Centerတွေကိုမေးလို့ ကျွန်တော်က ရန်ကင်းစင်တာတို့၊ ဒဂုံစင်တာတို့၊ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန၊ မင်္ဂလာရပ်ရှင်ရုံတို့ကို ကျွန်တော်ဖုန်းနဲ့သတင်းပို့ခဲ့ပါတယ်။ ပို့ပြီးတော့ နှစ်ရက်၊ သုံးရက်လောက်အကြာမှာ ဗုံးကွဲပါတယ်။ ကွဲတော့ သူကျွန်တော့်ဆီကို ဖုန်းပြန်ဆက်ပါတယ်။ ဗုံးကွဲတာကိုကြားလား၊ လုံခြုံရေး ဂရုစိုက်ဆိုပြီးတော့ ဖုန်းချသွားပါတယ်။ ဒါတွေကို ကျွန်တော် ပြန်စဉ်းစားမိတဲ့ အချိန်ကျတော့ ကျွန်တော်ပေးတဲ့ နေရာလေးခုထဲမှာ နှစ်ခုက ဗုံးကွဲသွားတယ်ဆိုတော့ ကျွန်တော် အံ့သြမိပါတယ်။ စိတ်လည်းမကောင်းဖြစ်မိပါတယ်။ ဒါတွေကို သိတဲ့သူက ကိုသိန်းဝင်းပဲဖြစ်ပါတယ်။ ကိုသိန်းဝင်းကိုကြိုးကိုင်နေတဲ့ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်လည်း အတူတူပါပဲ၊ သူတို့နှစ်ယောက်လုပ်တာဖြစ်ပါတယ်၊ ဘာလို့ဆို သူတို့လူတွေရှိတယ်။ ဒီဖောက်ခွဲရေးသင်တန်းတွေကို ကိုသိန်းဝင်းလူ ကျန်ကျော်င်း၊ အောင်မင်း၊ တင်မိုးတို့ကို အနောက်နိုင်ငံသားတစ်ယောက်က လာပြီးသင်တန်းပေးပါတယ်။ Free Ranger Army ကပေးပါတယ်။ အဲဒါကြောင့် သူတို့ကိုလွှတ်ပြီးတော့ ဒီဖောက်ခွဲရေးကို လုပ်ခိုင်းတာဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ မပါဝင်ပါဘူး၊ ကျွန်တော်သိလည်းမသိရပါဘူး။ ကျွန်တော်က လုံခြုံရေးအားနည်းတဲ့ Center တွေအကြောင်းကို သူစုံစမ်းခိုင်းတာကို ကျွန်တော်ပြောရတာပေါ့။ သူဒီလို ရက်ရက်စက်စက်လုပ်မယ်လို့ မထင်ဘူး၊ ဆန္ဒပြပွဲတို့ ဆူပူမှုလောက်ပဲ လုပ်မယ်ထင်တာ၊ တကယ်တော့ သူဟာ ဒီလိုရက်ရက်စက်စက် လုပ်တဲ့အတွက် ကျွန်တော်အလွန် သူ့ကို စိတ်မကောင်းလည်းဖြစ်မိတယ်။ တော်တော်လည်း သတ်ချင်စိတ်တောင်ဖြစ်သွားတယ်။ ကျွန်တော်တို့ သူလုပ်ခိုင်းတဲ့လူတွေနဲ့ အဆက်အသွယ်တော့ မရှိခဲ့ပါဘူး၊ ကျွန်တော်လည်း ဒီ UG လုပ်ငန်းအလုပ်ဟာ ကျွန်တော့်ကို သူခိုင်းတာတွေကတော့ အစိုးရရဲ့ အားနည်းချက်တွေဖြစ်တဲ့ သတင်းတွေကိုယူခိုင်းတယ်။ ဆန္ဒပြပွဲမှာ ကျွန်တော့်ကို ဓာတ်ပုံတွေရိုက်ခိုင်းတယ်။ ဒီဟာပဲ ကျွန်တော့ကို လုပ်ခိုင်းပါတယ်။ ဒီလိုလုပ်တဲ့ အချိန်မှာ ကျွန်တော့်ကို ဒီလိုမျိုးပေါ့ လမ်းစရိတ်လောက်ပဲ (၆)လလောက်၊(၅)လကနေပြီး ငါးသောင်းပေးလိုက်၊ တစ်သိန်းပေးလိုက် အဲဒီလိုပဲ ပေးပါတယ်။ အမှန်တကယ် အပေါ်က ချပေးတာက NGOက ချပေးတာက ကျွန်တော်တို့ကို ပြည်တွင်းမှာ လှုပ်ရှားနေတဲ့ UG တွေကို တစ်လဆိုရင် ငါးသိန်းဆိုရင်ငါးသိန်း၊ ၁၀သိန်းဆို ၁၀သိန်း၊ ကျွန်တော်တို့ မိသားစုအတွက်ပါ ထောက်ပံ့ပါတယ်။ ဒါပေမယ့် သူက အဲဒါကို ကြားကဖြတ်ခုတ်ပြီးတော့ သူတို့ယူထားပါတယ်။ ပြီးတော့ ကျွန်တော်တို့ ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်နဲ့လည်း ပေးမတွေ့ပါဘူး၊ ပေးမတွေ့ဘဲ သူကြားကနေပြီးတော့ ဖြတ်ပြီးတော့စားပါတယ်။ သူပြောတာတော့ နိုင်ငံရေးလုပ်လို့ ထောင်ကျသွားတယ်ဆိုလည်း ဒီနိုင်ငံရေးလုပ်လို့ ထောင်ကျသွားတဲ့လူကိုရော၊ ထောင်ကျသွားတဲ့ မိသားစုကိုရော သူထောက်ပံ့မယ် ပြောပါတယ်။ ဒါပေမယ့် တကယ်တမ်းကျတော့ အဲဒါတွေကို သူမထောက်ပံ့



**ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။** (သတင်းစဉ်)



**ယူမီယူရီရှင်ဘွန်း သတင်းဌာနမှ ဦးကိုကို မေးမြန်းစဉ်။** (သတင်းစဉ်)



**နီပွန်တယ်လီဗေးရှင်းမှ ဒေါ်ဆင့်ဆင့်အောင် မေးမြန်းစဉ်။** (သတင်းစဉ်)



**နံနက်ခင်းသတင်းဂျာနယ်မှ ဦးဇန်ဇန် မေးမြန်းစဉ်။** (သတင်းစဉ်)

ပါဘူး။ AAPP နိုင်ငံရေးအကျဉ်းသားများ စောင့်ရှောက်ရေးအသင်းကနေပြီးတော့ သူငွေတွေယူပြီးတော့ သူ့ကိုယ်ကျိုးအတွက် သုံးစွဲတာပါ။

ပြည်သစ်ညွှန့်ဝေ(ခ)မောင်မောင်ကနေပြီးတော့ ကိုသိန်းဝင်းအိမ်ကို ဘတ်တစ်သိန်းခွဲ၊ နှစ်သိန်းဆိုပြီး လာလာပေးပါတယ်။ တစ်လဆိုရင် ဒီအထူးဆန္ဒပြပွဲတွေ ဘာတွေလုပ်မယ်ဆိုပြီးတော့ သိန်းကို အမြောက်အမြားချပေးပါတယ်။ အဲဒါတွေကိုလည်း ဒီဆန္ဒပြပွဲ သူ့ဘာသာသူလုပ်မယ်ဆိုပြီး ဒီလိုချပေးတာတွေကို တကယ်တန်းကျတော့ ဒီဆန္ဒပြပွဲမှာသုံးတာ လမ်းစရိတ်နဲ့ ငါးသောင်း တစ်သိန်းပေါ့၊ အများဆုံးသုံးရင်နှစ်သိန်းပါ၊ ဟိုကချပေးတာသိန်းရာကျော်ဆိုရင် သူက ကြားကအားလုံးကို ဖြတ်စားပါတယ်။ ဒီဓာတ်ပုံတွေရိုက်လို့ ဓာတ်ပုံတွေကို သူ့ဆီကိုပြန်ပို့ပေးခဲ့လို့ရှိရင် အဲဒီဓာတ်ပုံကို တစ်ဆင့် နိုင်ငံတကာကို ဖြန့်ပါတယ်။ ဖြန့်ပြီးတော့ အဲဒီမှာ သူထောက်ပံ့ကြေးထပ်ရပါတယ်။ ကျွန်တော်ကတော့ ဘာမှမရပါဘူး၊ သူ့ရဲ့ အသုံးချတာကို ခံနေရတာပါ၊ ကျွန်တော်နဲ့အတူ ထောင်ထဲမှာရောက်နေတဲ့ လူတွေရော ပြည်တွင်းမှာ ရှိတဲ့လူအများကြီးရှိပါတယ်၊ သူ့အသုံးချတာကို ခံနေရတဲ့လူတွေပါ၊ ကျွန်တော်တို့ ဒီလိုအသုံးချခံနေရတာ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ကို သူကခြိမ်းခြောက်ထားပါတယ်၊ ဘာခြိမ်းခြောက်လဲဆိုရင် သူအမြဲတမ်း ပြောတဲ့စကားရှိပါတယ်၊ နိုင်ငံတော်နဲ့ ပူးပေါင်းသွားတာတို့ သူခိုင်းတာမလုပ်ဘူးဆိုရင် ကျွန်တော်တို့ကို သတ်မယ်၊ ကျွန်တော်တို့ မိသားစုကိုသတ်မယ်လို့ပြောပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သူခိုင်းတဲ့အတိုင်းကို လုပ်နေရတာဖြစ်ပါတယ်။ ကျွန်တော် ၂၀၀၁ နှစ်မှာ အလုပ်လုပ်ဖို့ မဲဆောက်ကိုသွားတော့ ကိုသိန်းဝင်းနဲ့တွေ့ ပြီး သူ ခေါ်တဲ့ သူ့နေအိမ်ကို ကျွန်တော်ရောက်သွားပါတယ်၊ အဲဒီမှာ NDD အဖွဲ့ထဲကို ကျွန်တော်ဝင်ခဲ့ရတာပါ။ ပြီးတော့ ကျွန်တော်တို့ကို တစ်နှစ်လောက် သင်တန်းတွေပေးပါတယ်။ နိုင်ငံရေးအန်တုမှုသင်တန်းတို့၊ လူ့အခွင့်အရေးသင်တန်းတို့၊ UGသင်တန်းတို့၊ သင်တန်းပေးတာကတော့ ၁၀ယောက်လောက်ရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့ကို ပြည်တွင်းမှာ UGသတင်းတွေယူဖို့ ဆိုပြီးတော့ ကျွန်တော်တို့အားလုံးကို ပြည်တွင်းလွှတ်ပါတယ်။ ကျွန်တော်ကလည်း သတင်းယူဖို့ ပြည်တွင်းကိုသွားရပါတယ်။

## ဦးမြတ်ခိုင်(ကောင်းသတင်းဂျာနယ်နှင့် မဟာသတင်းဂျာနယ်)

ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ဟိုနောက်မှာထိုင်နေတဲ့ တိုက်ပိတ်(ခ) သန်းထွန်း။ ကျွန်တော် သူ့ကို ကောင်းကောင်းရင်းနှီးပါတယ်။ ရန်ကုန်မှာလည်း သူ့ကို မကြာခဏမြင်ဖူးပါတယ်။ အခု ဒီမှာရောက်နေတာ တွေ့ပါတယ်။ အဲဒီတော့ သူက သံချောင်းနဲ့ပတ်သက်လို့ သူတော်တော်လေးသိထားတယ်လို့ ကျွန်တော်တို့ကြားရပါတယ်။ သံချောင်းဟာ ကျွန်တော်တို့ဒီမှာ ဝန်ကြီးရှင်းလင်းသွားတဲ့အထဲမှာ သူဟာ စစ်ကြောရင်းနဲ့ လူတွေသတ်တာလည်း ရှိပါတယ်။ သတ်တဲ့အခါမှာလည်း သူဟာ ရက်ရက်စက်စက်သတ်တဲ့ နည်းတွေ တွေ့ပါတယ်။ အဲဒီတော့ တိုက်ပိတ်(ခ)သန်းထွန်းအနေနဲ့ သံချောင်း ဘယ်လောက်ရက်ရက်စက်စက်သတ်တယ်ဆိုတာကို ကျွန်တော်တို့ကို တရားဝင် ပြောနိုင်မလား။ အဲဒါ သိချင်ပါတယ်။ နောက် တိုက်ပိတ်(ခ)သန်းထွန်း ဒီကို ဘယ်လိုရောက်နေတာလဲ အဲဒါလေးသိချင်ပါတယ်။

## ဦးတိုက်ပိတ်(ခ)ဦးသန်းထွန်း

ဆရာမြတ်ခိုင်မေးတဲ့မေးခွန်းကို ကျွန်တော်ဖြေပါမယ်။ ကျွန်တော် ဆရာမြတ်ခိုင်ကိုလည်း ရန်ကုန်မှာ ကျွန်တော်တို့ မကြာခဏတွေ့ပါတယ်။ ဆရာမြတ်ခိုင်ပြောသလိုပဲ ကျွန်တော်တို့ဘာဖြစ်လို့ ဒီကိုရောက်သလဲဆိုတာလည်း ဒါလဲ မေးသင့်မေးထိုက်တဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ဒီ ABSDFမြောက်ပိုင်းမှာ မြင့်စိုး(ခ)သံချောင်း(ခ)စဝ်ခွန်ကျော်ရဲ့ လူမဆန်တဲ့ ရက်စက်ယုတ်မာမှုတွေကို ကျွန်တော်တို့က လွန်ခဲ့တဲ့၁၅နှစ်ကာလတုန်းက ကျွန်တော်တို့က ကိုယ်နဲ့ရင်းပြီးတော့ ကျွန်တော်ခံစားခဲ့ရတယ်။ အဲဒီလို ခံစားရခဲ့တဲ့အခါမှာ ကျွန်တော်တို့ အဲဒီလိုနေရာမျိုးတွေကိုရောက်နေတဲ့အချိန်မှာ ဒီလိုမျိုး ဘဝတူကျောင်းသားလူငယ်အချင်းချင်း လက်နက်အားကိုးနဲ့ မတရားနှိပ်စက်ညှဉ်းပန်းပြီးတော့ ကျွန်တော်တို့ကို ထောက်လှမ်းရေးတွေလို့စွပ်စွဲပြီး နည်းမျိုးစုံနဲ့ ရိုက်နှက်ဖမ်းဆီးညှဉ်းပန်းသတ်ဖြတ်ခဲ့တဲ့အကြောင်းတွေကို ကျွန်တော်တို့က ၁၅နှစ်တာကာလလုံးလုံး ကျွန်တော်တို့မဖော်ထုတ်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က မြို့ထဲ၊ ရွာထဲကို ပြန်ရောက်နေပြီ။ သံချောင်း(ခ)မြင့်စိုးကတော့ လက်နက်စွဲကိုင်ပြီးတော့ သူကတော့ တောထဲမှာ ရှိနေတုန်းပဲ။ အဲဒီတော့ ကျွန်တော်တို့က သူ့ကို ကျွန်တော်တို့ တရားစွဲလို့လည်းမရဘူး၊ ဖော်ထုတ်လုပ်လည်းမရဘူး။ မရတဲ့အတွက် ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့သလိုပဲ မြင့်စိုး(ခ) သံချောင်းကို ဒီနှစ်ဆန်းပိုင်းမှာ

စာမျက်နှာ ၆ ကော်လံ ၁ သို့



**မဟာသတင်းဂျာနယ်နှင့်ကောင်းသတင်းဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။** (သတင်းစဉ်)



**နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)မေးမြန်းစဉ်။** (သတင်းစဉ်)



**ပွင့်သတင်းဂျာနယ်မှ ဒေါက်တာတင်မောင်ထွေး မေးမြန်းစဉ်။** (သတင်းစဉ်)



**Weekly Eleven ဂျာနယ်မှ ဦးဝေဖြိုး မေးမြန်းစဉ်။** (သတင်းစဉ်)



**ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ် မေးမြန်းစဉ်။** (သတင်းစဉ်)



**မျိုးမြန်မာဂျာနယ်မှ ဦးမြတ်စိုး(လှိုင်)မေးမြန်းစဉ်။** (သတင်းစဉ်)

**စာမျက်နှာ ၅ မှ**

ဖမ်းဆီးရမိပြီဆိုတဲ့ အချိန်ကျတော့ ကျွန်တော်တို့ကို သက်ဆိုင်ရာလူကြီးတွေက လာပြီးတော့ ခေါ်တွေ့ပါတယ်။ မင်းတို့ လွန်ခဲ့တဲ့ ၁၅ နှစ်ကာလတုန်းက မင်းတို့ကို မြင့်စိုး(ခ)သံချောင်းဦးစီးတဲ့ လူတွေကနေပြီးတော့ မင်းတို့ကျောင်းသားရာပေါင်းများစွာကို ဖမ်းဆီးထိန်းသိမ်းတယ်။ သူတို့ရဲ့ ရိုက်နှက်ဖမ်းဆီးစစ်ကြောချက်တွေကြောင့် လူ ၃၀ကျော်၊ ၄၀ အသေဆိုးနဲ့သေခဲ့ရတယ်။ သံချောင်း ဖမ်းဆီးတဲ့အထဲမှာ ကျွန်တော်ကိုယ်တိုင်လည်း ပါဝင်ခဲ့ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်က ဒီအဖြစ်အမှန်တွေကို ဒီမှာတက်လာတဲ့ နိုင်ငံတကာသံတမန်တွေ၊ သတင်းစာဆရာတွေလည်း သိစေချင်သလို တိုင်းပြည်ကိုလည်း သိစေချင်လို့ ဒီမေးခွန်းကိုဖြေရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် လိုင်စင်စခန်းမှာရှိနေတဲ့အချိန်မှာ သံချောင်း(ခ)မြင့်စိုးနဲ့ အတွင်းရေးမှူး မျိုးဝင်းနဲ့ ကျွန်တော့်ကိုလာဖမ်းပါတယ်။ ဖမ်းရခြင်းအကြောင်းကလည်း ကျွန်တော်တို့ ABSDF ကချင်ကို မြောက်ပိုင်းဆိုပြီးတော့ အဆင့်မြှင့်မယ်ဆိုတဲ့အချိန်မှာ ကျွန်တော်တို့က ဒီမိုကရေစီနည်းအရဆိုပြီးတော့ မဲရွေးလိုက်တယ်။ ကျွန်တော်က မဲများနေတယ်၊ မျိုးဝင်းကမပါဘူး။ အဲဒီအခါကျတော့ ဒါဟာ မဲရလာတဲ့ သူတွေကို နေရာမဖယ်ပေးချင်တဲ့အခါကျတော့ သိမ်းကြုံးပြီးဖမ်းတော့ ကျွန်တော် အရင်ဆုံး စအဖမ်းခံရပါတယ်။ အဲဒီမှာ ကျွန်တော့်ကို စပြီးခေါ်ခေါ်ခြင်း မျိုးဝင်းက ထိုးတယ်၊ သံချောင်းက ထိုးတယ်၊ ထိုးပြီးတော့ ကျွန်တော် လဲကျတဲ့အချိန်မှာ သံချောင်းက ကျွန်တော့်မျက်နှာကို ဖိနပ်နဲ့ကန်တယ်၊ နဖူးမှာဒဏ်ရာရှိပါတယ်၊ ဒီမှာကြည့်ပါ။ ပြီးတော့ ကျွန်တော့်ကို အချုပ်ခန်းထဲမှာထားတယ်။ ထားတဲ့အချိန်မှာ ကျွန်တော့်ကို အမြဲတမ်းခေါ်ထုတ်ပြီးတော့ မင်းဟာ တပ်မတော်ထောက်လှမ်းရေးက ဗိုလ်ကြီးအဆင့်ရှိတဲ့ အကောင်၊ မင်းကို ငါတို့သိတယ်။ မင်းဖော်ဆိုပြီးတော့ ကျွန်တော့်ကို ညပေါင်းများစွာ၊ ရက်ပေါင်းများစွာ သူတို့နှိပ်စက်ညှဉ်းပန်းပါတယ်။ ကျွန်တော်က အကျိုးအကြောင်းကိုမဟုတ်ကြောင်း ကျွန်တော် အမျိုးမျိုးပြောဆိုပါသော်လည်းပဲ လက်မခံပါဘူး။ လက်မခံဘဲနဲ့ ကျွန်တော့်ကိုရိုက်တယ်၊ ထိုးတယ်၊ ထင်းစတွေနဲ့ရိုက်တယ်၊ ပြီးလို့ရှိရင် ကျဉ်စက်နဲ့တို့တယ်။ လက်ချောင်းထဲကို ကျည်ဆန်တွေထည့်ပြီး ညှစ်တယ်။ အဲဒီလိုတွေလည်းလုပ်တယ်။ လုပ်ပြီးတော့ သူတို့ အဲဒီလိုလုပ်တဲ့အချိန်မှာ နောက်တစ်ခါ ဦးစီးလွှမ်းမိုးကို ထပ်ဖမ်းတယ်။ ဒါပေမယ့် နေရာတော့ခွဲထားတယ်။ တစ်ညမှာကျတော့ ဦးစီးလွှမ်းမိုးကို သူကခေါ်လာပြီးတော့ မျိုးဝင်းရဲ့တဲမှာ ဦးစီးလွှမ်းမိုးက ဒီဘက်မှာကြိုးတုပ်ပြီးထိုင်နေတယ်၊ ကျွန်တော်က သူ့ဘေးမှာ ကြိုးတုပ်ပြီးထိုင်ရတယ်။ ထိုင်ပြီးတော့ လွှမ်းမိုးကို ထပ်စစ်တာ။ စစ်ပြီးတဲ့အချိန်မှာ လွှမ်းမိုး မဟုတ်ကြောင်း ငြင်းတဲ့အခါကျတော့ သံချောင်းက M-20ပစ္စတိုနဲ့ လွှမ်းမိုးရဲ့ ပခုံးအောက်နားနေရာကို တေ့ပြီးပစ်တယ်။ ပစ်တော့ လွှမ်းမိုးက လဲကျသွားတယ်။ လဲကျသွားပေမယ့် လွှမ်းမိုးက ဒဏ်ရာကြီးနဲ့အော်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်ကို အချုပ်ခန်းထဲပြန်ထည့်ထားတယ်။ လွှမ်းမိုးဟာ နောက်ထပ်သုံးရက်လောက်အကြာမှာ နေ့လယ်ပိုင်းမှာ ကျွန်တော့်ကို နံနက်၁၁နာရီလောက်မှာ ကျွန်တော့်ကိုလည်း လက်ပြန်ကြိုးတုပ်ပြီး သံကြိုးတွေနဲ့ချည်ပြီး ထုတ်လာတယ်။ လွှမ်းမိုးကိုလည်းချည်ပြီး ထုတ်လာတယ်။ ထုတ်လာပြီး စစ်ရေးပြကွင်းမှာ မတ်တတ်ရပ်ခိုင်းထားတယ်။ မတ်တတ်ရပ်ခိုင်းထားပြီးတော့ ဒီဌာနချုပ် အင်အားအကုန်လုံးကိုတန်းစီခိုင်းလိုက်တယ်။ ပြီးတော့ လွှမ်းမိုးကို မြင့်စိုး(ခေါ်)သံချောင်းက အဲဒီအချိန်မှာ မေးပါတယ်။ မင်းဟာ တပ်ဖွဲ့ပိုင်ငွေတွေနဲ့ မိန်းမတွေနဲ့ လျှောက်ပျော်ပါးတယ်တဲ့၊ အမေအဖေတွေလည်း ပိုက်ဆံပို့တယ်၊ ဘာညာဆိုပြီးတော့ ဦးစီးလွှမ်းမိုးကိုပြောပါတယ်။ စွပ်စွဲချက်တွေကတော့များတယ်၊ ဒါပေမယ့် လွှမ်းမိုးကတော့ မဟုတ်ကြောင်းငြင်းတယ်၊ ဒါပေမယ့်လို့သူက ဒဏ်ရာကြီးနဲ့ အဲဒီအချိန်မှာ ဒဏ်ရာလည်းဖြစ်နေတယ်၊ အဲဒီအချိန်မှာ ကျွန်တော်အယူခံ တင်ပါရစေဆိုတော့ မင်းဘာမှတင်စရာမလိုဘူးတဲ့၊ ဒါဟာ တရားရုံးရှိတဲ့ အရပ်မဟုတ်ဘူး၊ အဲဒီတော့ မင်းအကောင်းဆုံးကတော့ ဘာဆုတောင်းမလဲ၊ ဘာမှာချင်သလဲပဲပြောဆိုတော့ လွှမ်းမိုးကအဲဒါဆိုရင်လည်း ကျွန်တော့်အမေကို ပြောပေးပါ၊ ကျွန်တော်တော့သေပြီလို့ ပြောလိုက်ပါလို့ ပြောတဲ့အချိန်မှာ သံချောင်းကိုယ်တိုင်ပဲ M-20 ပစ္စတိုနဲ့ လွှမ်းမိုးနားထင်ကို တေ့ပြီးတော့ပစ်တယ်၊ ကျွန်တော့်ဘေးမှာပစ်လိုက်တော့ လွှမ်းမိုးက နေရာမှာတင် On the Sport သေသွားတယ်။ အဲဒီတော့ အလောင်းကိုသွားမြှုပ်မနေနဲ့တဲ့၊ ရှုပ်တယ်တဲ့၊ အဲဒီမှာ တူးပြီးမြှုပ်လိုက်တဲ့၊ ဘော်လီဘောကွင်းလုပ်လိုက်လို့ သံချောင်းကပြောပါတယ်၊ ဒါကျွန်တော့်ရှေ့မှာ သတ်ဖြတ်ခဲ့တဲ့ကိစ္စ။ ကျွန်တော်တို့ကိုလည်း ညှဉ်းဆဲတဲ့ကိစ္စ၊ ဒီကလူငယ်တွေလည်း အကုန်လုံး ဒဏ်ရာတွေနဲ့ ညှဉ်းဆဲခံထားရတယ်၊ အဲဒီမှာ ထပ်ပြီးတော့ အောင်ကျော်ဆိုတာ ရန်ကုန်က ကျောင်းသားတစ်ယောက်ပါ၊ အောင်ကျော်ကိုလည်း အဲဒီလိုပဲဖမ်းပြီးတော့ ရိုက်ရင်းနှက်ရင်း ညှဉ်းပန်းနှိပ်စက်ရင်းနဲ့ အောင်ကျော်ဟာ နောက်ဆုံး KIA စစ်ဆေးရုံမှာ အသေဆိုးနဲ့သေသွားတယ်။ ဘာမှအပြစ်မရှိဘဲနဲ့ ဒီကောင်တွေ အချင်းချင်း အာဏာလုတဲ့ဟာကြောင့် ကျွန်တော်တို့လူငယ်တွေအများကြီးပဲ ဆုံးရှုံးခဲ့ပါတယ်၊ ဒါဟာတကယ်အဖြစ်မှန်တွေပါ၊ ဒါဟာ ၁၅နှစ်ရှိသွားပါပြီ၊

# ရန်ကုန်မြို့ ဗုံးဖောက်ခွဲမှုကို NDD အတွင်းရေးမှူး ကိုသိန်းဝင်းလုပ်တာဖြစ် သံချောင်းတကယ်နှိပ်စက်မစက်ဆိုတာကတော့ အဖမ်းခံရတဲ့သူတိုင်း ကိုယ်တွေ့ကြုံတွေ့ခဲ့ရ

အခုဥပဒေရဲ့အရိပ်အာဝါသထဲကိုရောက်လို့ ကျွန်တော်တို့က ဒီကိစ္စကို ကျွန်တော်တို့ဖော်ထုတ်တာပါ၊ ကျွန်တော်တို့အပြစ်မရှိဘဲနဲ့ သေခဲ့တဲ့လူငယ်အများကြီးရဲ့အသက်တွေ၊ အရိုးတွေကနေပြီး ကျွန်တော်တို့လို ရှိနေဆဲအသက်ရှင် ကျန်ရစ်ခဲ့တဲ့လူတွေကို တောင်းဆိုလို့ ခုနဆရာမြတ်ခိုင် မေးသလိုပဲခင်ဗျား ဒီနေရာကိုဘာဖြစ်လို့ရောက်လာသလဲဆိုတာကို ကျွန်တော် အမှန်တရားအတွက် ကျွန်တော်ရောက်လာတာပါ။

## ဦးမြတ်ခိုင် (ကောင်းသတင်းဂျာနယ်)

နောက်မေးခွန်းတစ်ခုကတော့ ကျွန်တော် ဟိုဘက်မှာထိုင်နေတဲ့ လက်နက်ချအလင်းဝင်တဲ့ဆရာနှစ်ယောက်ကို မေးလိုပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ သံချောင်းနဲ့အတူ ဒီဘက်ကိုထွက်လာတဲ့အခါကျတော့ ငွေစက္ကူအတုတွေပါလာတယ်လို့ ပြီးခဲ့တဲ့သတင်းစာရှင်းလင်းပွဲမှာ သိရပါတယ်။ နောက်တစ်ခါ မူးယစ်ဆေးဝါးတွေပါလာတယ်လို့ သိရပါတယ်။ အဲဒီ ငွေစက္ကူအတုတွေ၊ မူးယစ်ဆေးဝါးတွေဟာ ဘယ်အချိန်၊ ဘယ်ကာလကတည်းက သံချောင်းဟာ ဘယ်ကနေယူပြီးတော့ ဘယ်ကိုသယ်နေတာလဲ။ ဘယ်လိုအသုံးချမလဲဆိုတာ သိလိုပါတယ်။

## ကိုကျော်မျိုး

ကျွန်တော့်နာမည်ကျော်မျိုးလို့ခေါ်ပါတယ်။ ကိုသံချောင်း တကယ်နှိပ်စက်မစက်ဆိုတာတော့ ကျွန်တော်ကိုယ်တွေ့ကြုံလို့သိခဲ့ရပါတယ်။ ကျွန်တော့်လိုပဲ အဖမ်းခံရတဲ့လူတိုင်းလည်း ကိုယ်တွေ့ကြုံခဲ့ရတဲ့ လူတွေချည်းပဲဖြစ်ပါတယ်။ ညှဉ်းဆဲမခံခဲ့ရတဲ့သူတွေရယ်လို့ တစ်ယောက်မှ မရှိပါဘူး။ လက်လွန်ခြေလွန်ဖြစ်ပြီးသေတဲ့လူတွေအများဆုံးရှိပါတယ်။ သူ့ရဲ့လက်ကိုင်တုတ်တော်တော်များများကလည်း ပက်ပက်စက်စက် နှိပ်စက်တယ်။ ဘယ်လိုနှိပ်စက်သလဲဆိုရင် ခြေထောက်ကို သံကြိုးတုပ်၊ လက်ကို နောက်ပြန်ကြိုးတုပ် တိုင်ငုတ်မှာရိုက်ပြီးတော့ သေသေချာချာ စိမ်ပြေနပြေနှိပ်စက်ခဲ့တယ်။ ကျွန်တော်ရဲ့ ခြေထောက်ဆိုလို့ရှိရင် နှစ်ဖက်စလုံးဟာ ဘောင်းဘီတောင်ဆွဲတင်လို့ အပေါ်မတက်တဲ့အထိ ရောင်ကိုင်းခဲ့ရတယ်။ အဲဒီလိုနှိပ်စက်ခံရတဲ့ အပြင်ကို မကျေနပ်လို့ဆိုပြီး ကျဉ်စက်နဲ့လည်း တို့ခဲ့ပါသေးတယ်။ အလူးအလဲခံခဲ့ရတဲ့ အချိန်မှာ ဘာထပ်လုပ်သလဲဆိုတော့ မကျေနပ်လို့ဆိုပြီးရင်ဘတ်ကိုလည်း လေး၊ ငါးချက်လောက်ဆောင့်ကန်တယ်၊ မျက်နှာကိုလည်းဆောင့်ကန်တယ်။ အဲဒါတင်မကသေးပါဘူး မကျေနပ်လို့ဆိုပြီးတော့ ထပ်ပြီးတော့ ကျွန်တော့်ရင်ဘတ်ကို ဓားနဲ့မွှန်းခဲ့ပါတယ်။ သူကတော့ပြောတာပေါ့၊ လက်ဖျားနဲ့ မထိဘူးလို့ပြောတယ်။ မှန်ပါတယ်။ ကျွန်တော့်ရင်ဘတ်ကို လက်ဖျားနဲ့တောင် မတို့ခဲ့ဘူး။ ဒါပေမယ့် ဓားနဲ့တော့ သေသေချာချာ လှီးခဲ့တယ်။ လူကြီးမင်းတို့ ကြည့်မယ်ဆိုရင်လည်း ကျွန်တော့် အင်္ကျီကိုချွတ်ပြပါမယ်။ ကျွန်တော့်ရင်ဘတ်က ဒဏ်ရာတွေက သူအကုန်လုံး လှီးထားတဲ့ဒဏ်ရာတွေပါပဲ။ ကျွန်တော့်ကို နှိပ်စက်ခဲ့တာဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကို ကိုယ်တိုင် နှိပ်စက်ခဲ့ဖူးတဲ့လူတစ်ယောက် အခုကျွန်တော်တို့ထဲမှာ ပါပါတယ်။ သူက ကိုဇော်ဇော်မင်းပါ။ ကျွန်တော်ပြောချင်တာကတော့ ဒီလောက်ပဲရှိပါတယ်ခင်ဗျာ။ တကယ်နှိပ်စက်ခဲ့လို့၊ တကယ်ခံစားခဲ့ရသူတွေလည်း အကုန်လုံးပြောပြနိုင်ပါတယ်။

## ဦးဇန်ဇန်(ခ)ဦးခင်မောင်သန်း (နံနက်ခင်းသတင်းဂျာနယ်)

ABSDFအဖွဲ့ဝင်တွေ မဟုတ်ဘဲနဲ့ တခြားလူထုကို နှိပ်စက်တာမျိုးရောရှိသလား။

## ကိုကျော်မျိုး

အဲဒီဥစ္စာကို ကျွန်တော်တော့မသိဘူးခင်ဗျာ။ ကျွန်တော်က အဖွဲ့ဝင်ထဲမှာပဲဆိုတော့ ကျွန်တော့်လိုပဲ လူတိုင်းနှိပ်စက်ခံခဲ့ရတာတော့ တကယ်မျက်မြင်လက်တွေ့လည်း တွေ့ခဲ့ရတယ်။ နောက်ပိတ်ဆုံး မကြည့်ရက်လို့ မကြည့်ခဲ့တာပဲရှိတယ်။ လူထုကို နှိပ်စက်တာမျိုး ရှိ၊ မရှိဆိုတာတော့ ကျွန်တော်က အပေါ်တပ်ရင်းလိုင်စင်မှာပဲ နေရတဲ့အခါကျတော့ အပြင်ကိုမရောက်ခဲ့ဘူး။ အပြင်မှာ လူထုကို နှိပ်စက်၊ မစက်တော့ ကျွန်တော်မသိခဲ့ဘူးခင်ဗျာ။

## ဦးဇန်ဇန်(ခ)ဦးခင်မောင်သန်း (နံနက်ခင်းသတင်းဂျာနယ်)

သိတဲ့လူတွေများ ရှိလားမသိဘူး။



**ABSDFအဖွဲ့ဝင်အချင်းချင်း သတ်ဖြတ်ညှဉ်းဆဲနေမှုနှင့် စပ်လျဉ်း၍ ဦးဌေးဝင်း(ခ)နိုင်လင်း ဖြေကြားစဉ်။** (သတင်းစဉ်)



**သံချောင်း၏ အနှိပ်စက်ခံခဲ့ရသူ အရပ်သား ဦးကျော်သိန်း ဖြေကြားစဉ်။** (သတင်းစဉ်)



**ABSDF တပ်ဖွဲ့ဝင်ဟောင်း ကိုဇော်ဇော်မင်း ဖြေကြားစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့ နေရာသုံးနေရာတွင် ဗုံးဖောက်ခွဲမှုနှင့်ပတ်သက်၍ အောင်ချိုဦး(ခ) အောင်သန်း(ခ) ယူနွတ်ဖြေကြားစဉ်။**(သတင်းစဉ်)

## SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁)မှတပ်ကြပ်အဆင့်ရှိခိုင်ဝင်း

ကျွန်တော်က တပ်မဟာ(၂၄၁)က တပ်ကြပ်ခိုင်ဝင်းပါ။ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးပြားရယ်၊ ဘိန်းစိမ်းရယ်၊ ငွေစက္ကူအတုရယ် ဘယ်ကလာသလဲ၊ ဘယ်ကိုသွားသလဲ၊ ဘာတွေသုံးသလဲဆိုတဲ့ဥစ္စာ ပထမအကြိမ် (၁/၂၀၀၆) သတင်းစာရှင်းလင်းပွဲမှာတုန်းကလည်း ကျွန်တော်အကျယ်တဝင့် တစ်ခါရှင်းပြပြီးပါပြီ။ ဒါတွေဟာ ကျွန်တော်တို့ ဗဟိုဌာနချုပ်ကနေစပြီးမှ စစ်ကြောင်းထွက်တော့မယ်ဆိုကတည်းက ဗဟိုဌာနချုပ်ကနေ ဦးသံချောင်းကို ထုတ်ပေးလိုက်တာဖြစ်ပါတယ်။ ငွေစက္ကူအတုနဲ့ စိတ်ကြွဆေးပြားတွေကို ဦးသံချောင်းက ထိန်းသိမ်းပါတယ်။ ဘိန်းစိမ်းကိုတော့ ကျွန်တော့်ရှေ့ကရှိတဲ့ ဗိုလ်ကြီးစိုင်းဘုန်းက သယ်ဆောင်တာဖြစ်ပါတယ်။ ဒါတွေဟာ တကယ်တမ်း ဘယ်ကနေထွက်လာသလဲ၊ ဘယ်ကနေရလာတာလဲဆိုတာကတော့ ဗဟိုဌာနချုပ်က ထုတ်ပေးလိုက်တဲ့ ဦးရွက်ဆစ်တို့ပဲ အတိအကျနေရာကိုတော့ သူတို့ပဲ သိပါလိမ့်မယ်။ နောက်အသုံးပြုပုံကတော့ လမ်းခရီးမှာရှိတဲ့ ဝန်ထမ်းတွေကို ကျွေးတယ်။ နောက်စိတ်ကြွဆေးပြားတွေကို ကျွန်တော်တို့ ရဲဘော်တွေကို ခရီးပန်းလွန်းတဲ့အခါမှာ၊ ညခရီးချီတက်တဲ့အခါမှာ ဦးသံချောင်းက တိုက်ကျွေးတယ်။ တခြားအကျယ်တဝင့်ကတော့ ကျွန်တော်(၁/၂၀၀၆)သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြပြီးပါပြီ။



**အမျိုးသမီးများ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းခံရမှုနှင့် စပ်လျဉ်း၍ ကိုမြင့်သိန်း ဖြေကြားစဉ်။** (သတင်းစဉ်)



**ABSDF မှ သံချောင်းကရင်ဘတ်တွင် ဓားဖြင့်မွှန်းခဲ့သည့် ဒဏ်ရာများကို ကိုကျော်မျိုးက ပြသနေစဉ်။** (သတင်းစဉ်)



**SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)မှ တပ်ကြပ်အဆင့်ရှိ ခိုင်ဝင်း ဖြေကြားစဉ်။** (သတင်းစဉ်)



**ခါးသီးသည့် အတွေ့အကြုံနှင့် စပ်လျဉ်း၍ ဦးကံမြင့်ဦး ဖြေကြားစဉ်။** (သတင်းစဉ်)

## ဦးအောင်သူမြိုင် (ဂျီဂျီသတင်းဌာန)

ခုနက ကိုတိုက်ပိတ် ပြောသွားသလို ABSDF က လူ ၁၀၀ကျော်လောက် ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခံရတဲ့အထဲမှာ အခုလက်ရှိ ကျွန်တော်တို့ ကိုတိုက်ပိတ်နဲ့အတူထိုင်နေတဲ့ အဖွဲ့ဝင်တွေထဲကရော အနှိပ်စက်ခံရတဲ့အတွေ့အကြုံလေးတွေ ရှင်းပြပေးနိုင်မယ်ဆိုရင် ကိုယ်တွေ့အနှိပ်စက်ခံရတာတွေ အဲဒါလေးတွေပြောပြပေးပါ။

## ဦးကျော်သိန်း (အရပ်သား သားရေရောင်းသူ)

ဟုတ်ကဲ့ ရှိပါတယ်။ ကျွန်တော်သာမန်အရပ်သားပါ။ ကျွန်တော်လုပ်တဲ့အလုပ်က သားရေရောင်းပါတယ်။ လွယ်ဂျာကို သားရေအရောင်းတက်ရင်း စိန်လွန် အလွန်မှာ ကျွန်တော့်ကိုဖမ်းဆီးပြီး ရဲဘော်အဖြစ်သူတို့ သိမ်းသွင်းပါတယ်။ ကျွန်တော့်နာမည်က ကျော်သိန်းပါ။ အဲဒီမှာ ကျွန်တော့်ကို ကြိုးနဲ့တုပ်ပြီး ခေါ်သွားပါတယ်။ ရဲဘော်အဖြစ် သိမ်းသွင်းပါတယ်။ ကျွန်တော်က မလုပ်ချင်ဘူးလို့ပြောတော့ မင်းကဒါဆိုရင် တပ်မတော်ကလွှတ်တဲ့ ထောက်လှမ်းရေးဖြစ်ရမယ်ဆိုပြီး ထောက်လှမ်းရေးစွပ်စွဲချက်နဲ့ ကျွန်တော့်ကို နည်းမျိုးစုံနဲ့ နှိပ်စက်ပါတယ်။ တစ်လကျော်တော့ သူတို့ဗဟိုစခန်းပို့ခါနီးမှာ ဦးအောင်ကို ဆိုတဲ့လူတစ်ယောက်ကို သေနတ်နဲ့ ပစ်သတ်သွားပါတယ်။

## ဒေါ်ဆင့်ဆင့်အောင် (နီပွန်တယ်လီဖေးရှင်း)

ကျွန်မမေးချင်တာကတော့ ကိုတိုက်ပိတ်တို့အဖွဲ့ထဲက ကိုတိုက်ပိတ်ဖြစ်ဖြစ် တစ်ယောက်ယောက်ဖြစ်ဖြစ် ဖြေပေးပါ။ အခုလို ခါးသီးတဲ့ အတွေ့အကြုံနဲ့ ပတ်သက်ပြီးတော့ နောင်ကို လူငယ်တွေအခုလိုမဖြစ်အောင် ဘာများပြောချင်ပါသလဲရှင်။

***စာမျက်နှာ ၁၃ ကော်လံ ၃ သို့***

# ABSDF တပ်ဖွဲ့များဟာ နိုင်ငံတော်ကို လက်နက်ကိုင်လမ်းစဉ်နဲ့ဆန့်ကျင်တိုက်ခိုက်ခဲ့ကြ ဗဟိုဌာနခွဲ၊ ဗဟိုလုံခြုံရေးတပ်နဲ့ တပ်ရင်း(၉)ဆိုပြီး ဖွဲ့ထားပေမယ့် အင်အား၂၆၀ခန့်သာရှိ

❐ ရှေ့ဖုံးမှ

**သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပသတင်းစာဆရာကြီးများနှင့် ဂျာနယ်မဂ္ဂဇင်းများမှ သတင်းတာဝန်ခံများခင်ဗျား–**

ယနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ထဲကို ဝင်ရောက်လာတဲ့ SSA(တောင်ပိုင်း) သောင်းကျန်းသူ တပ်မဟာ(၂၄၁)ကို ဒေသခံတိုင်းရင်းသား ပြည်သူတွေက လုံးဝလက်မခံဘဲ ဆန့်ကျင်မှုကြောင့် အဖမ်းခံခဲ့ရတဲ့ တပ်မဟာမှူးအဆင့်ရှိသူ သံချောင်း(ခေါ်) စဝ်ခွန်ကျော်ရဲ့ ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့တဲ့ ရာဇဝတ်မှုများနဲ့စပ်လျဉ်း၍လည်းကောင်း၊ အလားတူပဲ ABSDF သောင်းကျန်းသူအဖွဲ့က နိုင်ငံနဲ့ ပြည်သူလူထုအပေါ် အကြံပက်စက်စွာ ကျူးလွန်ခဲ့တဲ့ အကြမ်းဖက် အဖျက်လုပ်ရပ်များနဲ့ စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၁၇ရက်နေ့က ဒီလားရှိုးမြို့မှာပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ သံချောင်း(ခေါ်)စဝ်ခွန်ကျော်ဦးစီး SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ သောင်းကျန်းသူများဟာ ဒေသခံပြည်သူများရဲ့ထောက်ခံမှု မရရှိတဲ့အတွက် ပြိုကွဲပြီး အချို့အလင်းဝင်၊ အချို့ဖမ်းဆီးရမိတဲ့ အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ သတင်းစာဆရာကြီးများ မေးလိုတာများ မေးမြန်းနိုင်အောင်လည်း အလင်းဝင်နဲ့ ဖမ်းဆီးရမိသူတချို့ကို တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့ပါတယ်။

## ရှင်းလင်းဖြေကြားခဲ့

အဲဒီ သတင်းစာရှင်းလင်းပွဲမှာ သတင်းစာဆရာတစ်ဦးက SSA (တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်မဟာမှူး သံချောင်းကို မတွေ့ရတာ ဘာ့ကြောင့်ပါလဲလို့ မေးမြန်းခဲ့ပါတယ်။ အဲ့ဒီမေးမြန်းချက်ကို ကျွန်တော်ကိုယ်တိုင် ပြန်လည်ဖြေကြားခဲ့ရာမှာ သံချောင်းကို ဒီမှာခေါ်မထားတာကတော့ စစ်ဆေးမှုတွေနဲ့ထွက်ဆိုချက်တွေအရ သံချောင်းဟာ ရာဇဝတ်ပြစ်မှု တော်တော်များများကို ကျူးလွန်ထားသူဖြစ်ကြောင်း၊ အကြမ်းဖက်အဖျက်သမားဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးနဲ့လည်း ပတ်သက်နေကြောင်း၊ အဲ့ဒီအကြောင်းတွေကြောင့် သံချောင်းကို အများရှေ့မှာ ထုတ်ပြပေးဖို့အတွက် လုံခြုံရေးတာဝန်အများကြီးရှိကြောင်း၊ သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများအနေနဲ့ သံချောင်းကို ကိုယ်တိုင်ကိုယ်ကျ ကြည့်ချင်တွေ့ချင်ကြတယ်ဆိုရင် ထောင်ဝင်စာပြုလုပ်ပြီး ပြသပေးလို့ရပါကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။

အခုအခါမှာ အဲဒီ သံချောင်း(ခေါ်)စဝ်ခွန်ကျော် ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များ၊ ရာဇဝတ်မှုများကို ဆက်စပ်ဖော်ထုတ်စစ်ဆေးရရှိပြီးဖြစ်တဲ့အတွက် ဆက်လက်ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ဗကပရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ဖြုတ်ထုတ်သတ် လုပ်နည်းလုပ်ဟန်တွေနဲ့ ၁၉၈၈အရေးအခင်းရဲ့ မင်းမဲ့စရိုက်အကြမ်းဖက်မှုတွေ သက်ဝင်နေတဲ့ ABSDF အဖွဲ့ဟာလည်း မြန်မာနိုင်ငံနဲ့ တိုင်းရင်းသား ပြည်သူတွေအပေါ်မှာ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ကမ်းကုန်အောင် ရက်ရက်စက်စက် လက်ရဲဇက်ရဲကျူးလွန်ခဲ့တဲ့အဖွဲ့ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။

## ပံ့ပိုးမှုပေးကာမြှောက်ပင့်ပေး

ဒီနေရာမှာ ဖြစ်စဉ်ဖြစ်ရပ်အားလုံးကို လိပ်ပတ်လည်အောင် တင်ပြနိုင်မှ ဇာတ်ရည်လည်မှာ ဖြစ်တာမို့ ABSDF အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ပေါ်ပေါက်လာပုံ၊ ၎င်းအဖွဲ့နဲ့ ဆက်စပ်ပတ်သက်နေတဲ့ အခြားအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ၊ ၎င်းအဖွဲ့နဲ့ ဆက်စပ်ပတ်သက်နေတဲ့ အချို့သော နိုင်ငံရေးပါတီတွေ၊ ၎င်းအဖွဲ့ကို ပံ့ပိုးမှုပေးကာ မြှောက်ပင့်ပေးနေတဲ့ ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေနဲ့ ၎င်းတို့ရဲ့ ဆက်သွယ်ဆက်ဆံဆောင်ရွက်နေပုံတွေကိုပါ ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

အဲ့ဒီကိစ္စနဲ့စပ်လျဉ်းပြီး **ABSDF သောင်းကျန်းသူအဖွဲ့ စတင်ဖွဲ့စည်းပေါ်ပေါက်လာပုံကို ရှင်းလင်းပြောကြားရရင် ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်းမှာ မင်းကိုနိုင်၊ ကိုကိုကြီးနဲ့ မိုးသီးဇွန်တို့ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂအဖွဲ့ချုပ်(ဗကသ)(All Burma Federation of Student Union-ABFSU)ဟာ အရေးအခင်းကာလနောက်ပိုင်းမှာ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် တစ်ဝက်တစ်ပျက်မြေအောက် UG လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်၊ တရားဝင် နိုင်ငံရေးပါတီများ ဖွဲ့စည်းလှုပ်ရှားရန်နဲ့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ရန်ဆိုတဲ့ မဟာဗျူဟာ(၃)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။**

**အဲ့ဒီမဟာဗျူဟာများအရ ၁၉၈၈ခုနှစ် နိုဝင်ဘာလ ၅ရက်က နယ်စပ်ဒေသရှိ သောင်းကျန်းသူများရဲ့ ဝမ်ခစခန်းမှာ ပြုလုပ်ခဲ့တဲ့ကွန်ဖရင့်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (All Burma Students Democratic Front-ABSDF)ကို ဖွဲ့စည်းခဲ့ပါတယ်။** ABSDF ရဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အဖွဲ့ဝင်(၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ရာမှာ ထွန်းအောင်ကျော်(ခေါ်)ဘဲဖြူက ဥက္ကဋ္ဌ၊ ဝင်းမိုးက ဒုတိယဥက္ကဋ္ဌနဲ့ သန်းဝင်းက အထွေထွေအတွင်းရေးမှူး ဖြစ်ပါတယ်။ **ဒီအဖွဲ့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရကို အကြမ်းဖက်နည်းအပါအဝင် လက်နက်ကိုင် ဆန့်ကျင်တိုက်ခိုက်ရန်၊ ပြည်တွင်းရှိ NLD အပါအဝင် အခြားသောနိုင်ငံရေးပါတီများ၊ ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့များ၊ အခြားသောင်းကျန်းသူများနဲ့ ဟန်ချက်ညီတိုက်ပွဲဝင်သွားရန် ဟူ၍ ဖြစ်ပါတယ်။**

## တပ်ဖွဲ့များဖွဲ့စည်းခဲ့

၁၉၈၉ခုနှစ် ဇန်နဝါရီ ၁ရက်နေ့မှာပြုလုပ်တဲ့ ABSDF အရေးပေါ်အစည်းအဝေးမှာတော့ ABSDF တပ်ရင်းတွေကို သတ်မှတ်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ ABSDF တပ်ရင်းတွေကတော့ မွန်ပြည်နယ် နယ်စပ်မှာ တပ်ရင်း(၁၀၁)၊ (၁၀၂)၊ ကရင်ပြည်နယ် နယ်စပ်မှာ တပ်ရင်း (၂၀၁)မှ(၂၁၁)အထိ၊ ကယားပြည်နယ် နယ်စပ်မှာ တပ်ရင်း(၃၀၃)၊ ရှမ်းပြည်နယ်အတွင်းမှာ တပ်ရင်း(၄၀၁)နဲ့ တပ်ရင်း(၈၀၁)၊ ကချင်ပြည်နယ် နယ်စပ်မှာ တပ်ရင်း(၇၀၁) စသည်တို့ဖြစ်ပြီး စစ်ကိုင်းတိုင်းနယ်စပ်ရောက်သူတွေကလည်း တပ်ဖွဲ့များဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ ABSDF တပ်ရင်းပေါင်း(၁၉)ရင်းနဲ့ စစ်ကိုင်းတိုင်း နယ်စပ်ရောက် ABSDF တပ်ဖွဲ့များဟာ နိုင်ငံတော်ကို လက်နက်ကိုင်လမ်းစဉ်နဲ့ ဆန့်ကျင်တိုက်ခိုက်ခဲ့ကြပါတယ်။

ကချင်ပြည်နယ် နယ်စပ်ကို ရောက်ရှိခဲ့သူတွေဟာ လိုင်စင်စခန်းမှာ ယာယီအုပ်ချုပ်မှုကော်မတီ စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းမှာ ABSDF (ကချင်)ကို ဖွဲ့စည်းခဲ့ပါတယ်။ ဗဟိုဦးစီးအဖွဲ့နာယကအဖြစ် လွှမ်းမိုး (မိုးကောင်း) အပါအဝင်သုံးဦးက ဆောင်ရွက်ပြီး ဗဟိုကော်မတီမှာ ဥက္ကဋ္ဌ ကျော်ကျော်နဲ့ အတွင်းရေးမှူး မျိုးဝင်း(မိုးညှင်း)တို့ ပါဝင်ခဲ့ပါတယ်။ စစ်ရေးတာဝန်ခံအဖြစ် သံချောင်း(ခေါ်)မြင့်စိုးက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ABSDF တပ်ရင်း(၇၀၁)ကို ဖွဲ့စည်းခဲ့ပါတယ်။

စစ်ကိုင်းတိုင်းနယ်စပ်သို့ တမူးလမ်းကြောင်းမှ တိမ်းရှောင်ခဲ့ကြသူတွေကတော့ လိုင်ခူးမှာ ABSDF စခန်းဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၉ခုနှစ် ဇန်နဝါရီလအထိ လိုင်ခူးစခန်းကို အင်အား၁၅၀ခန့် ရောက်ရှိခဲ့ပြီး ဦးစီးအဖွဲ့များနဲ့ တပ်ဖွဲ့များ ဖွဲ့စည်းခဲ့ပါတယ်။

နောက်ပိုင်းမှာတော့ ကရင်ပြည်နယ် နယ်စပ်မှာရှိတဲ့ ABSDF (ဗဟို)အဖွဲ့အတွင်း အကွဲကွဲအပြားပြားဖြစ်နေလို့ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလမှာ

## ABSDF အဖွဲ့ဟာ အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းဖွဲ့စည်းထား မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်လို့ခေါ်တဲ့ DAB အဖွဲ့မှာလည်းပါဝင်

အရေးပေါ်အစည်းအဝေးကျင်းပပြီး ထွန်းအောင်ကျော်(ခေါ်)ဘဲဖြူက ဥက္ကဋ္ဌ၊ နိုင်အောင်က ဒုတိယဥက္ကဋ္ဌ၊ သန်းဝင်းက အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အခုအခါမှာတော့ ABSDF ဗဟိုမှာ ဥက္ကဋ္ဌသံခဲ၊ ဒုဥက္ကဋ္ဌ မျိုးဝင်း၊ အထွေထွေအတွင်းရေးမှူးကျော်ကို၊ အတွင်းရေးမှူး(၁) ဆလိုင်းယောအောင်၊ အတွင်းရေးမှူး(၂) ဆန်နီတို့ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီမှာ လွှမ်းဏီ၊ ကျော်သူရတို့ပါဝင်ပြီး အခြားအမှုဆောင်ကော်မတီဝင်တွေနဲ့ ဆောင်ရွက်နေပါတယ်။ ABSDF ဌာနချုပ်လက်အောက်မှာ ဗဟိုဌာနခွဲ၊ ဗဟိုလုံခြုံရေးတပ်နဲ့ တပ်ရင်းကိုးရင်းဆိုပြီး ဖွဲ့ထားပေမယ့် အင်အား၂၆၀ခန့်သာ ရှိပါတော့တယ်။

## ခင်းကျင်းပြသထား

ဒါ့အပြင် ABSDF ဗဟိုလက်အောက်မှာ ABSDF(အနောက်ပိုင်း)နဲ့ ABSDF(မြောက်ပိုင်း) ရယ်လို့ ဖွဲ့ထားကြောင်း သိရပါတယ်။ ဒါပေမယ့် အဲ့ဒီနှစ်ဖွဲ့ပေါင်းအင်အားဟာ ရာဂဏန်းမပြည့်ပါဘူး။ ဖွဲ့စည်းပုံအသေးစိတ်ကို လေ့လာကြည့်ရှုနိုင်ဖို့ ခန်းမနောက်ပိုင်းမှာ ခင်းကျင်းပြသထားပါတယ်။

**အလားတူ ၎င်းတို့ရဲ့မဟာဗျူဟာအရ မြေပေါ်မှာ ပါတီနိုင်ငံရေးလုပ်ဖို့အတွက် မိုးသီးဇွန်ဦးဆောင်တဲ့ ဗကသအဖွဲ့ဝင်အချို့ဟာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(Democratic Party for A New Society-DPNS) ကို ဖွဲ့စည်းလှုပ်ရှားခဲ့ပါတယ်။** မိုးသီးဇွန်ဟာ တရားဝင်နိုင်ငံရေးပါတီ ထူထောင်ထားပြီး ဥပဒေပြင်ပမှ ဆန့်ကျင်မှုတွေလုပ်ခဲ့လို့ မြေပေါ်မှာ ရပ်တည်နိုင်တဲ့အနေအထား မရှိတော့ဘဲ ၁၉၈၉ခုနှစ် ဧပြီလ ၁၇ရက်နေ့မှာ တောခိုသွားခဲ့ပါတယ်။

မြေပေါ်မှာကျန်ရှိနေတဲ့ DPNS အတွင်းမှာလည်း အချင်းချင်းအယူဝါဒကွဲပြားမှုနဲ့ အာဃာတတွေကြောင့် ပါတီနှစ်ခြမ်းကွဲပြီး မညီမညွတ်ဖြစ်ခဲ့ပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အကြိမ်ကြိမ် ပြန်လည်ဖွဲ့စည်းခဲ့ရပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ခဲ့ရာမှာလည်း ရှုံးနိမ့်ခဲ့ပါတယ်။ **DPNS ပါတီဟာ မူလမဟာဗျူဟာအတိုင်း နိုင်ငံရေးဆောင်ရွက်ရာမှာ သောင်းကျန်းသူအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဗကပရဲ့ အမာခံတွေ ပါဝင်လှုပ်ရှားခြင်းတို့ကြောင့် ၆–၁၂–၉၁ရက်နေ့မှာ တရားဝင်ပါတီ အဖြစ်က ပယ်ဖျက်ခြင်းခံခဲ့ရပါတယ်။**

**အဲ့ဒီနောက် တောခိုသွားကြတဲ့ DPNS ပါတီဝင်အချို့ဟာ ၂၅–၅–၉၄ ရက်နေ့မှာ နယ်စပ်ဒေသ မာနယ်ပလောစခန်းမှာ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)ကို ထပ်မံဖွဲ့စည်းခဲ့ပါတယ်။** တောခိုသွားပြီး ABSDF အဖွဲ့မှာ ဒုဥက္ကဋ္ဌအဖြစ် ပူးပေါင်းလှုပ်ရှားနေတဲ့ မိုးသီးဇွန်ဟာ ဗကပယူဂျီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အုန်းသန်းနဲ့ သက်မှူးတို့အဖွဲ့ကို ပြည်တွင်းသို့ ပြန်လည်စေလွှတ်ခဲ့ရာမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီဖြစ်စဉ်သတင်းကို ၇–၁၂–၉၀ရက်နေ့မှာ(၁၀၇)ကြိမ်မြောက် အထူးသတင်းစာရှင်းလင်းပွဲကျင်းပပြီး အကျယ်တဝင့်ဖော်ပြခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း မိုးသီးဇွန်ဟာ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလမှာ DPNS ဥက္ကဋ္ဌအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ပြီး အခုအခါမှာတော့ DPNS ဥက္ကဋ္ဌအဖြစ် အောင်မိုးဇော်က ဆောင်ရွက်နေကြောင်း သိရပါတယ်။

**ABSDF အဖွဲ့ဟာ အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူတွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် (Democratic Alliance of Burma)လို့ခေါ်တဲ့ DAB အဖွဲ့မှာလည်း ပါဝင်နေတာ တွေ့ရပါတယ်။** အဲဒီ DAB အဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး)၊ DPNS (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ)၊ ALP (ရခိုင်လွတ်မြောက်ရေးပါတီ)၊ CNF(ချင်းအမျိုးသားတပ်ဦး)၊ LDR (လားဟူဒီမိုကရက်တစ်တပ်ဦး)၊ NUFA (ရခိုင်အမျိုးသားညီညွတ်ရေးတပ်ဦး)၊ PPP (ပြည်သူ့ပြည်ချစ်ပါတီ)၊ PPF (ပြည်သူ့တိုးတက်ရေးတပ်ဦး)၊ PLF (ပြည်သူ့လွတ်မြောက်ရေးတပ်ဦး)၊ PSLF (ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး)၊ PDF(ပြည်သူ့ကာကွယ်ရေးတပ်)၊ PPLO (ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့)၊ KNPP (ကရင်နီဖွံ့ဖြိုးတိုးတက်ရေးပါတီ)စတဲ့ အဖွဲ့များအပါအဝင် (၂၁)ဖွဲ့ ပါဝင်ခဲ့တယ်လို့ သိရပါတယ်။ ၎င်းအဖွဲ့ကို ၂၀၀၄ ခုနှစ် ဧပြီလမှာ ထပ်မံပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင်(၁၉)ဖွဲ့နဲ့ ဖွဲ့စည်းထားတယ်လို့ သိရပါတယ်။ **DAB ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော် အစိုးရကို အင်အားစုစည်းချေမှုန်းရေးအတွက်ဖြစ်တယ်လို့ ဆိုပါတယ်။** အဲဒီအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် KNU မှ တာမလာဘော၊ ဒုတိယဥက္ကဋ္ဌအဖြစ် ALP မှ ခိုင်စိုးနိုင်အောင်၊ အတွင်းရေးမှူးအဖြစ် ABSDF မှမျိုးဝင်းနဲ့ PDF မှ ကျော်ထက်တို့ဖြစ်ကြောင်း သိရပါတယ်။

**ဒါ့အပြင် ABSDF အဖွဲ့ဟာ မြန်မာနိုင်ငံအမျိုးသားကောင်စီခေါ် NCUB(National Council of the Union of Burma)မှာလည်း အဖွဲ့ဝင်ဖြစ်ပါတယ်။ NCUB ဆိုတာကတော့ ၁၉၉၂ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာ DAB အဖွဲ့၊ ပြည်ပြေးစိန်ဝင်းရဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (National Coalition Government of the Union of Burma-NCGUB)နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) [˚National League for Democracy (Liberated Area)-NLD(LA)˚]နဲ့ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (National Democratic Front-NDF)တို့ကို စုပေါင်းဖွဲ့စည်းထားတာ ဖြစ်ပါတယ်။** အဲဒီ NCUB အဖွဲ့မှာ ဥက္ကဋ္ဌ တာမလာဘော(KNU)၊ ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်(ALP)၊ အထွေထွေအတွင်းရေးမှူး မောင်မောင်(ခေါ်) ပြည်သစ်ညွန့်ဝေ(FTUB)တို့ဖြစ်ပြီး၊ ABSDF မှ မျိုးဝင်း၊ KNU မှ ရှားမင်းနဲ့ အားစီ၊ NLD-LA မှ မြင့်သိန်း၊ အေးသန်းတို့နဲ့ အခြားအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များမှ ခေါင်းဆောင်များလည်း ကော်မတီဝင်များအဖြစ် ပါဝင်ကြကြောင်း တွေ့ရပါတယ်။

## ထပ်ဆင့်ဖွဲ့စည်းခဲ့

**အဖွဲ့ဝင်အဖြစ်ပါဝင်ကြတဲ့ KNU မှ ရှားမင်းနဲ့အားစီ၊ NLD-LA မှ မြင့်သိန်းနဲ့ အေးသန်းတို့ဟာ ပြည်တွင်း UG ဖောက်ခွဲရေးတာဝန်ခံများဖြစ်ပြီး ABSDF မှ မျိုးဝင်းကတော့ အဲဒီ ပြည်တွင်းUG ဖောက်ခွဲရေးသမားများရဲ့ အတွင်းရေးမှူးတာဝန်ယူထားသူဖြစ်ကြောင်း တွေ့ရပါတယ်။ NCUB ရဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်အစိုးရအား နိုင်ငံရေးအန်တုမှုလုပ်ငန်းများလုပ်ဆောင်ရန်၊ ယင်းသို့ လုပ်ဆောင်ရာတွင် စစ်ရေးနည်းလမ်းသာမက အဖျက်အမှောင့်နည်းလမ်း၊ နိုင်ငံရေး၊ သံတမန်ရေး နည်းလမ်းနဲ့ အာဏာဖီဆန်ရေး လူထုတိုက်ပွဲနည်းလမ်းများ အသုံးပြုရန်ဖြစ်ပါတယ်။ ဒါကြောင့်လည်း NCUB အဖွဲ့ဟာ အဆိုပါရည်ရွယ်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဖို့အတွက် အာဏာဖီဆန်ရေး လူထုတိုက်ပွဲကော်မတီ (Political Defiance Committee-PDC) လို့ခေါ်တဲ့အဖွဲ့ကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှာ ထပ်ဆင့်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီအဖွဲ့ကို KNU မှ ဖဒိုယိုးရှူး၊ ဖဒိုမန်းရှာ၊ DPNS မှ မြင့်ဇော်၊ ABSDF မှ အောင်စောဦး စသူတို့နဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ဖဒိုယိုးရှူးက ခေါင်းဆောင်ဖြစ်ပါတယ်။ အဲဒီ PDC အဖွဲ့ရဲ့ ရည်မှန်းချက်များကတော့–**

**(၁) နိုင်ငံတော်အစိုးရနဲ့ ပြည်သူများပူးပေါင်းဆောင်ရွက်မှု မရှိစေရေး လုပ်ဆောင်ရန်၊ လူထုအတွင်း အာဏာဖီဆန်ရေးတိုက်ပွဲများ ဖြစ်အောင် လှုံ့ဆော်ဆောင်ရွက်မှုများ၊ စည်းရုံးမှုများ ပြုလုပ်ရန်၊**

**(၂) လူထုအတွင်း အာဏာဖီဆန်ရေးတိုက်ပွဲများ ပြင်းထန်လာသည်နှင့် စစ်ရေး၊ သံတမန်ရေး ထိုးစစ်ကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရပါတယ်။**

**အဲဒီ PDC အဖွဲ့ဟာ ယခင်မြန်မာနိုင်ငံမှာ ၁၉၈၃ခု နှစ်ဝန်းကျင်က အနောက်နိုင်ငံကြီး တစ်နိုင်ငံရဲ့ ကြည်းတပ်စစ်သံမှူးအဖြစ်ဆောင်ရွက်ခဲ့သူ Robert Helvey နဲ့ Albert Einstein Institute မှ အထက်တန်းအရာရှိတစ်ဦးဖြစ်သူ Gene Sherp ဆိုသူတို့က ပို့ချခဲ့သော သင်ခန်းစာများကို လက်တွေ့အကောင်အထည်ဖော်တဲ့အဖွဲ့ ဖြစ်ပါတယ်။ ၁၉၉၃ခုနှစ် ဩဂုတ်လအတွင်းပြုလုပ်ခဲ့တဲ့ NCUB အစည်းအဝေးကို PDC အဖွဲ့က အစီရင်ခံစာတင်သွင်းရာမှာ ကျောင်းသားသမဂ္ဂဖြစ်မြောက်ရေးနဲ့ ကျောင်းသားသမဂ္ဂကို အမာခံထားရှိပြီး နိုင်ငံရေးလှုပ်ရှားမှုများ အဓိကထားဆောင်ရွက်ရေး**

စာမျက်နှာ ၈ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

**တို့ကို ထည့်သွင်းဖော်ပြခဲ့တာ တွေ့ရပါတယ်။ အဲ့ဒီ PDC အဖွဲ့အစီရင်ခံစာ အတိုင်းပဲ ယခုအခါမှာ ပြည်တွင်းမှ ယခင်ဗကသဟောင်းများက လှုပ်ရှား ဆောင်ရွက်လာတာကိုလည်း တွေ့ရှိနေရပါတယ်။**

**အထက်က ရှင်းလင်းပြောကြားချက်များအရ NLD-LA အဖွဲ့ဟာလည်း အကြမ်းဖက် အဖျက်သမားအဖွဲ့ဖြစ်တဲ့ ABSDF အဖွဲ့နဲ့လည်းကောင်း၊ NCUB အဖွဲ့နဲ့လည်းကောင်း၊ NCUBက ဖွဲ့စည်းထားတဲ့ PDC ခေါ် အာဏာဖီဆန်ရေးလူထုတိုက်ပွဲကော်မတီနဲ့လည်းကောင်း အကြမ်းဖက်အဖျက် လုပ်ရပ်များကို ပူးပေါင်းဆောင်ရွက်နေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ အခြားတစ်ဖက်ကလည်း တစ်ဖက်နိုင်ငံမှာ ရုံးများဖွင့်လှစ်ထားပြီး နိုင်ငံရေး လှုပ်ရှားမှုများကို ဆောင်ရွက်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။** NLD-LA အဖွဲ့ဝင်များဟာ အဓိကအားဖြင့် ပြည်ပြေး NLD များသာဖြစ်ပါတယ်။ NLD-LA ရဲ့ လက်ရှိဥက္ကဋ္ဌကတော့ တင်အောင်၊ ဒုဥက္ကဋ္ဌက တိုးသောင်း၊ အတွင်းရေးမှူး မြင့်သိန်း၊ တွဲဖက်အတွင်းရေးမှူး(၁) တင့်ဆွေတို့ဖြစ်ပြီး အဖွဲ့ဝင်အင်အား ၅၀ခန့်သာရှိပါတယ်။

**ဆက်လက်ပြီး ABSDF (မြောက်ပိုင်း)အဖွဲ့အတွင်း လူသားအချင်းချင်း ငရဲခန်းအတွင်း သွတ်သွင်းခဲ့တဲ့ ဖြစ်ရပ်ဆိုးတွေဖြစ်ပေါ်ခဲ့ပုံကို ဆက်လက် ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။** တပ်မတော်စစ်ကြောင်း တစ်ကြောင်းဟာ ကချင်ပြည်နယ်မှာ ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာလ ၁၃ရက်နေ့က ABSDF သောင်းကျန်းသူအဖွဲ့နဲ့ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ အဲ့ဒီတိုက်ပွဲမှာ ABSDF တပ်ရင်း(၇၀၁) တပ်ဖွဲ့ဝင် တိုက်ပိတ်(ခေါ်)သန်းထွန်းစိုးကို ဖမ်းဆီးရမိခဲ့ပါတယ်။

## လျှို့ဝှက်ပြန်လည်ဝင်ရောက်

တိုက်ပိတ်ရဲ့ ထွက်ဆိုချက်အရ ၎င်းဟာ ၁၉၈၈ခုနှစ် အရေးအခင်းကာလ အတွင်း သိမ်ဖြူရပ် အလုပ်သမားသမဂ္ဂမှာ ပါဝင်လှုပ်ရှားခဲ့ပြီး နောက်ပိုင်းမှာ ကော့သောင်းမှတစ်ဆင့် ရနောင်းဘက်သို့ ထွက်ပြေးသွားခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နိုဝင်ဘာလကုန်လောက်မှာတော့ ပြည်တွင်းမှာ ပြန်လည်လှုပ်ရှားဖို့ ရန်ကုန်မြို့သို့ လျှို့ဝှက်ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။

ရန်ကုန်မှာ NLD လူငယ်တာဝန်ခံစိုးသိမ်းမှတစ်ဆင့် တက္ကသိုလ်ရိပ်သာ လမ်းမှာရှိတဲ့ NLD ပါတီဌာနချုပ်ရုံးမှာ လုပ်အားပေးအဖြစ် ဝင်ရောက် လုပ်ကိုင်နေခဲ့ပါတယ်။ တိုက်ပိတ်ဟာ ဒေါ်စုကြည်ရဲ့ ခြံဝင်းမှာနေထိုင်ရင်း ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးနေစဉ် သုံးရောင်ခြယ်အဖွဲ့မှ လူငယ်တွေက သူ့ကို ထောက်လှမ်းရေးလို့ စွပ်စွဲပြီး အဲဒီခြံဝင်းအတွင်းရှိ ဆောက်လက်စတိုက်မှာ တိုက်ပိတ်ပြီး စစ်ကြောခဲ့ကြောင်း၊ နောက်တစ်နေ့မှာ NLD ရုံးအဖွဲ့ လူငယ်တွေက တာဝန်ခံပြီး ပြန်ထုတ်ခဲ့တဲ့အတွက် လွတ်မြောက်ခဲ့ကြောင်း၊ အဲဒီ အချိန်ကစပြီး သန်းထွန်းစိုးကို "တိုက်ပိတ်"လို့ နောက်ပြောင်ခေါ်ဝေါ်ခဲ့ကြောင်း သိရပါတယ်။

အဲဒီနောက်ပိုင်း တိုက်ပိတ်ဟာ ၁၉၈၉ခုနှစ် ဖေဖော်ဝါရီလမှာ ကမာရွတ် မြို့နယ် လှည်းတန်း မီးပွိုင့်အနီးရှိ ကျောင်းသားများ ဒီမိုကရေစီအရေး တော်ပုံပါတီကို သွားရောက်နေထိုင်ခဲ့ပါတယ်။ အဲဒီ ပါတီရုံးမှာနေထိုင်စဉ် ပါတီဥက္ကဋ္ဌ အေးလွင်၊ NLD လူငယ်တာဝန်ခံ စိုးသိမ်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ(အထက်မြန်မာပြည်)ဥက္ကဋ္ဌ ထွန်းအောင်ကျော်တို့နဲ့ နယ်စပ်ကို တိမ်းရှောင်ဖို့ကိစ္စတွေ ဆွေးနွေးတိုင်ပင်ခဲ့ပြီး တိုက်ပိတ်ဟာ ကချင်ပြည်နယ်ရှိ ABSDF(ကချင်)အဖွဲ့ထံသို့ မေလ၁ရက်နေ့မှာ ရောက်ရှိ တောခိုခဲ့ပါတယ်။

## တာဝန်ပေးစေလွှတ်

မကြာခင်မှာ ABSDF(ကချင်)အတွင်းရေးမှူး မျိုးဝင်းက တိုက်ပိတ်ကို ဝါဒဖြန့် ဗီဒီယိုတိပ်ခွေတွေ၊ လှုပ်ရှားမှုဓာတ်ပုံတွေနဲ့အတူ မန္တလေးနဲ့ရန်ကုန်မှာ ရှိတဲ့ ABSDF အမာခံများထံ ဆက်သွယ်ဖို့ တာဝန်ပေးစေလွှတ်ခဲ့ပါတယ်။

တိုက်ပိတ်ဟာ ရန်ကုန်ကိုရောက်ပြီး ဒီမိုကရက်တစ် တက္ကသိုလ်ဘွဲ့ရနှင့် ကျောင်းသားဟောင်းများအဖွဲ့ ဒုဥက္ကဋ္ဌ မြအေး၊ ရဲမိုးဟိန်းတို့နဲ့ တွေ့ဆုံဆက်သွယ်ခဲ့ပါတယ်။

**ရန်ကုန်ရောက်နေစဉ် ၁၉၈၉ခုနှစ် ဇွန်လ ၉ရက်နေ့မှာ တိုက်ပိတ်နဲ့ ရဲမိုးဟိန်းတို့ဟာ ဒေါ်စုကြည်ရဲ့ အနီးကပ်လုံခြုံရေးတာဝန်ယူထားတဲ့ ကိုမော်(ခ)မော်မင်းလွင်ကတစ်ဆင့် ဒေါ်စုကြည်နဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံရာမှာ တိုက်ပိတ်က ABSDF (ကချင်)သို့ ရောက်ရှိနေပြီး ရန်ကုန်သို့ တာဝန်နှင့်ပြန်လာခြင်းဖြစ်ကြောင်း၊ ဗီဒီယိုတိပ်ခွေနှင့် ဓာတ်ပုံများပါလာပြီး မြို့ပေါ်ရှိ အမာခံများအား ဖြန့်ရန်ဖြစ်ကြောင်း၊ ABSDF အပေါ် သဘောထားများသိလိုကြောင်း ပြောခဲ့ပါတယ်။ ဒေါ်စုကြည်က စည်းလုံးညီညွတ်စွာ နေစေလိုကြောင်း၊ ယခုကဲ့သို့ တောတွင်းမှာ ကျောင်းသားများရှိနေခြင်းဟာ ဒီမိုကရေစီဘက်တော်သားများအတွက် အင်အားတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။**

**တိုက်ပိတ်ဟာ ၁၁-၆-၈၉ ရက်နေ့မှာ ရဲမိုးဟိန်းနဲ့အတူ အနောက်နိုင်ငံတစ်ခုရဲ့ သံရုံးအမှုထမ်း ဒေါ်နီတာရင်ရင်မေရဲ့ ရုံးခန်းမှာ အဲ့ဒီသံရုံး သံမှူးဆိုသူနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါသေးတယ်။ ABSDF(ကချင်)ကပါလာတဲ့ ဗီဒီယိုအခွေကို ဒေါ်နီတာရင်ရင်မေက ကူးယူထားကြောင်း၊ ၁၃-၆-၈၉ ရက်နေ့မှာ ဒေါ်ချိုချို ကျော်ငြိမ်းထံ သွားရောက်တွေ့ဆုံပြီး ၎င်းရဲ့မွေးစားသား မောင်မောင်ကြွယ်နဲ့ လွှမ်းမိုးတို့ ABSDF(ကချင်)မှာ ကျန်းမာစွာရှိနေကြောင်းပြောပြီး ဝါဒဖြန့် ဗီဒီယိုနှစ်ခွေပေးခဲ့ကြောင်း သိရပါတယ်။**

တိုက်ပိတ်ဟာ ၁၉၈၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှာ လိုင်စင်စခန်းကို ပြန်ရောက်ပါတယ်။ အဲ့ဒီမှာ ၁၉၈၉ခုနှစ် ဇွန်လ၁ရက်နေ့ကစပြီး ABSDF (ကချင်)လက်အောက်ခံတပ်ရင်း(၇၀၁)နဲ့ ABSDF(ရှမ်း) လက်အောက်ခံ တပ်ရင်း(၄၀၁)တို့ကိုပူးပေါင်းပြီး ABSDF(မြောက်ပိုင်း)အဖြစ် ဖွဲ့စည်းခဲ့ ကြောင်း၊ အဲဒီမှာ ဥက္ကဋ္ဌအဖြစ် ဗကသအဖွဲ့မှ တောခိုသွားတဲ့ ထွန်းအောင် ကျော်ကဆောင်ရွက်ပြီး စစ်ရေးတာဝန်ခံအဖြစ် သံချောင်း(ခ)မြင့်စိုးက ဆောင်ရွက်နေကြောင်း သိရပါတယ်။

## လူမဆန်စွာသတ်ဖြတ်

**ABSDF(မြောက်ပိုင်း)မှာ စစ်ရေးတာဝန်ခံ သံချောင်းနဲ့ UG တာဝန်ခံ မျိုးဝင်းတို့က ခြယ်လှယ်နေကြပြီး လက်အောက်ရှိ တပ်ဖွဲ့ဝင်လူငယ်များကို လည်း မတရားနှိပ်ကွပ်ကာ အုပ်ချုပ်နေကြောင်း၊ အပြစ်ပေးတဲ့နေရာမှာလည်း ကျောင်းသားလူငယ်အချင်းချင်းကို သေဒဏ်အထိ ရက်စက်စွာအပြစ်ပေးပြီး**

**ABSDF (မြောက်ပိုင်း)စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်)မြင့်စိုး၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့ရသူ ၁၃ ဦး**

(၁) စိုးမင်းအောင်(မန္တလေး)
(၂) တင့်လွင်(မြစ်ကြီးနား)
(၃) ဦးစိန်(ရန်ကုန်)
(၄) ကျော်ငွေ(မန္တလေး)
(၅) ရာကွတ်ဘိုင်
(၆) ခင်မောင်စိုး(နောက်ဆုံးနှစ် ဓာတုဗေဒ၊ မန္တလေးတက္ကသိုလ်)
(၇) တင်မောင်အေး(ကသာမြို့)
(၈) အောင်မင်း(ခ)ထိန်လင်း(ဒုတိယနှစ် သင်္ချာ၊ မန္တလေးတက္ကသိုလ်)
(၉) အေးကျော်(ဒုတိယနှစ် ပထဝီ၊ မန္တလေးတက္ကသိုလ်)
(၁၀) ကျော်ကျော်ဦး(ပထမနှစ် ပထဝီ၊ စာပေးစာယူ၊ ကသာမြို့)
(၁၁) ပြည့်စိုးနိုင်(ရန်ကုန်)
(၁၂) ဇော်ဝင်းချစ်(ဗန်းမော်)နဲ့
(၁၃) ဝင်းသိန်း(ဝန်းသို)။

# ဗကသနှင့် ABSDF တို့၏ ပူးပေါင်းလုပ်ဆောင်မှုရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံဇယား






F တို့၏
...နှင့် ဖွဲ့စည်းပုံဇယား



# NCUB ရဲ့ အဓိက ရည်ရွယ်ချက်က နိုင်ငံတော်အစိုးရအား နိုင်ငံရေးအန်တုမှုလုပ်ငန်းများလုပ်ဆောင်ရန်ဖြစ်

**လူမဆန်စွာသတ်ဖြတ်ခဲ့ကြောင်း တိုက်ပိတ်ရဲ့ထွက်ဆိုချက်များအရ သိခဲ့ရပါတယ်။**

ပထမဆုံးအနေနဲ့ ABSDF တပ်ရင်း(၇၀၁)မှ ထွန်းနွယ်အောင်ကို တစ်ဖက်နိုင်ငံဘက်သို့ ထွက်ပြေးခြင်း၊ တပ်ဖွဲ့ဝင် ကျောင်းသူတစ်ဦးနဲ့ ဖောက်ပြန်ခြင်း စတဲ့ပြစ်မှုတွေနဲ့ အချုပ်ချထားရင်း ၅-၂-၉၀ရက်နေ့မှာ အချုပ်မှထွက်ပြေးတယ်လို့ အကြောင်းပြပြီး ပစ်သတ်ခဲ့ပါတယ်။

အဲဒီနောက်မှာ လွှမ်းမိုးကို အာဏာဖီဆန်မှု၊ ABSDF ရန်ပုံငွေများကို သုံးစွဲပျောက်ပါးမှု၊ မိဘများထံ ငွေပို့ပေးနေမှု၊ မျိုးဝင်းရဲ့ ဒိုင်ယာရီကိုခိုးယူမှု စတဲ့ ပြစ်မှုတွေနဲ့စွပ်စွဲပြီး သေဒဏ်စီရင်ချက်ချခဲ့ပါတယ်။ ၇-၄-၉၀ရက်နေ့မှာ တိုက်ပိတ်အပါအဝင် တပ်ဖွဲ့ဝင်တွေကိုတန်းစီခိုင်းကာ လွှမ်းမိုးအပေါ်သေဒဏ် အမိန့်ဖတ်ကြားပြီး သံချောင်းကိုယ်တိုင် အမ်(၂၀)ပစ္စတိုနဲ့ပစ်သတ်ခဲ့တယ်လို့ သိရပါတယ်။

ABSDF တပ်ဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အောင်ကျော်ကိုလည်း ညှဉ်းပန်းနှိပ်စက်စစ်ဆေးခဲ့တဲ့အတွက် ၁၆-၅-၉၀ ရက်နေ့မှာ အောင်ကျော်သေဆုံးခဲ့ကြောင်း သိရပါတယ်။ ၁၉၉၀ပြည့်နှစ် ဩဂုတ်လ နောက်ဆုံးပတ်အတွင်းမှာလည်း ABSDFက ထွက်ပြေးခဲ့တဲ့ ဇော်ကိုဆိုသူကို ခုံရုံးဖွဲ့စစ်ဆေးပြီး သေဒဏ်ပေးခဲ့ကြောင်း၊ သေဒဏ်ပေးရာမှာ ကိုယ့်ကျင်းကိုယ်တူးခိုင်းပြီး ပေါက်တူးနဲ့ ခုတ်သတ်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

## ပူးပေါင်းလှုပ်ရှားတာဝန်ပေးခဲ့

သူ့ကိုလည်း သံချောင်းနဲ့မျိုးဝင်းတို့က အဖွဲ့အတွင်း စည်းရုံးရေးပြို့ကွဲအောင်လုပ်မှု၊ အထက်အောက် သွေးကွဲအောင်လုပ်မှုတို့နဲ့ သတိမေ့မျောသွားသည်အထိ ထိုးကြိတ်ကာ အချုပ်ထဲထည့်ပြီး အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း တိုက်ပိတ်က ထွက်ဆိုခဲ့ပါတယ်။ နောက်မှ တိုက်ပိတ်ကို ABSDF တပ်ရင်း(၇၀၁)မှာ ပူးပေါင်းလှုပ်ရှားဖို့ တာဝန်ပေးခဲ့ပါတယ်။ အဲဒီအချိန်မှာ တပ်မတော်စစ်ကြောင်းနဲ့ တိုက်ပွဲဖြစ်ပွားရာက တိုက်ပိတ်ကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါတယ်။

**၁၉၈၈ခုနှစ်အရေးအခင်းကာလမှာ အပြစ်မဲ့ပြည်သူတွေကို အမျိုးမျိုး စွပ်စွဲပြီး လူမြင်ကွင်းမှာ ခေါင်းဖြတ်သတ်တဲ့အထိ ရက်စက်ကြမ်းကြုတ်ခဲ့တဲ့ မင်းမဲ့ဝါဒီတွေဟာABSDFဆိုတဲ့ သောင်းကျန်းသူအဖွဲ့ကိုဖွဲ့ရာမှာ နေရာ ဆက်ယူပြီး လက်အောက်တပ်ဖွဲ့ဝင်တွေအပေါ်မှာ ဗကပရဲ့ ဖြုတ်ထုတ်သတ် လမ်းစဉ်အတိုင်း ရက်ရက်စက်စက်ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လူငယ်လူရွယ် အများအပြားဟာ မိဝေးဖဝေးနဲ့ တောတွင်းမှာ အသက်စတေး ခံနေရကြောင်း ပြည်သူများသိရှိအောင်နဲ့ လူငယ်တွေ တံလျှပ်ကို ရေထင်ပြီး လမ်းမှားကို ဆက်မလိုက်မိလေအောင် ၁၉၉၁ခုနှစ် ဇန်နဝါရီလမှာ ကျင်းပခဲ့တဲ့ အထူးသတင်းစာ ရှင်းလင်းပွဲမှာ အဲ့ဒီဖြစ်ရပ်မှန်တွေကို အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။**

သံချောင်း(ခေါ်)မြင့်စိုးရဲ့ လူသတ်မှုကျူးလွန်ခဲ့တဲ့ လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး မျက်မြင်ကိုယ်တွေ့ ခံစားသိရှိခဲ့ရတဲ့ ယခင် ABSDF တပ်ဖွဲ့ဝင် တိုက်ပိတ်(ခေါ်)သန်းထွန်းစိုးကို ကိုယ်တိုင်တွေ့ဆုံမေးမြန်းနိုင်ဖို့ ဒီခန်းမအတွင်းကို ကျွန်တော်တို့ခေါ်ယူထားကြောင်း အသိပေးပြောကြားလိုပါတယ်။

## ရာဇဝတ်ကောင်တစ်ဦး

ABSDF (မြောက်ပိုင်း) သောင်းကျန်းသူအဖွဲ့ရဲ့ စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်)မြင့်စိုးဟာ ၁၉၈၈ခုနှစ် အရေးအခင်းကာလ မန္တလေး၊ မိုးညှင်း၊ မော်ဟန်ဒေသ ဆူပူဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့ပြီး ၁၉၈၈ခုနှစ် စက်တင်ဘာလမှာ မိုးညှင်းမြို့နယ်မှ လူငယ်တွေကို စည်းရုံးသိမ်းသွင်းကာ တောခိုသွားခဲ့သူ ဖြစ်ပါတယ်။ ABSDF(ကချင်)သောင်းကျန်းသူအဖွဲ့ စတင်ဖွဲ့စည်းခဲ့ရာမှာ ဦးဆောင်မှုအပိုင်းက နေရာယူခဲ့ပါတယ်။ ABSDF(မြောက်ပိုင်း)ဖွဲ့စည်းရာမှာ စစ်ရေးတာဝန်ခံအဖြစ်ဆောင်ရွက်ပြီး ပြည်တွင်းသောင်းကျန်းမှုသမိုင်းမှာ လူသတ်မှုများစွာ ကျူးလွန်ခဲ့သူ ရာဇဝတ်ကောင်တစ်ဦးအဖြစ် နာမည်ဆိုးတွင် ကျန်ရစ်သူပဲ ဖြစ်ပါတယ်။

သံချောင်း(ခေါ်)မြင့်စိုးဟာ ကောက်ခံရရှိတဲ့ ဆက်ကြေးငွေ ကျပ်ဝသိန်းကို တစ်ဖက်နိုင်ငံရှိ စီးပွားရေးအဖွဲ့တွေမှာအပ်နှံပြီး ကိုယ်ကျိုးအတွက် သုံးစွဲခဲ့မှုကြောင့် အချင်းချင်းမကျေနပ်မှုတွေဖြစ်ပွားခဲ့ရာကစပြီး ABSDF (မြောက်ပိုင်း)အဖွဲ့အတွင်းမှာ လူသတ်ဝါဒနဲ့ အာဏာပြပြီး ခြိမ်းခြောက်ကာ ခေါင်းဆောင်နေရာ ဆက်ယူထားတာဖြစ်ကြောင်း သိရှိရပါတယ်။

**ABSDF (မြောက်ပိုင်း)စစ်ရေးတာဝန်ခံ သံချောင်းဟာ ၁၉၉၁ခုနှစ် ဩဂုတ်လအတွင်းမှာ တပ်ဖွဲ့ဝင် စိုးမြင့်အောင်ကို လွှယ်ဂျယ်တပ်မတော်စခန်းနဲ့ အဆက်အသွယ်လုပ်တယ်လို့ စွပ်စွဲပြီး ဖမ်းဆီးနှိပ်စက်ခဲ့ပါတယ်။ စိုးမြင့်အောင်ဟာ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို မခံနိုင်တော့တဲ့အဆုံးမှာ သူဟာ သူလျှို ဖြစ်ကြောင်း လိမ်လည်ဝန်ခံပြီး ABSDF အတွင်း သူလျှိုများရှိတယ်ဟုဆိုကာ လုံးဝမသက်ဆိုင်သူတွေရဲ့၊ အမည်စာရင်း တသီတတန်းကြီးကို မထူးဇာတ် ခင်းပြီး ဖော်ပြခဲ့ကြောင်း သိရပါတယ်။**

**အဲ့ဒီလို အကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတို့ကြောင့် ကြောက်ရွံ့ပြီး မမှန်မကန်ဖော်ကောင် လုပ်ခဲ့ရတဲ့ စိုးမြင့်အောင်ကို သံချောင်းတို့အဖွဲ့က သတ်ဖြတ်လိုက်ရုံမကဘဲ သူလျှိုလို့ စွပ်စွဲခံရသူတွေဖြစ်တဲ့ (၁၀၀)ခန့်ကို ဆက်လက်ဖမ်းဆီးပြီး ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုတွေကို လူမဆန်စွာ ကျူးလွန်ခဲ့ပြန်ပါတယ်။ အဲဒီလို ညှဉ်းပန်းသတ်ဖြတ်မှုကြောင့် နိုင်ငံရေး လုပ်စားတဲ့ သူတွေရဲ့စကားကိုယုံမှားပြီး တောတွင်းရောက်သွားခဲ့ရတဲ့ လူငယ် လူရွယ်အများအပြားဟာ တောတွင်းမှာ မင်းမဲ့ဝါဒီတွေရဲ့လက်ချက်နဲ့ ဘုမသိ ဘမသိ သေပွဲဝင်ခဲ့ကြရပါတယ်။**

သံချောင်းဦးဆောင်တဲ့အဖွဲ့က သူလျှိုလို့စွပ်စွဲပြီး အတင်းအကျပ် ဝန်ခံခိုင်းခြင်း၊ ထိုးကြိတ် ရိုက်နှက်ခြင်း၊ ကျင်စက်ဖြင့်တို့ခြင်း၊ ညို့သကြီးပေါ် ကျောက်တုံးတင်လိမ့်ခြင်းစတဲ့ အကြမ်းဖက်နှိပ်စက်မှုတွေကြောင့် သူလျှိုလို့ စွပ်စွဲခံရတဲ့ ABSDF တပ်ဖွဲ့ဝင် လူငယ်၅၅ဦးတို့ဟာ ပါဂျိုအကျဉ်းစခန်းကနေ ၂၁-၅-၉၂ရက်နေ့မှာ ဖောက်ထွင်းထွက်ပြေးခဲ့ကြပါတယ်။

**ABSDF (မြောက်ပိုင်း)စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်)မြင့်စိုး၏ လူမဆန်စွာ ရက်ရက်စက်စက်အသတ်ခံခဲ့ရသူ ၁၉ ဦး**

(၁) ကျော်ဝေ၊ မန္တလေး(၇-၂-၁၉၉၂ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ် အသတ်ခံရ။)
(၂) သာစု၊ ရန်ကုန်(၁၂-၂-၁၉၉၂ ရက်နေ့တွင် သေနတ်ဖြင့် ပစ်သတ်ခံရ။)
(၃) မခင်ချိုဦး၊ ဒုတိယနှစ်(မြန်မာစာ)၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) (၁၂-၂-၁၉၉၂ ရက်နေ့တွင် အဝတ်အစားများချွတ်၍ လူပုံအလယ်တွင် သေနတ်ဖြင့် ပစ်သတ်ခံရ။)
(၄) သောင်းမြင့်၊ ကာဘိုးဆည်အနီး၊ တန့်ဆည်ရွာ (၁၂-၂-၁၉၉၂ ရက်နေ့တွင် သေနတ်ဖြင့် ပစ်သတ်ခံရ။)
(၅) တူးတူး၊ မြစ်ကြီးနား (၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ် အသတ်ခံရ။)
(၆) ထွန်းအောင်ကျော်၊ ဒုတိယနှစ်(ဂီတအိုင်)၊ မန္တလေးမြို့ (၁၂-၂-၁၉၉၂ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၇) ချိုကြီး၊ မန္တလေးမြို့ (၁၂-၂-၁၉၉၂ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၈) အေးမြင့်၊ ကသာမြို့ (၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၉) မောင်မောင်၊ ဒုတိယနှစ်(နိုင်ငံတကာဆက်ဆံရေး)၊ မန္တလေး တက္ကသိုလ်၊ ကသာမြို့ (၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၀) ငွေးမြင့်ဝင်း၊ ရန်ကုန်(၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၁) ရန်အောင်၊ မန္တလေး(၁၂-၂-၁၉၉၂ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၂) သက်နိုင်၊ ရန်ကုန်(၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ် အသတ်ခံရ။)
(၁၃) အောင်မိုး၊ စတုတ္ထနှစ်(ဥပဒေ)၊ စာပေးစာယူ၊ ရန်ကုန် (၁၂-၂-၁၉၉၂ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၄) လှမြင့်(ခ)ဇော်မင်းသွေး၊ မြို့ကုန်း(၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၅) ကျော်ကျော်မင်း၊ ကန့်ဘလူမြို့(၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၆) မောင်မောင်ကြွယ်၊ ဒေါ်ချိုချိုကျော်ငြိမ်း၏ မွေးစားသား၊ ရန်ကုန်မြို့ (၁၂-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၇) စိုးဝင်းသန်း၊ မန္တလေးမြို့ (၁၅-၂-၁၉၉၂ ရက်နေ့တွင် ဓားဖြင့် ခေါင်းဖြတ်အသတ်ခံရ။)
(၁၈) ဝင်းနောင်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နည်းပြဆရာ(ဓားဖြင့် ခုတ်သတ်ခံရ)နဲ့
(၁၉) အောင်တိုး၊ ဗန်းမော်မြို့ (သေနတ်ဖြင့် ပစ်သတ်ခံရ)။

## အလင်းဝင်ခဲ့ကြ

အဲ့ဒီအဖွဲ့ထဲမှ အောင်ကျော်မြင့်(ဒေါ်ပုံ)ဟာ အကျဉ်းစခန်းအတွင်း ရိုက်နှက်ခံခဲ့ရတဲ့ ဒဏ်ရာတွေကြောင့် လမ်းခရီးမှာပင် သေဆုံးသွားခဲ့ပါတယ်။ ၂၂-၅-၉၂ရက်နေ့မှာ ၅၄ဦးအဖွဲ့ဟာ တစ်ဖက်နိုင်ငံ ရင်ကျန်းမြို့သို့ ရောက်ရှိခဲ့ပါတယ်။ အဲ့ဒီမှာ၄၈ဦးကို တရုတ်ရဲအဖွဲ့က ဖမ်းမိခဲ့ပါတယ်။ အဲ့ဒီ ၄၈ဦးဟာ ၂၆-၅-၉၂ ရက်နေ့မှာ ခလရ(၄၇) လွယ်ဂျယ်စခန်းကို ရောက်ရှိပြီး အလင်းဝင်ခဲ့ကြပါတယ်။

**အလင်းဝင်ရောက်ခဲ့သူ ABSDF တွေက ABSDF (မြောက်ပိုင်း) စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်)မြင့်စိုးနဲ့အဖွဲ့ရဲ့ နည်းမျိုးစုံနဲ့ အကြမ်းဖက်နှိပ်စက် ညှဉ်းပန်းသတ်ဖြတ်မှုကြောင့် အောင်ကျော်မြင့် (ဒေါ်ပုံ)လိုပဲ ABSDF တပ်ဖွဲ့ဝင်၃၂ဦး သေဆုံးခဲ့ကြရကြောင်း ထွက်ဆိုခဲ့ကြပါတယ်။** ၁၉၉၂ခုနှစ်က သံချောင်း(ခေါ်)မြင့်စိုးနဲ့အဖွဲ့ရဲ့ အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှုတွေကြောင့် တောတွင်းမှာသေဆုံးခဲ့ကြရသူ ၃၂ဦးရဲ့ အမည်စာရင်းကို လေ့လာသိရှိနိုင်ဖို့ သီးခြားဖော်ပြပေးထားသလို ခန်းမနောက်ပိုင်းမှာလည်း ခင်းကျင်းပြသထားပါတယ်။

အဲ့ဒီ ABSDF အလင်းဝင် ၄၈ဦးအနက် ငါးဦးကွယ်လွန်သွားခဲ့ကြောင်း သိရပြီး ကျန်ရှိသူတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက သံချောင်းရဲ့ အကြမ်းဖက်မှုဖြစ်ရပ်မှန်တွေ ထပ်မံအတည်ပြုနိုင်ဖို့အတွက် လိုက်လံတွေ့ဆုံခဲ့ပါတယ်။ အဲ့ဒီလို တွေ့ဆုံရာမှာ ABSDF(မြောက်ပိုင်း) တပ်ဖွဲ့ဝင်များအဖြစ် ၎င်းတို့ လမ်းမှားလိုက်မိခဲ့စဉ်က ထိုအဖွဲ့ရဲ့စစ်ရေးတာဝန်ခံ သံချောင်း(ခေါ်) မြင့်စိုးရဲ့ လူသားအချင်းချင်း လူမဆန်စွာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုများနဲ့စပ်လျဉ်းပြီး ကိုယ်တိုင်တွေ့မြင်ခံစား ကြားသိသမျှတွေကို ထပ်မံဖွင့်ဟ ပြောကြားခဲ့ကြပါတယ်။

အဲ့ဒီလို ဖွင့်ဟပြောကြားခဲ့သူများအနက် သံချောင်း(ခေါ်)မြင့်စိုးရဲ့ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုကို ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသူ ABSDF အလင်းဝင် ခြောက်ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကံမြင့်ဦး
(၂) ကျော်မျိုး
(၃) နိုင်လင်း(ခေါ်)ငွေးဝင်း
(၄) မြင့်သိန်း
(၅) ထွန်းစံ နဲ့
(၆) ကျော်သိန်းတို့ပဲ ဖြစ်ပါတယ်။

အဲ့ဒီ အလင်းဝင်ခြောက်ဦးက ၎င်းတို့အား ABSDF (မြောက်ပိုင်း) စစ်ရေးတာဝန်ခံ သံချောင်းဦးဆောင်တဲ့အဖွဲ့က သူလျှိုဟုစွပ်စွဲပြီး အခြား ABSDF(မြောက်ပိုင်း)တပ်ဖွဲ့ဝင် ၁၀၀ ခန့်နဲ့အတူ ဖမ်းဆီးချုပ်နှောင်ခဲ့ကြောင်း၊ မျက်နှာကို ပိတ်စဖြင့် စည်းနှောင်ထားပြီး နောက်ပြန်ကြိုးတုပ်၍ လည်းကောင်း၊ သံခြေချင်းခတ်၍လည်းကောင်း စစ်ဆေးမေးမြန်းခဲ့ကြောင်း၊ ထိုသို့ စစ်ဆေး မေးမြန်းရာတွင် မီးစဖြင့် ထိုးခြင်း၊ ခြေသလုံးပေါ်တွင် မျဉ်းတုံးတင်၍ တက်နင်းခြင်း၊ ဘက်ထရီရှော့တိုက်ခြင်း၊ ဦးခေါင်းကို ရေထဲသို့ဆွဲနှစ်ခြင်း၊ ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ခြင်း၊ ဓားမြှောင်ဖြင့် ထိုးဆွခြင်း စသည်ဖြင့် အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ထွက်ဆိုခဲ့ကြပါတယ်။

## တစ်ပါတည်းနှုတ်ပိတ်

**ထိုသို့ ဖမ်းဆီးချုပ်နှောင် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင့် ၁၄ဦးသေဆုံး သွားခဲ့ကြောင်း၊ ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ညနေစောင်းတွင် ABSDF (မြောက်ပိုင်း)ဥက္ကဋ္ဌဟောင်း ထွန်းအောင်ကျော်အပါအဝင် ၁၉ဦး ကိုလည်း တစ်ဦးချင်းလူသတ်ကုန်းသို့ခေါ်ဆောင်သွားပြီး သံချောင်း ကိုယ်တိုင် ခေါင်းဆောင်၍ သေနတ်ဖြင့် ပစ်သတ်ခြင်း၊ ဓားဖြင့်ခုတ်သတ်ခြင်းများ ပြုလုပ် ခဲ့ကြောင်း၊ အသတ်ခံရသူများအထဲတွင်ပါဝင်သူ သောင်းမြင့်(တန့်ဆည်) က ၎င်းအား ဓားဖြင့် မခုတ်ရန်ပြောသဖြင့် သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း၊ ၎င်းအဖွဲ့ကိုသတ်ဖြတ်စဉ် အစောင့်အဖြစ်လိုက်ပါသွားသူ ကျားလေး(ခေါ်) အောင်စိုးကိုလည်း သံချောင်းတို့အဖွဲ့က တစ်ပါတည်းနှုတ်ပိတ်ပြီး သတ်ပစ်ခဲ့ ကြောင်း၊ ၎င်းတို့ အဖမ်းခံထားရသူ၅၅ဦးလည်း မကြာခင် အသတ်ခံရ တော့မည်ကို သိသဖြင့် ABSDF (မြောက်ပိုင်း) အချုပ်ထောင်အတွင်းမှ ဖောက်ထွင်းထွက်ပြေးပြီး တပ်မတော်စခန်းများထံတွင် အလင်းဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း အသီးသီးထွက်ဆိုခဲ့ကြပါတယ်။**

သံချောင်း(ခေါ်)မြင့်စိုးရဲ့ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်မှုကို ကိုယ်တိုင် တွေ့ကြုံခံစားရသူ မွန်ပြည်နယ် ဘီးလင်းမြို့နယ် မရမ်းကုန်းရွာမှာနေထိုင်တဲ့ ကျော်မျိုးက ထွက်ဆိုရာမှာ ၎င်းကို သံချောင်းက သူလျှိုဟုစွပ်စွဲပြီး ရင်ဘတ်ကို ဓားနဲ့မွှန်းပြီး ညှဉ်းပန်းနှိပ်စက်လို့ ရရှိခဲ့တဲ့ဒဏ်ရာတွေကို ပြန်လည်ပြသပြီး ထွက်ဆိုခဲ့တာဖြစ်ပါတယ်။ အဲ့ဒီလို သံချောင်း(ခေါ်)မြင့်စိုးရဲ့ ညှဉ်းပန်းနှိပ်စက်မှု တွေကို ကိုယ်တိုင်မချိမဆံ့ခံစားခဲ့ကြရတဲ့ ABSDF အလင်းဝင်ခြောက်ဦး ကိုလည်း တွေ့ဆုံမေးမြန်းနိုင်ဖို့ ကျွန်တော်တို့ စီစဉ်ပေးထားပါတယ်။

ထို့အတူပဲ နောက်ပိုင်းမှာ အလင်းဝင်လာကြတဲ့ ABSDF တပ်ဖွဲ့ဝင် လဗွန်ဂမ်လီ၊ သက်နိုင်၊ ကျော်ခိုင်ဝင်းနဲ့ အောင်ဆန်းဦးတို့ရဲ့ ထွက်ဆိုချက်တွေ အရလည်း သံချောင်း(ခေါ်)မြင့်စိုးရဲ့ လူသတ်မှုတွေကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ့ထွက်ဆိုချက်များကို လေ့လာသိရှိနိုင်ဖို့ သီးခြားဖော်ပြ ထားပါတယ်။

**အောင်ဆန်းဦးရဲ့ ထွက်ဆိုချက်အရဆိုရင် သံချောင်းနဲ့အဖွဲ့က ချိုကြီး (မန္တလေး)ရဲ့လက်ကို စနက်တံဖြင့်ကပ်၍ ဖောက်ခွဲပြီး လက်ပြတ်သွားမှ ခေါင်းကိုဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း၊ မခင်ချိုဦးကို အဝတ်အစားများချွတ်ပြီး သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။**

## မျက်မြင်သက်သေထွက်ဆို

ဒါ့အပြင် နမ့်ခမ်းမြို့နယ်အတွင်းမှာ သံချောင်း(ခေါ်)မြင့်စိုးနဲ့ အတူ ဖမ်းမိခဲ့တဲ့ SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ တပ်ခွဲမှူးအဆင့်ရှိသူ စိုင်းထူး

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့**

...အစည်းအဝေးမှ ရွေးချယ်တင်မြှောက်ခဲ့သည့် ABSDF (အနောက်ပိုင်း)
...အလုပ်အဖွဲ့ ၏ ဖွဲ့စည်းပုံဇယား
...ecutive committee elected at the 2003 plenary meeting



*စာမျက်နှာ ၁၀ မှ*

၁၉၉၅ခုနှစ်တွင် ပါဂျိုစစ်သင်တန်းမှ သင်တန်းဆရာ သိန်းဦးကြီး (မိုးညွှန်း) ထွက်ပြေးရာ ပြန်လည်ဖမ်းမိ၍လည်းကောင်း၊ အခြားအမည်မသိ နှစ်ဦးအား သူလျှိုဟုစွပ်စွဲ၍လည်းကောင်း သံချောင်းကိုယ်တိုင် သတ်ခိုင်း၍ သတ်ပစ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း။

## ဘိန်းများဝယ်ယူစုဆောင်းပေးခဲ့

**KIO အဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်သွားပြီးနောက် ၎င်းတို့နယ်မြေတွင် ABSDF(မြောက်ပိုင်း)အား လက်မခံတော့သဖြင့် သံချောင်းနှင့် လက်ကျန်တပ်ဖွဲ့ဝင်အချို့ဟာ လက်နက်များကိုသိုဝှက်ကာ နယ်စပ်ဒေသတစ်ဝိုက်၌ ဓာတ်မြှုပ်ပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြောင်း၊ ခြောက်လခန့်အကြာတွင် SSNA တပ်မဟာမှူးတစ်ဦး၏ ဆက်သွယ်ပေးမှုဖြင့် သံချောင်းနှင့် အင်အား ၈၀ ခန့်ပြန်စုပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ SSNA တပ်မဟာ(၁၆)နေထိုင်သည့် လွယ်ခေးတောင်ကြောတွင် သံချောင်းနှင့် အဆိုပါ တပ်မဟာမှူးတို့ တိုင်ပင်ပြီး ဘိန်းဖြူချက်လုပ်ရန်စီစဉ်သဖြင့် ဘိန်းများဝယ်ယူစုဆောင်းပေးခဲ့ရကြောင်း ထွက်ဆိုခဲ့ပါတယ်။**

**ဆက်လက်ပြီး ၁၉၉၇ခုနှစ် ဇူလိုင်လခန့်မှာ SSA(တောင်ပိုင်း)ရှက်ဆစ်၏ တပ်မဟာတစ်ခုက ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ပြောင်းရွှေ့လာရန် ခေါ်ယူသဖြင့် လိုက်ပါသွားခဲ့ကြောင်း၊ ၁၉၉၈ခုနှစ်၌ သံချောင်းနှင့်အဖွဲ့သည် နယ်စပ်ဒေသ မန်အိုးရွာ၌ SSA(တောင်ပိုင်း)တပ်မဟာ(၂၄၁)အဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ နယ်စပ်ဒေသ၌ တစ်လခန့်နေထိုင်ပြီး SSA (တောင်ပိုင်း) တပ်မဟာ (၁၉၈)လူပ်ရှားရာသို့ သွားရောက်ပူးပေါင်းခဲ့ကြောင်း၊ အဆိုပါ နယ်မြေတွင် ဘိန်းပိသာချိန် ၃၀၀ ခန့်ချက်လုပ်သည့် ဘိန်းဖြူစက်ရုံ၌ လုံခြုံရေးတာဝန်ယူပေးခဲ့၍ ငွေကျပ် ၂၅သိန်းခန့်ရရှိခဲ့ပြီး ၎င်းငွေအားလုံးကို သံချောင်းက ယူသွားကြောင်း စိုးစိုး(ခေါ်)စိုးလေးက ထွက်ဆိုထားပါတယ်။**

**စိုးစိုး(ခေါ်)စိုးလေးကပဲ ၁၉၉၉ ခုနှစ်မှာ သံချောင်းက ပင်လုံမြို့နယ် ဟွေပွားကျေးရွာဥက္ကဋ္ဌ(ပအိုဝ်းတိုင်းရင်းသား)အား ပြန်ပေးဆွဲပြီး ငွေကျပ်သိန်း ၂၀ ဖြင့် လာရွေးခိုင်းခဲ့ကြောင်း၊ ဝမ်ကုန်းကျေးရွာတွင် အခြေပြုပြီး ကားသေးတစ်စီးလျှင် ငွေကျပ်ငါးသောင်း၊ ကားကြီးတစ်စီးလျှင် ငွေကျပ်တစ်သိန်း၊ ရွှေဆိုင်တစ်ဆိုင်လျှင် ရွှေတစ်ကျပ်သား၊ ဆန်စက်ဆီစက်တစ်ခုလျှင် ငွေကျပ်တစ်သောင်း၊ ပွဲလမ်းသဘင်တစ်ခုလျှင် ငွေကျပ် ၁၀သိန်းနှုန်းဖြင့် တစ်နှစ်ကျော် ဆက်ကြေးကောက်ယူပေးခဲ့ရာ ငွေကျပ်သိန်း ၁၀၀ ကျော် ရရှိခဲ့ကြောင်းကိုလည်း ထွက်ဆိုထားပါတယ်။ စိုးစိုး(ခေါ်)စိုးလေးကိုလည်း သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများ တွေ့ဆုံမေးမြန်းနိုင်ဖို့ စီစဉ်ပေးထားပါတယ်။**

## ကျူးလွန်ကြောင်းပေါ်လွင်ထင်ရှား

**ဖော်ပြပါ မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်များအရ SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁) တပ်မဟာမှူး သံချောင်း(ခေါ်)မြင့်စိုး(ခေါ်) စဝ်ခွန်ကျော်ဟာ ABSDF(မြောက်ပိုင်း) စစ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့စဉ်ကစပြီး ၎င်းကိုယ်တိုင်သော်လည်းကောင်း၊ အဖွဲ့အလိုက်သော်လည်းကောင်း လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုတွေကို လက်မရွံ့အကြမ်းဖက် လူသတ်သမားသဖွယ် ရက်ရက်စက်စက် လုပ်ဆောင်ခဲ့ရုံမက မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေ၊ ဆက်ကြေးကောက်မှုတွေကိုပါ ကျူးလွန်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေတာကို တွေ့ရှိကြရမှာဖြစ်ပါတယ်။**

**အဲ့ဒီလို ABSDF (မြောက်ပိုင်း)မှ သံချောင်း(ခေါ်)မြင့်စိုးတို့အဖွဲ့က လူမဆန်စွာ ညှဉ်းပန်းသတ်ဖြတ်မှုတွေလုပ်နေချိန်မှာ အခြား ABSDF နဲ့ အပေါင်းအပါ အကြမ်းဖက်သောင်းကျန်းသူတွေကလည်း ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့တွေရဲ့ မြှောက်ထိုးပင့်ကော်လုပ်နေမှုအတိုင်း နိုင်ငံနဲ့ ပြည်သူလူထုအပေါ်မှာ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ဆက်တိုက်ကျူးလွန်ခဲ့ကြပါတယ်။**

ထင်ရှားတဲ့ သာဓကအချို့ကို ပြန်လည်တင်ပြရမယ်ဆိုရင်–

၁၀–၇–၈၉ရက်နေ့ ညနေ ၃ နာရီခွဲအချိန်မှာ ရန်ကုန်မြို့တော်ခန်းမ၌ ချိန်ကိုက်ဗုံး ပေါက်ကွဲခဲ့လို့ ပြည်သူ(၃)ဦးသေဆုံးပြီး(၄)ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ တရားခံတွေကို လိုက်လံစုံစမ်းဖော်ထုတ်ခဲ့ရာမှာ အကြမ်းဖက်သောင်းကျန်းသူ ကိုကိုနိုင်ကို ကော့ကရိတ်မြို့နယ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။

၆–၁၀–၈၉ရက်နေ့မှာ ရဲသီဟ(ခေါ်)စန်းနိုင်နဲ့ ရဲရင့်(ခေါ်) သန်းလွင်(ခေါ်)သန်းစိုးတို့က မြန်မာ့လေကြောင်းပိုင် ဖော်ကာ–၂၈ ခရီးသည်တင်လေယာဉ်ကို မြိတ်–ရန်ကုန် ခရီးစဉ်အကြားမှာ အပိုင်စီးပြီး တစ်ဖက်နိုင်ငံအတွင်း ဆင်းသက်စေခဲ့ပါတယ်။

## ဖော်ထုတ်ဖမ်းဆီးရမိ

၃၀–၁–၉၀ ရက်နေ့မှာ သောင်းကျန်းသူ ဖောက်ခွဲရေးတာဝန်ခံ ရောဘတ်ဖဲနဲ့ ABSDF တပ်ရင်း(၂၀၆) ဒုတပ်ရင်းမှူး စိုးမိုးဦးတို့ပူးပေါင်းပြီး ရန်ကုန်မြို့တော်ရဲ့ နေရာအနှံ့ ဖောက်ခွဲရန်အတွက် သောင်းကျန်းသူအဖွဲ့ငယ်များခွဲပြီး စေလွှတ်လိုက်ကြောင်း သတင်းအရ ABSDF တပ်ရင်း(၂၀၆)မှ ကျော်ကျော်(ခ) ကျော်ကျော်ဌေးနဲ့အတူ လှသန်းနဲ့ ဇော်ဝင်းထွဋ်တို့ကို ရန်ကုန်မြို့မှာ လက်ပစ်ဗုံး ၁၆လုံးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။

၁၉၉၀ပြည့်နှစ် မတ်လမှာ ABSDF နဲ့ အခြားသောင်းကျန်းသူအဖွဲ့တွေ ပူးပေါင်းပြီး ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးဖို့နဲ့ နိုင်ငံ့ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ဖို့အတွက် စေလွှတ်လိုက်တဲ့ သိန်းငှက်(HAWK)လို့ အမည်ပေးထားတဲ့အဖွဲ့မှ ရှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီအဖွဲ့ကို ABSDF တပ်ရင်း(၂၀၇) တပ်ရင်းမှူး ရဲလင်းအောင်(ခေါ်) အောင်နိုင်နဲ့ သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့မှ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းမှူးဖိလစ်တို့က တစ်လခန့်လေ့ကျင့်သင်ကြားပြီး ပြည်တွင်းသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်သတင်းကို ၈–၅–၉၀ရက်နေ့ထုတ် သတင်းစာများမှာ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

၁၉၉၀ပြည့်နှစ် မေလထဲမှာပဲ နယ်စပ်ဒေသ မာနယ်ပလောစခန်းရှိ ABSDF ဗဟိုအတွင်းရေးမှူး ကျော်ကျော်နဲ့ ABSDF တပ်ရင်း(၂၀၇) နိုင်ငံရေးမှူး စောဝေလင်းဇင်တို့ရဲ့ အစီအမံနဲ့ ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးရန် စေလွှတ်လိုက်တဲ့ မြင့်စိုး(ခေါ်)ကောရှယ်နဲ့နှစ်ဦး ရန်ကုန်မြို့တွင်းမှာ ခိုအောင်းနေစဉ် ဖောက်ခွဲရေးပစ္စည်းတွေနဲ့ သယ်ယူလာတဲ့ကားကိုပါ သိမ်းဆည်းရမိခဲ့ပါတယ်။ ၎င်းတို့နဲ့ ပူးပေါင်းကြံစည်ဆောင်ရွက်ခဲ့တဲ့ မျိုးမင်း၊ မျိုးမင်းဇင်ရှိန်(ခေါ်)မင်းဇင်၊ စန်းမြင့်၊ အောင်သိန်း၊ ခင်ဌေးရီ၊ ဒေါက်တာအေးချမ်း၊ ရဲသွင်၊ မင်းဇော်ဦး၊ အောင်ကျော်စိန်နဲ့ စောဖောထူးတို့ကို ဆက်လက်ဖမ်းမိခဲ့ပါတယ်။ အဲ့ဒီဖြစ်စဉ်သတင်းကို ၂၂–၅–၉၀ရက်နေ့ထုတ် သတင်းစာများမှာ အကျယ်တဝင့် ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

၁၀–၁၁–၉၀ရက်နေ့မှာ ဗန်ကောက်မှရန်ကုန်သို့ ပျံသန်းလာသော TG-305 လေယာဉ်ကို စိုးမြင့်(ခေါ်)ရဲမာန်နဲ့ ထင်ကျော်(ခေါ်)ရဲထင်ကျော်တို့က အပိုင်စီးပြီး အိန္ဒိယနိုင်ငံ ကာလကတ္တားလေဆိပ်ကို ဆင်းသက်စေခဲ့ပါတယ်။

## ကြိုးကိုင်စီစဉ်ခဲ့

**အဲ့ဒီလို ABSDF နဲ့ အခြားအကြမ်းဖက်သောင်းကျန်းသူတွေက နိုင်ငံနဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်အဖျက်လုပ်ရပ်တွေ ကျူးလွန်ရာမှာ ပူးပေါင်းပါဝင်လုပ်ဆောင်နေတဲ့ အကြမ်းဖက်အဖျက်သမားအဖွဲ့တစ်ဖွဲ့ကတော့ NLD-LA ပဲဖြစ်ပါတယ်။ သာဓကတစ်ခုကို ပြရမယ်ဆိုရင် NLD-LA ဟာ ABSDF ၊ ဗကသအဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ဖို့အတွက် သင်တန်းပေးလေ့ကျင့်စေလွှတ်လိုက်တဲ့ ကိုဦး(ခေါ်) မျိုးဦးအပါအဝင် အကြမ်းဖက်အဖျက်သမား ၁၁ ဦးကို ၂၀၀၀ပြည့်နှစ် မေလနဲ့ ဇွန်လအတွင်းမှာ ဖမ်းဆီးရမိခဲ့ပါတယ်။ ၎င်းတို့နဲ့အတူ လမ်းလျှောက်စကားပြောစက်၊ လက်ပစ်ဗုံးတွေကိုပါ သိမ်းဆည်းရမိခဲ့တာဖြစ်ကြောင်းနဲ့ NLD-LA ဥက္ကဋ္ဌ တင်အောင်၊ စစ်ရေးတာဝန်ခံ ထွန်းအောင်ကျော်၊ ABSDF စိုင်းမြင့်သူတို့က ကြိုးကိုင်စီစဉ်ခဲ့တာဖြစ်ကြောင်း ၁၃–၇–၂၀၀၀ ရက်နေ့ သတင်းစာများမှာ အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။**

ရွှေကောင်းလျှံ လက်ဖက်ရည်ဆိုင် အနောက်ဘက်ပုံ



တာမူးမြို့နယ် နယ်စပ်နန့်ဖာလုံဈေး စားသောက်ဆိုင်တန်း ရွှေကောင်းလျှံ လက်ဖက်ရည်ဆိုင် မီးဖိုခန်းတွင် ဗုံးပေါက်ခွဲမှု ဓာတ်ပုံမှတ်တမ်း။

**တာမူးမြို့ နယ်စပ်နန့်ဖာလုံဈေး ဗုံးဖောက်ခွဲမှု၌ ပါဝင်ခဲ့သူ ABSDF (မြောက်ပိုင်း) ရုံးတာဝန်ခံ မောင်မောင်ဦး(ခ) မျိုးထွန်း (၄၀)နှစ် (ဘ) ဦးထွန်းအုံ။**





၁၉၉၆ခုနှစ် ဒီဇင်ဘာလ၂၅ရက်မှာတော့ ရက်စက်မှုအပေါင်း သရဖူဆောင်းတဲ့ လုပ်ရပ်တစ်ခုကို ABSDF၊ NLD-LA နဲ့ အခြားအကြမ်းဖက်အဖျက်သမားတွေ ပူးပေါင်းလုပ်ဆောင်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်ရဲ့ ဗုဒ္ဓစွယ်တော်အစစ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေးအရ ဒေသစာရီကြွချီပြီး ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူတော်အတွင်း အပူဇော်ခံလျက် ရှိနေချိန် ဖြစ်ပါတယ်။

**အဲဒီလို ရဟန်းရှင်လူပြည်သူများရဲ့ ဘာသာရေးဆိုင်ရာ ဖူးမြော်ပူဇော်မှုကို အခွင့်ကောင်းယူပြီး အကြမ်းဖက်အဖျက်သမားတွေဟာ ချိန်ကိုက်ဗုံးထောင်ဖောက်ခွဲမှုကို မိုက်မိုက်ကန်းကန်း လုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီအကြမ်းဖက်ဖျက်ဆီးတဲ့လုပ်ရပ်ကြောင့် ဗုဒ္ဓမြတ်စွယ်တော်သို့ လာရောက်ဖူးမြော်ကြည်ညိုကြတဲ့ ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်ပူဇော်နိုင်ရေး ကူညီဆောင်ရွက်ပေးနေတဲ့ လုံခြုံရေးအဖွဲ့ဝင်တွေနဲ့ ဘုရားဖူးပြည်သူ စုစုပေါင်း ငါးဦးသေဆုံးခဲ့ပြီး ၁၇ဦး ဒဏ်ရာရရှိခဲ့ပါတယ်။**

## စိတ်နှလုံးညှိုးနွမ်းခဲ့ကြ

**လုံခြုံရေးအရ စနစ်တကျစီမံ ဆောင်ရွက်ခဲ့သော်လည်း ဒီလိုမကြံကောင်း မစည်ရာဖြစ်တဲ့ ဒေဝဒတ်လုပ်ရပ်မျိုးကိုတော့ ဘာသာရေးအခမ်းအနားမှာ လုပ်ကြမှာမဟုတ်ဘူးဆိုပြီး လွတ်လွတ်လပ်လပ် ဖူးမြော်နိုင်အောင် စီစဉ်ပေးခဲ့တာဖြစ်ပါတယ်။ ဘုရားပန်းနဲ့ ဆီမီးတွေကို လွတ်လွတ်လပ်လပ်ပူဇော်ခွင့်ပြုခဲ့ပါတယ်။ ဒါပေမယ့် အာဏာရမယ်ဆိုရင် အဖေကိုတောင် ပြန်သတ်ဖို့ဝန်မလေးတဲ့ အဇာတသတ်လို အယူဝါဒလွဲမှားနေပြီး ဒေဝဒတ်လို ပုဂ္ဂိုလ်ကို ဆရာအတင်မှားနေတဲ့ ABSDF အကြမ်းဖက်အဖျက်သမားတွေရဲ့လုပ်ရပ်ကြောင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ရဲ့ စိတ်နှလုံး ညှိုးချုံးခဲ့ကြရပါတယ်။**

ဒီနေရာမှာ ပြည်တွင်းပြည်ပမှာ အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို ABSDF ၊ NLD-LA စတဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး လက်ရဲဇက်ရဲလုပ်ဆောင်ခဲ့တဲ့ အဖွဲ့တစ်ဖွဲ့ကတော့ စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (Vigorus Burmese Student Worriors-VBSW)ပဲ ဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ လေယာဉ်အပိုင်စီးမှုတွေ၊ ဗန်ကောက်ရှိ မြန်မာသံရုံးကို ဝင်ရောက်စီးနင်းမှုတွေ၊ တစ်ဖက်နိုင်ငံ ရပ်ချ်ဘူရီခရိုင်ဆေးရုံကို ဝင်ရောက်စီးနင်းမှုတွေနဲ့ ပြည်တွင်းမှာ ဖောက်ခွဲမှုတွေကျူးလွန်ခဲ့တဲ့ အကြမ်းဖက်အဖွဲ့ဖြစ်ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။

**အလားတူပဲ မြန်မာနိုင်ငံအမျိုးသားကောင်စီ (National Council of the Union of Burma-NCUB) နဲ့ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (Federation of Trade Unions Burma-FTUB) လို့ ခေါ်တဲ့ အကြမ်းဖက်ပြည်ပြေးအဖွဲ့များရဲ့ အထွေထွေအတွင်းရေးမှူးလုပ်နေသူ တရားခံပြေး မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေဟာ NCGUB ပြည်ပြေးစိန်ဝင်းနဲ့ အတူ NDD ၊ ABSDF၊ NLD-LA၊ VBSW အကြမ်းဖက်အဖျက်သမားအဖွဲ့တွေကို ကြိုးကိုင်ပြီး မြန်မာနိုင်ငံအဝန်းမှာ အကြမ်းဖက်လုပ်ငန်းများကို ဦးစီးလုပ်ဆောင်နေသူဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲအဆက်ဆက်မှာ သက်သေခံအထောက်အထားများနဲ့တကွ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။**

## ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းဆက်တိုက်လုပ်လာ

မောင်မောင်ဟာ NCGUB ပြည်ပြေးစိန်ဝင်းကို ဆရာတင်ပြီး တစ်ဖက်က အလုပ်သမားကိစ္စကို ဗန်းပြကာ ထောက်ပံ့ငွေတွေရအောင် ကြံဖန်လုပ်ဆောင်နေသလို တစ်ဖက်ကလည်း ထောက်ပံ့ငွေတွေ ဖောဖောသီသီသုံးပြီး မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေ ဆက်တိုက်လုပ်လာခဲ့ပါတယ်။

နောက်ကြောင်းဖြစ်ရပ်များကို ပြန်လည်တင်ပြရရင် NCGUB မှ ပြည်ပြေးစိန်ဝင်းနဲ့ FTUB မှ ပြည်သစ်ညွန့်ဝေတို့ဟာ ၁၉၉၇ ခုနှစ် မတ်လအတွင်းမှာ အရှေ့အာရှမှ နိုင်ငံတစ်နိုင်ငံကို သွားရောက်ပြီး ABSDF ဥက္ကဋ္ဌ နိုင်အောင်၊ NLD(LA) မှ ဝင်းခက်၊ NCGUB မှ ဒေါက်တာသောင်းထွန်းတို့နဲ့အတူ အဲ့ဒီနိုင်ငံရှိ ပြည်ပြေးတွေနဲ့ တွေ့ဆုံဆွေးနွေးကာ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ရေးနဲ့ အကြမ်းဖက် ဖောက်ခွဲရေးအစီအစဉ်တွေ ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ ၎င်းတို့ရဲ့အစီအစဉ်အရ အကြမ်းဖက်သမား သိန်းငွေနဲ့ သောမတ်(ခေါ်)ဂုဏ်အောင်တို့က အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးရဲ့အိမ်ကို ပါဆယ်ဗုံးပေးပို့ပြီး လုပ်ကြံဖောက်ခွဲခဲ့တာဖြစ်ပါတယ်။

**အဲ့ဒီလုပ်ကြံဖောက်ခွဲမှုမှာ ပါဝင်စီစဉ်ခဲ့တဲ့ NCGUB မှ ဒေါက်တာသောင်းထွန်းဟာ အနောက်နိုင်ငံတစ်နိုင်ငံဆီမှ ABSDF အဖွဲ့အတွက် လစဉ်ထောက်ပံ့ကြေးငွေတွေရအောင် ၁၉၉၈ခုနှစ်မှာ EURO BURMA အဖွဲ့ဒါရိုက်တာ ဟန်ယောင်ဝေနဲ့အတူ ကြိုးပမ်းစီစဉ်ပေးခဲ့သူပဲ ဖြစ်ပါတယ်။**

ပြည်သစ်ညွန့်ဝေဟာ တစ်ဖက်နိုင်ငံမှာ သောင်တင်နေတဲ့ မျိုးအောင်သန့် ဆိုသူနဲ့ အပေါင်းအပါတွေကို ၁၉၉၅ ခုနှစ်ကတည်းက နိုင်ငံတော်ဆန့်ကျင်ရေးလုပ်ငန်းများ၊ အဖျက်အမှောင့်လုပ်ငန်းများမှာ ပူးပေါင်းကြံစည်လုပ်ဆောင်ဖို့ သွေးဆောင်စည်းရုံးခဲ့ပါတယ်။ အနောက်အုပ်စုနိုင်ငံကြီး တစ်နိုင်ငံရောက်နေတဲ့ NCGUB စိန်ဝင်းက ဂြိုဟ်တုဖုန်းတစ်စုံကို ပြည်သစ်ညွန့်ဝေမှတစ်ဆင့် ရန်ကုန်မြို့ရှိ မျိုးအောင်သန့်ထံ ပေးပို့ခဲ့ပါတယ်။ အဲ့ဒီ ဂြိုဟ်တုဖုန်းနဲ့ ဆက်သွယ်ပြီး မျိုးအောင်သန့်နဲ့အဖွဲ့က မဟုတ်မမှန် လုပ်ကြံသတင်းများကို ပြည်ပသို့ ပေးပို့ခဲ့ပါတယ်။

## အစီအစဉ်တွေချမှတ်ပေး

**၄–၆–၉၇ ရက်နေ့မှာ ရနောင်းမြို့ရှိ ဂျန်ဆွမ်တရာ ဟိုတယ်အခန်းနံပါတ်(၅၁၃)မှာ ပြည်သစ်ညွန့်ဝေ၊ မျိုးအောင်သန့်၊ ခင်ကျော်၊ ဖောက်ခွဲရေးသမား သန်းလွင်နဲ့ ABSDF အေးမောင်တို့ငါးဦး တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲက ရန်ကုန်မြို့မှာ ဆူပူမှုတစ်ရပ် ဖြစ်ပေါ်အောင်**

**ABSDF (အနောက်ပိုင်း) ဒုတိယစစ်ရေးတာဝန်ခံ ချစ်သိန်းထွန်း (ခ) ဘိုချစ်(၄၂)နှစ် (ဘ) ဦးငွေထွန်း။**





**လှုံ့ဆော်ဖို့၊ ယင်းလှုံ့ဆော်မှုတွင် NLD နှင့် လုံးဝပတ်သက်မှုမရှိအောင် စီစဉ်ဆောင်ရွက်ဖို့၊ ဒေါ်စုကြည်နှင့် NLD ဆိုသည့် စကားရပ်များ လုံးဝမပါအောင်၊ လုံးဝကင်းရှင်းတယ်ဆိုတဲ့ အမြင်မျိုးဖြစ်အောင် အတတ်နိုင်ဆုံး ဂရုပြုဆောင်ရွက်ဖို့၊ နိုင်ငံ့ခေါင်းဆောင်များအား လုပ်ကြံဖို့၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများအား ပစ်မှတ်ထားပြီး ဖောက်ခွဲဖျက်ဆီးဖို့၊ ရန်ကုန်မြို့ရှိ ဓာတ်အားလိုင်းများ၊ တယ်လီဖုန်းလိုင်းများကို ဖောက်ခွဲဖျက်ဆီးပြီး ဆက်သွယ်ရေးပြတ်တောက်အောင်လုပ်ဖို့ အစီအစဉ်တွေ ချမှတ်ပေးခဲ့ပါတယ်။**

မျိုးအောင်သန့်ကို ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်းကို သန်းလွင်နဲ့ ABSDF အေးမောင်တို့က သင်ကြားပေးပြီး ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေကို ပေးအပ်ခဲ့ပါတယ်။ အဲဒီ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေကို လျှပ်စစ်ထမင်းပေါင်းအိုးအောက်ခြေမှာထည့်ပြီး ကော့သောင်းမှတစ်ဆင့် ရန်ကုန်သို့သယ်ဆောင်ရန် စီစဉ်ခဲ့ပေမယ့် မိမိလုံခြုံရေးတပ်ဖွဲ့ဝင်တွေက အချိန်မီဖော်ထုတ်ဖမ်းဆီးမိခဲ့တဲ့အတွက် နိုင်ငံတော်နဲ့ပြည်သူလူထု ထိခိုက်ဆုံးရှုံးမှုမရှိအောင် ကြိုတင်ကာကွယ်နိုင်ခဲ့တဲ့အကြောင်းတွေကို ၂၇–၆–၉၇ ရက်နေ့က ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ *စာမျက်နှာ ၁၂ ကော်လံ ၁*

23-2 (11).p65 1 3/24/1905, 10:21 PM

*စာမျက်နှာ ၁၁ မှ*

## ABSDF(မြောက်ပိုင်း)နှင့် ဗဟိုဆက်သွယ်မှုနှင့် သံချောင်းတို့အဖွဲ့က ညှဉ်းပန်းနှိပ်စက်မှု မှတ်တမ်းဓာတ်ပုံများ



**နန့်အောင်ထွေးကြည်(ဝဲ)နှင့် မိုးကြီး(ရန်ကုန်)(လွတ်မြောက်)တို့အား သံချောင်းနှင့်အဖွဲ့က စစ်ဆေးနေစဉ်။**



**ထွန်းအောင်ကျော်(မန္တလေး)(အသတ်ခံရသူ)။**



**သန်းနိုင်ချို(မန္တလေး) (လွတ်မြောက်)အား သံချောင်းတို့အဖွဲ့က စစ်ဆေးနေစဉ်။**

**ပြည်သစ်ညွန့်ဝေဟာ မဲဆောက်မှာရှိတဲ့ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု(Network for Democracy and Development-NDD)လို့ အမည်ခံထားတဲ့ အကြမ်းဖက်အဖွဲ့မှ သိန်းဝင်းနဲ့ NLD-LAမှ မြင့်သိန်းတို့ကို ကြားခံထားပြီး မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းများနှင့် လူတန်းစားအလွှာ အသီးသီးထဲမှာ မြေပေါ်အမာခံအချို့ မြှုပ်နှံစည်းရုံး မွေးမြူ၍ ငွေကြေးအထောက်အပံ့များပေးကမ်းကာ ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် ကြံစည်လုပ်ဆောင်နေသူလည်းဖြစ်ပါတယ်။** ၎င်းတို့ရဲ့အမာခံတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ၂၀၀၅ ခုနှစ် ဇူလိုင်လအတွင်းမှာ စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါတယ်။

မဲဆောက်မြို့မှာရှိတဲ့ NDDမှ သိန်းဝင်းဟာ ပဲခူးဇာတိဖြစ်ပြီး ၁၉၈၈ခုနှစ် အရေးအခင်းအပြီးမှာ ပဲခူး NLDလူငယ်ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါတယ်။ ပဲခူးမြို့မှာ ဆူပူအုံကြွမှုဖြစ်အောင် လုပ်ဆောင်မှုကြောင့် ၁၉၉၀ ပြည့်နှစ်မှာ ထောင်လေးနှစ် ကျခဲ့ပါတယ်။ ထောင်ကလွတ်ပြီး ၁၉၉၅ ခုနှစ် ခန့်မှာ တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားပြီး ABSDF အဖွဲ့ထဲကို ဝင်ရောက်ခဲ့သူ ဖြစ်ပါတယ်။

### ပြည်ပထောက်ပံ့ငွေရရှိ

**သိန်းဝင်းဟာ ABSDF အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေစဉ် ၁၉၉၈ခုနှစ်မှာ NCGUB စိန်ဝင်း၊ ABSDF ၊ DPNS မိုးသီးဇွန်နဲ့ အခြား သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့မှ မန်းငြိမ်းမောင်တို့ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ People's Power 21st Century(PP-21)လို့ခေါ်တဲ့ (၂၁)ရာစု ပြည်သူ့စွမ်းအားအဖွဲ့ထဲကို ဝင်ရောက်ပြီး ဖောက်ခွဲရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါတယ်။ အဲ့ဒီအဖွဲ့ဟာ အနောက်နိုင်ငံ တစ်နိုင်ငံမှာ နေရာချပေးပြီး NGO အဖြစ် ဖွဲ့စည်းထားတဲ့ နိုင်ငံရေးအန်တုမှုအဖွဲ့ (P.D. Burma)က တစ်ဆင့် ပြည်ပထောက်ပံ့ငွေတွေကိုရရှိနေကြောင်း သိရပါတယ်။**

ဖောက်ခွဲရေးတာဝန်ခံ သိန်းဝင်းဟာ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့မှာ ပျော်ပွဲရွှင်ပွဲများနဲ့ လူစည်ကားနေတဲ့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံအနီးမှာ ဗုံးဖောက်ခွဲဖို့ စိုးသီဟ(ခ)သူရကျော်ဇင် ဦးဆောင်တဲ့ ရဲကျော်စွာ၊ နိုင်နိုင်၊ မင်းမင်း(ခ)ကျော်ကျော်တို့ လေးဦးပါတဲ့အဖွဲ့ကို တာဝန်ပေးစေလွှတ်ခဲ့ပါတယ်။ အဲဒီအဖွဲ့က မဟာဗန္ဓုလပန်းခြံအနီး ချိန်ကိုက်ဗုံးတစ်လုံးချထားခဲ့သော်လည်း လုံခြုံရေးအဖွဲ့များက ကြိုတင်တွေ့ရှိ ရှင်းလင်းနိုင်ခဲ့လို့ အပြစ်မဲ့တဲ့ ပြည်သူများ သေကြေဒဏ်ရာရခြင်းဆိုတဲ့ အဖြစ်ဆိုးကြီးက လွတ်မြောက်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ အဲဒီနှစ် ဧပြီလအတွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်ဖို့ ဒုတိယအကြိမ် ပြည်တွင်းသို့ ထပ်မံဝင်ရောက်လာခဲ့လို့ ဧပြီလအတွင်းမှာ PP-21မှ စိုးသီဟ(ခ)သူရကျော်ဇင်နဲ့ အဖွဲ့ဝင်နှစ်ဦးကို ဖောက်ခွဲရေးပစ္စည်းများနဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ၁၆-၄-၂၀၀၀ ရက်နေ့ထုတ် သတင်းစာများမှာ အကျယ်တဝင့်ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

**ထို့အတူပဲ ၇-၅-၂၀၀၅ ရက်နေ့ မွန်းလွဲပိုင်းမှာ ရန်ကုန်မြို့ရှိ လူစည်ကားရာနေရာ သုံးနေရာမှာ ချိန်ကိုက်ဗုံးသုံးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ပါတယ်။ အဲဒီနေ့ ၂ နာရီ မိနစ် ၅၀ မှာ ထိုင်းကုန်စည်ပြပွဲကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနမှာ ချိန်ကိုက်ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီးနောက် ၅ မိနစ်အကြာ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်မှာ မရမ်းကုန်းမြို့နယ် Junction-8 စင်တာမှာ ချိန်ကိုက်ဗုံးတစ်လုံး ထပ်မံ ပေါက်ကွဲခဲ့ပြန်ပါတယ်။ နောက်ထပ် ၅ မိနစ်အကြာ ညနေ ၃နာရီမှာ စမ်းချောင်းမြို့နယ် ဒဂုံစင်တာမှာလဲ ချိန်ကိုက်ဗုံးတစ်လုံး ထပ်ဆင့်ပေါက်ကွဲခဲ့လို့ ရဟန်းရှင်လူပြည်သူ ၂၃ ဦး သေဆုံးကာ ၁၅၀ ဒဏ်ရာရရှိခဲ့တဲ့ ဖြစ်ရပ်ဆိုးနဲ့ ကြုံခဲ့ကြရပါတယ်။**

### ပြည်တွင်းအမာခံ UG များနဲ့ ပူးပေါင်းကြံစည်

**အဲ့ဒီဗုံးဖောက်ခွဲမှုဟာ မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေနဲ့ NCGUBမှ ပြည်ပြေးစိန်ဝင်းတို့ရဲ့ လျှို့ဝှက်အစီအမံများဖြင့် ပြည်ပနိုင်ငံတွေမှ နည်းမျိုးစုံနဲ့ ရရှိထားတဲ့ အထောက်အပံ့ငွေကြေးများနဲ့ VBSW အဖွဲ့မှ အဖွဲ့ဝင် ကိုးဦးကို စိတ်ကြိုက်ရွေးချယ်ပြီး ABSDF၊ NDD၊ ပြည်တွင်းအမာခံ UG များနဲ့ ပူးပေါင်းကြံစည်ခဲ့တာဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။**

သာဓကပြရမယ်ဆိုရင် ထိုင်းနိုင်ငံ ကုန်စည်ပြပွဲကျင်းပရာ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန တတိယထပ်ရှိ ကုန်စည်ပြပွဲဖျော်ဖြေရေးစင်မြင့်တစ်ဝိုက်မှာ ဗုံးမပေါက်ကွဲခင် မိနစ်ပိုင်းအလိုအထိ ရိုက်ကူးထားတဲ့ ဗီဒီယိုမှတ်တမ်းအခွေကို ဖော်ထုတ်ရရှိခဲ့လို့ စစ်ဆေးကြည့်ရှုရာမှာ ဖြေဖျော်ရေးစင်မြင့်တစ်ဝိုက်မှာ ABSDF အဖွဲ့ဝင်ဖြစ်တဲ့ ဇော်ဝင်းလွင်၊ ကိုပေါက်နဲ့ အခြားအကြမ်းဖက်အဖွဲ့ဝင်နှစ်ဦး၊ NDD အဖွဲ့ဝင် အောင်မင်းတို့ ကြိုတင်ရောက်ရှိနေကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီဗီဒီယိုမှတ်တမ်းအခွေမှာပါဝင်နေတဲ့ ABSDFနဲ့ NDD အကြမ်းဖက် အဖျက်သမားတွေရဲ့ မှတ်တမ်းပုံတွေကို ကြည့်ရှုလေ့လာနိုင်ဖို့ ဒီခန်းမအတွင်းမှာ ခင်းကျင်းပြသထားပါတယ်။

အဲ့ဒီ ရန်ကုန်မြို့ပေါ် ဗုံးဖောက်ခွဲမှုနဲ့စပ်လျဉ်းပြီး ပါဝင်ပတ်သက်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာမှာ NDD သိန်းဝင်းရဲ့အမာခံ အောင်ချိုဦး(ခေါ်)အောင်သန်း(ခေါ်)ယူနွတ်ကို ၅-၂-၂၀၀၆ ရက်နေ့ ပြည်တွင်းသို့ ပြန်ဝင်လာစဉ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။ **အောင်ချိုဦးရဲ့ထွက်ဆိုချက်အရ ၎င်းဟာ NDD သိန်းဝင်းရဲ့ နိုင်ငံရေးအန်တုမှုသင်တန်းကို တစ်ဖက်နိုင်ငံမှာ တက်ရောက်ခဲ့ပြီး သိန်းဝင်းရဲ့စေခိုင်းမှုကြောင့် ပြည်တွင်းသို့ အကြိမ်ကြိမ်ပြန်ဝင်ကာ ပြည်တွင်းအမာခံ UGများနဲ့ ဆက်သွယ်ခဲ့ကြောင်း၊ ပြည်တွင်းမှ သတင်းများကို တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီး သိန်းဝင်းထံ ပေးပို့ခဲ့ရကြောင်း၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် သိန်းဝင်းနဲ့ ဆက်စပ်ပြီး အနောက်နိုင်ငံကြီးတစ်နိုင်ငံမှ နိုင်ငံခြားသားတစ်ဦးက Free Ranger Army သင်တန်းကို နယ်စပ်တောတွင်းတစ်နေရာ၌ နှစ်လခန့်ပို့ချခဲ့ကြောင်း၊ ၁၅-၁-၂၀၀၆ ရက်နေ့တွင် မဲဆောက်ရှိ သိန်းဝင်း၏နေအိမ်သို့ မောင်မောင်(ခေါ်)ပြည်သစ်ညွန့်ဝေ ရောက်ရှိလာပြီး ဘတ်ငွေတစ်သိန်းခွဲခန့် ပေးအပ်သည်ကို တွေ့ရကြောင်း၊ မောင်မောင်က သိန်းဝင်းကို ပြည်တွင်းမတည်ငြိမ်မှုနဲ့ ဆူပူမှုများလုပ်ဆောင်ရန်အတွက် လစဉ်ဘတ်ငွေတစ်သိန်းခွဲခန့် ထောက်ပံ့လျက်ရှိကြောင်း၊ PP-21 ကို ကြိုးကိုင်စီစဉ်နေသူတစ်ဦး ဖြစ်တဲ့ မန်းငြိမ်းမောင်လည်း သိန်းဝင်းထံ မကြာခဏလာရောက်လေ့ရှိကြောင်း။**

သိန်းဝင်းရဲ့ မှာကြားချက်အရ အောင်ချိုဦးဟာ ရန်ကုန်မြို့ရှိ စင်တာ၊ ပလာဇာနဲ့ ရုပ်ရှင်ရုံများရဲ့ လုံခြုံရေးအခြေအနေကို နှစ်ရက်တိုင်တိုင်လေ့လာပြီး ရန်ကင်းစင်တာ၊ ဒဂုံစင်တာ၊ ကုန်သွယ်မှုဗဟိုဌာနနဲ့ မင်္ဂလာရုပ်ရှင်ရုံတို့၌ လုံခြုံရေးတင်းကြပ်မှုမရှိကြောင်းကို ဖုန်းနံပါတ်-၂၀၁၇၇၄ ဖြင့် မဲဆောက်ရှိ သိန်းဝင်းထံသို့ သတင်းပို့ခဲ့ရကြောင်း၊ ယင်းသို့သတင်းပို့ပြီးနောက် မေလဆန်းတွင် ရန်ကုန်မြို့(၃)နေရာ၌ ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်၍ NDD သိန်းဝင်းနဲ့ PP-21အဖွဲ့ရဲ့လက်ချက်ဟုယူဆကြောင်း ထွက်ဆိုထားပါတယ်။ အကြမ်းဖက်ဖောက်ခွဲရေးတာဝန်ခံ NDD သိန်းဝင်းရဲ့အမာခံ အောင်ချိုဦး(ခေါ်) အောင်သန်း(ခေါ်) ယူနွတ်ကို တွေ့ဆုံမေးမြန်းနိုင်ဖို့ တစ်ပါတည်း စီစဉ်ပေးထားပါတယ်။

### ဝင်ရောက်ရှာဖွေ

**အဲ့ဒီလို နိုင်ငံနဲ့ပြည်သူတွေအပေါ် လူမဆန်စွာရက်စက်ယုတ်မာမှုတွေ လက်ရဲဇက်ရဲကျူးလွန်နေတဲ့ ABSDF ၊ NLD-LA စတဲ့အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပြည်တွင်းမှ နိုင်ငံရေးပါတီဝင်အချို့ရဲ့ ဆက်သွယ်ဆက်စပ်မှုကို တစ်ပါတည်း ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။** ဒေါ်စုကြည်ရဲ့ နေအိမ်ခြံဝင်းကို ၂၀-၇-၈၉ရက်နေ့တွင် ဥပဒေနှင့်အညီ ဝင်ရောက်ရှာဖွေရာမှာ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၊ တရားမဝင်အဖွဲ့အစည်းများမှ ရေးသားပေးပို့ထားသော စာရွက်စာတမ်းများစွာကို သိမ်းဆည်းရရှိခဲ့ပြီး နေအိမ်ခြံဝင်းအတွင်း တရားမဝင်နေထိုင်သူ ၄၀ ကိုလည်း ခေတ္တထိန်းသိမ်းခဲ့ရပါတယ်။

တရားမဝင်အဖွဲ့အစည်းတွေက ရေးသားပေးပို့တဲ့ စာတွေအနက် ၁၃-၃-၈၉ ရက်စွဲနဲ့ Democratic Student Front (DSF)၊ တိုးတက်သောကျောင်းသားများ ဒီမိုကရေစီအင်အားစု(The Progressive Student Force for Democracy-PSFD)မှ ဝင်းနိုင်ဦးဆိုသူရဲ့ နယ်စပ်၌ ၎င်းတို့လှုပ်ရှားမှု၊ ၂၀-၂-၈၉ရက်နေ့မှာ DSF အဖွဲ့ဝင်လေးဦး ပြည်တွင်းပြန်ဝင်ခဲ့မှု၊ လက်ရှိနိုင်ငံရေးသုံးသပ်ချက်၊ DSF နှင့် PSFD ၏ သဘောထားတင်ပြချက်စာများကို တွေ့ရှိရပါတယ်။

**ဖမ်းဆီးရမိတဲ့ လူ၄၀ထဲမှာ ABSDF ထောက်ပံ့ရေး ကော်မတီ တွဲဖက်တာဝန်ခံ စိုးမြတ်သူ (၂၂နှစ်)လည်း ပါဝင်ပါတယ်။ စိုးမြတ်သူရဲ့ ထွက်ဆိုချက်တွေအရ ၎င်းဟာ ၁၉၈၈ခုနှစ် နိုဝင်ဘာလအတွင်းက လက်နက်ကိုင်တော်လှန်ရေးကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဒေါ်စုကြည် အပါအဝင် ဗကသခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါတယ်။**

၎င်းဟာ ၁၃-၂-၈၉ ရက်နေ့က ဥသုတစခန်းမှာ ABSDF ဗဟိုကော်မတီ ရွေးချယ်ဖွဲ့စည်းရာတွင် ထောက်ပံ့ရေးကော်မတီရဲ့ တွဲဖက်တာဝန်ခံအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါတယ်။ **အဲ့ဒီနောက် ၇-၅-၈၉ ရက်နေ့မှာ ရန်ကုန်သို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး NLD ခြံဝင်းအတွင်းမှာ နေထိုင်လျက် မေလကုန်တွင်တစ်ကြိမ်၊ ဇွန်လလယ်တွင်တစ်ကြိမ် ဒေါ်စုကြည်နဲ့တွေ့ဆုံပြီး ABSDF အဖွဲ့ မည်သို့ ဆက်လုပ်သင့်ကြောင်း အကြံဉာဏ်တောင်းခံခဲ့တယ်လို့ သိရပါတယ်။ အဲ့ဒီနောက် ဒေါ်စုကြည်ရဲ့ ခြံဝင်းအတွင်းမှာပင် ဆက်လက်နေထိုင်ပြီး နိုင်ငံခြားသံရုံးများနဲ့ အဆက်အသွယ် အကူအညီရရှိရေး လှုပ်ရှားနေစဉ်မှာ အဖမ်းခံခဲ့ရခြင်းဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်သတင်းကို ၅-၈-၈၉ရက်နေ့မှာ ကျင်းပတဲ့ အထူးသတင်းစာရှင်းလင်းပွဲမှာ အကျယ်တဝင့် ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။**

### အားပေးအားမြှောက်ပြု

**ABSDF ၊ NLD-LA စတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ ပေါ်ပေါက်လာအောင်၊ နိုင်ငံတော်နဲ့ပြည်သူအပေါ်မှာ အကြမ်းဖက်လုပ်ရပ်တွေ လက်ရဲဇက်ရဲလုပ်ဆောင်လာအောင် ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အုပ်စုတွေက အားပေးအားမြှောက်ပြုခဲ့တယ်ဆိုတာ ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါတယ်။**

အဲ့ဒီကာလမှာ ပြည်ပြေးစိန်ဝင်းနဲ့ အပေါင်းပါတချို့ မာနယ်ပလောကို ရောက်လာပြီး KNUနဲ့ ပေါင်းကာ NCGUB ဆိုတာကို ၁၉၉၀ပြည့်နှစ် ဒီဇင်ဘာလမှာ ဖွဲ့လိုက်ပါတယ်။

စိန်ဝင်းတို့ ပြည်ပြေးဘဝမရောက်ခင် ၁၉၈၉ ခုနှစ်မှာ အမေရိကန်နိုင်ငံသား Mr. David Arnott ဆိုတဲ့သူက Burma Peace Foundaion ဆိုပြီး NGO အဖွဲ့တစ်ဖွဲ့ ထောင်လိုက်ပါတယ်။ အဲ့ဒီအဖွဲ့ဟာ နယ်စပ်မှာရှိတဲ့ ABSDF အဖွဲ့ကို အကူအညီပေးခဲ့ပါတယ်။ ABSDF အဖွဲ့ဝင်အချို့ကိုလည်း Refugee Status နဲ့ အနောက်နိုင်ငံကြီးတစ်နိုင်ငံမှာ အခြေပြုနိုင်ဖို့ အဲဒီအဖွဲ့ကပဲ အကူအညီပေးခဲ့ပါတယ်။

### တပည့်မွေးထားတဲ့သဘောပဲဖြစ်

David Arnott ဟာ ဒေါ်စုကြည်ရဲ့ခင်ပွန်း Michael Aris နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေ ဖြစ်ပါတယ်။ ဒေါ်စုကြည်ရဲ့ ယောက္ခမ Evalin Aris တို့နဲ့ အဆက်အသွယ်ရှိပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ ပြည်ပကို ရောက်နေတဲ့ မြန်မာလူငယ်တွေထဲက တချို့ကို Student Activist Scholarship ပေးတဲ့ ကိစ္စတွေမှာဆိုရင် Michael Aris နဲ့ပေါင်းပြီး ဆောင်ရွက်ရွေးချယ်ပေးခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ပြည်ပမှာ နေထိုင်ခွင့်ရဖို့၊ ထောက်ပံ့ကြေးရဖို့ ဆောင်ရွက်ပေးပြီး လှုပ်ရှားမှု၊ တောင်းဆိုမှုတွေလုပ်တဲ့ အခါမှာ လိုသလိုခိုင်းလို့ရအောင် တပည့်မွေးထားတဲ့သဘောပဲ ဖြစ်ပါတယ်။

ABSDF ကိုအခြေခံပြီး ထပ်ဖွဲ့တာက DBSO လို့ခေါ်တဲ့ အဖွဲ့ပဲဖြစ်ပါတယ်။ ဒီမိုကရက်တစ် မြန်မာကျောင်းသားများအဖွဲ့ (Democratic Burmese Student Organization)လို့ ခေါ်ပါတယ်။ အဖွဲ့အမည်ကို ကြည့်ရုံနဲ့ ပညာရေးကိစ္စ သီးသန့်လုပ်ဖို့လား၊ နိုင်ငံရေးမှာ အသုံးချဖို့လားဆိုတာကို သိနိုင်ပါတယ်။

ပြည်ပြေးစိန်ဝင်းတို့ ပြည်ပကိုရောက်သွားတဲ့ ၁၉၉၂ ခုနှစ်မှာ David Arnott ဟာ Burma Peace Foundation အမည်ကိုသုံးပြီး ပြည်ပနိုင်ငံတွေကနေ ထောက်ပံ့ကြေးတွေရအောင်လုပ်ပြီးတော့ DBSO ၊ NCGUB စတဲ့အဖွဲ့တွေကို ခွဲဝေပေးတာ တွေ့ရပါတယ်။

အနောက်နိုင်ငံကြီးတစ်နိုင်ငံက နှစ်စဉ်ပြည်ပအကူအညီပေးရေးနှင့် သက်ဆိုင်သောဥပဒေ (Annual Foreign Assistance Appropriation Act)အရ နယ်စပ်ရှိ သောင်းကျန်းသူအဖွဲ့တွေကို ငွေကြေး ထောက်ပံ့မှုပေးနေတာ ဖြစ်ပါတယ်။ သာဓကပြရရင် ၁၉၉၆ ခုနှစ်က National Coalition for Democracy အဖွဲ့အစည်းများအတွက် ဒေါ်လာ ၁၆၅၄၀၀ ခွဲဝေပေးပါတယ်။ အဲဒီငွေထဲက NCGUB အတွက် ဒေါ်လာ ၅၅၀၀၀ ထောက်ပံ့ပေးခဲ့ပါတယ်။ NCUB အဖွဲ့အတွက် ဒေါ်လာ ၁၁၀၄၀၀ ထောက်ပံ့ခဲ့ပါတယ်။

ဒါ့အပြင် NGO အဖွဲ့တစ်ဖွဲ့ကို ဒေါ်လာ ၄၅၀၀၀၀ ခွင့်ပြုပေးထားပြီး အဲဒီထောက်ပံ့ကြေးတွေအနက်က KNU ဒေါက်တာစင်သီယာဆေးခန်းနဲ့ KNU ဆေးရုံတွေအတွက် Burma Border Consortium ဆိုတဲ့ BBC အဖွဲ့ကတစ်ဆင့် ထောက်ပံ့ကြေးတွေ ပေးနေတာတွေ့ရပါတယ်။

နောက်တစ်ခုက World Concern Development ခေါ်တဲ့အဖွဲ့ကို ဒေါ်လာ ၄၅၀၀၀၀ ထောက်ပံ့ပေးပြီး အဲဒီအဖွဲ့က နယ်စပ်မှာရှိတဲ့ Refuge Camp လို့သူတို့ခေါ်တဲ့ အကြမ်းဖက်သောင်းကျန်းသူ မိသားစုတွေရဲ့ စခန်းတွေကို ထောက်ပံ့နေတာ တွေ့ရပါတယ်။

**အဲဒီလို အနောက်နိုင်ငံကြီးတချို့က ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး အရေခြုံထားတဲ့အဖွဲ့အစည်းများအား ငွေကြေးနှင့်ပစ္စည်းများကူညီပံ့ပိုးပြီး အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ရန် အားပေးနေမှုအကြောင်းကို ၂၇-၆-၉၇ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ အကျယ်တဝင့် ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။**

### ဗုံးပေါက်ကွဲမှုဖြစ်ပွား

မကြာသေးမီကဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်တစ်ခုကို ဖော်ပြရင် ၈-၁-၂၀၀၆ရက်နေ့ နံနက် ၈နာရီ ၁၅မိနစ်က စစ်ကိုင်းတိုင်း တမူးမြို့နယ်နယ်စပ် နန့်ဖာလုံဈေး စားသောက်ဆိုင်တန်း ဆိုင်အမှတ်(၁) မီးဖိုခန်းမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး ဆိုင်ရှင်ဦးမောင်မောင်ထွန်း သေဆုံးခဲ့ရပါတယ်။ အဲဒီနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်မှာပဲ နန့်ဖာလုံဈေး အရှေ့ဘက်ဝင်ပေါက်ရှိ ရွှေကောင်းလျှံလက်ဖက်ရည်ဆိုင် မီးဖိုခန်းမှာ ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ပြီး မောင်စိုး(ခေါ်)စိုးမြင့် ပွဲချင်းပြီးသေဆုံးသွားပါတယ်။

သက်ဆိုင်ရာတာဝန်ရှိသူတွေက ဗုံးပေါက်ကွဲမှုနဲ့စပ်လျဉ်းပြီး ၁၅-၁-၂၀၀၆ ရက်နေ့မှာ ABSDF (အနောက်ပိုင်း) ရုံးတာဝန်ခံ မောင်မောင်ဦးနဲ့ ဒုတိယစစ်ရေးတာဝန်ခံ ချစ်သိန်းထွန်းတို့ကို တမူးမြို့ နယ်စပ်မှာ ဖော်ထုတ်ဖမ်းဆီးပြီး စစ်ဆေးခဲ့ပါတယ်။ ၎င်းတို့ရဲ့ထွက်ဆိုချက်အရ ABSDF (အနောက်ပိုင်း) စစ်ဦးစီးမှူးဖြစ်သူ လှဌေး(ခေါ်)ရဲထွဋ်က ABSDF ရုံးတာဝန်ခံ မောင်မောင်ဦးထံသို့ ဖောက်ခွဲရေးသမား ဒေးဗစ်၊ ဆွန်မန်နဲ့အောင်အောင်တို့ သုံးဦးကို စေလွှတ်ပေးခဲ့ကြောင်း၊ မောင်မောင်ဦးက ရေဒီယိုကက်ဆက်တစ်လုံးနဲ့ ရေဒီယိုတစ်လုံးအတွင်းမှာ ဒေးဗစ်တို့အဖွဲ့ယူလာတဲ့ ယမ်းနဲ့စနက်တံတွေတပ်ဆင်ပေးပြီး ဒေးဗစ်တို့အဖွဲ့က နန့်ဖာလုံဈေးအတွင်းမှာ မေ့ကျန်ရစ်ယောင်ဟန်ဆောင်ထားရှိကာ ဖောက်ခွဲဖျက်ဆီးမှု ပြုလုပ်ခဲ့တာဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။ ဒီလုပ်ရပ်ဟာ နှစ်နိုင်ငံနယ်စပ်ဒေသတွေမှာ ကူးသန်းသွားလာရောင်းဝယ်ဖောက်ကားမှုတွေ စည်ပင်ဖြစ်ထွန်းနေတာကို မလိုလားမရှုဆိတ်ဘဲ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် တမင်သက်သက် ဖျက်လိုဖျက်ဆီးလုပ်တဲ့ အကြမ်းဖက်အဖျက်လုပ်ရပ်ပဲ ဖြစ်ပါတယ်။

**အဲ့ဒီလိုနယ်စပ်ဒေသနဲ့ ကျေးလက်တောရွာတွေကိုလည်းမရှောင်၊ မြို့ကြီးပြကြီး လူစည်ကားရာ ဒေသတွေကိုလည်း အလွတ်မပေးဘဲ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အမျိုးမျိုးဒုက္ခပေးနေရုံမက ဘာသာရေးကြည်ညိုပူဇော်မှု အခမ်းအနားတွေအထိ ငရဲမှလာသူ ပြာပူမသိ ဆိုသလို အကြမ်းဖက်သောင်းကျန်းနေကြတဲ့ NCGUB ၊ NCUB ၊ FTUB ၊ ABSDF ၊ NLD-LA ၊ NDD ၊ VBSW နဲ့ အပေါင်းပါတွေရဲ့ လုပ်ရပ်ဟာ တရားနည်းလမ်းမကျဘူး၊ ဥပဒေနဲ့မကိုက်ညီဘူး၊ လူ့အခွင့်အရေးနဲ့ ဆန့်ကျင်နေတယ်၊ ဒီမိုကရေစီအနှစ်သာရကို ပျက်ပြားစေတယ်၊ တစ်ကမ္ဘာလုံးက ဆန့်ကျင်တိုက်ဖျက်နေတဲ့ အကြမ်းဖက် အဖျက်လုပ်ရပ်ဖြစ်တယ်၊ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများကို သာမက ဒေသတွင်းနိုင်ငံများနဲ့ ပြည်သူတွေကိုပါ ထိခိုက်နစ်နာစေတယ်၊ တစ်ကမ္ဘာလုံးရဲ့ လုံခြုံရေးစနစ်ကို ခြိမ်းခြောက်ရာရောက်တယ်လို့ ဘယ်ပြည်ပမှ ဆရာကြီးတွေ၊ ဘယ်နိုင်ငံခြားအသံလွှင့်ဌာနတွေကမှ ဖျောင်းဖျောင်းဖျဖျနဲ့ သတိပေးနားချတာမျိုးမလုပ်ဘဲ မသိချင်ဟန်ဆောင်နေကြတာ ဖြစ်ပါတယ်။**

*စာမျက်နှာ ၁၃ ကော်လံ ၁*

စာမျက်နှာ ၁၂ မှ

## သုံးသပ်ဖော်ထုတ်တွေ့ရှိ

**အကြမ်းဖက် အဖျက်သမားအဖွဲ့တွေကို လမ်းမှန်ပြန်ရောက်အောင်၊ တရားနည်းလမ်းတကျဖြစ်အောင် မလုပ်တဲ့အပြင် တပည့်လိမ္မာ ဆရာအာပတ်လွတ်ဆိုသလိုဖြစ်အောင် မိုးကြိုးပစ်တာကို ထန်းလက်နဲ့ ကာပေးတာမျိုး၊ မီးလောင်ရာလေပင့်တာမျိုးတွေလုပ်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်တွေ လက်မလျှော့တမ်း ဆက်လုပ်ဖို့ နည်းပေးလမ်းပြလုပ်နေကြတာ၊ အားပေးအားမြှောက် ပြုနေကြတာတွေကိုသာ သုံးသပ်ဖော်ထုတ်တွေ့ရှိကြရမှာ ဖြစ်ပါတယ်။**

တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူထားတဲ့ ကာလတစ်လျှောက်လုံးမှာ ဖော်ပြခဲ့တဲ့ သတင်းတွေ၊ သတင်းစာရှင်းလင်းပွဲတွေအားလုံးဟာ အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း ပကတိရိုးသား ဖြူစင်စွာ ဖော်ပြခဲ့တာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

နိုင်ငံတော်က သတင်းစာရှင်းလင်းပွဲလုပ်လိုက်တိုင်း၊ သတင်းတွေထုတ်ပြန်လိုက်တိုင်း အမှန်ကို အမှန်အတိုင်း မရှုမြင်လိုကြတဲ့၊ အရှိကိုအရှိအတိုင်း မသုံးသပ်နိုင်ကြတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေ၊ မုသာဝါဒီအသံလွှင့်ဌာနနဲ့ မီဒီယာတွေက ၎င်းတို့ရဲ့ ဓာတ်ပြားဟောင်းကြီးအတိုင်း အဖြူကို အမည်း ဖြစ်အောင်၊ အမှန်ကို အမှားဖြစ်အောင်၊ ဓမ္မကိုအဓမ္မဖြစ်အောင် ဉာဏ်နီဉာဏ်နက်တွေသုံးပြီး အမြဲတမ်းတုံ့ပြန်ထုတ်လွှင့် နေကျဖြစ်တယ်ဆိုတာ အဲ့ဒီ အဖျက်သမားတွေရဲ့ အနက်သဘောကို စောကြောမိသူတိုင်း နားလည်သဘောပေါက်ပြီးဖြစ်ပါတယ်။

ဒီနေရာမှာ တပ်မတော်အစိုးရလုပ်သမျှကို အပုပ်ချနေတဲ့ မုသာဝါဒီအသံလွှင့်ဌာနနဲ့ မီဒီယာတွေ၊ အပေါင်းပါ ပြည်တွင်းပြည်ပအဖျက်သမားတွေက အပြစ်တင်လိုဇောနဲ့ အလောတကြီးထုတ်လွှင့်ပြောကြားသွားလို့ အမြီးအမောက်မတည့်တဲ့ အချက်တစ်ချက်လောက်ကိုပဲ ကျွန်တော်တို့ထောက်ပြလိုပါတယ်။ အဲဒါက သံချောင်းနဲ့အဖွဲ့ရဲ့ အသက်အန္တရာယ်နဲ့ သူတို့ရဲ့လုံခြုံရေးအတွက် အင်မတန်စိုးရိမ်စရာကောင်းပါတယ်ဆိုပြီး VOA နဲ့ ABSDF တို့ အတိုင်အဖောက်လုပ်လိုက်တဲ့ ထုတ်လွှင့်မှုပဲဖြစ်ပါတယ်။ အဲဒီအချက်ဟာ သတင်းစာရှင်းလင်းပွဲ (၁/၂၀၀၆)ကို လေ့လာကြည့်ရှုသူတိုင်း အလွယ်တကူသိမြင်နားလည်နိုင်တဲ့အချက်ပဲ ဖြစ်ပါတယ်။

## စားနပ်ရိက္ခာပြတ်လပ်နေ

**ဒါကတော့ သံချောင်း(ခေါ်)စဝ်ခွန်ကျော်ဦးစီးတဲ့ SSA တပ်မဟာ(၂၄၁)ကို ဒေသခံတိုင်းရင်းသား ပြည်သူတွေနဲ့ တပ်မတော်ပူးပေါင်းပြီး ဝိုင်းဝန်းပိတ်ဆို့ခဲ့ရာမှာ အလင်းဝင်သူ ၁၁ဦးနဲ့ လက်ရဖမ်းဆီးရမိသူ ၃၉ဦး စုစုပေါင်း၅၀ ဖြစ်ပါတယ်။ လမ်းခရီးတိုက်ပွဲမှာလေးဦးသေဆုံးပြီး လူသစ်လေးဦး ထွက်ပြေးခဲ့တာမို့ စုစုပေါင်း ၎င်းတို့မှာ ပါရှိခဲ့တဲ့ဦးရေအတိုင်း ၅၈ဦး အရေအတွက်ကိုက်ညီပါတယ်။ အလင်းဝင်သူ၊ ဖမ်းဆီးရမိသူ ၅၀ စလုံးဟာ အဲ့ဒီအချိန်မှာ စားနပ်ရိက္ခာ ပြတ်လပ်နေကြလို့ တပ်မတော်ကို ခုခံဖို့မပြောနဲ့ လမ်းတောင်အနိုင်နိုင် လျှောက်နေရသူတွေ ဖြစ်ပါတယ်။**

**အဲ့ဒီလိုအချိန်မှာ အဲ့ဒီသောင်းကျန်းသူ၅၀စလုံးကို တပ်မတော်ကသာ ရန်သူလိုသဘောထားတယ်ဆိုရင်၊ တစ်နည်းအားဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးကို သံချောင်း(ခေါ်)စဝ်ခွန်ကျော်တို့အဖွဲ့က ကျောက်မဲ မြို့နယ်မှာ ဖမ်းမိခဲ့စဉ်တုန်းကလို တရားဥပဒေနဲ့စည်းမျဉ်းစည်းကမ်းတွေကိုမလိုက်နာဘဲ ရိုက်သတ်ခဲ့တဲ့ အကြမ်းဖက်နည်းအတိုင်း ကျင့်သုံးမယ်ဆိုရင်၊ တစ်နည်းအားဖြင့် ABSDF သံခဲနဲ့ အပေါင်းပါအကြမ်းဖက် အဖျက်သမားတွေစည်းမစောင့်ဘဲ လူစည်ကားရာနေရာတွေမှာ၊ ဘာသာရေးအခမ်းအနားတွေမှာ ဗုံးထောင်ဖောက်ခွဲပြီး ပြည်သူလူထုကို စတေးသလိုမျိုးသာလုပ်ခဲ့မယ်ဆိုရင် အဲ့ဒီနမ့်ခမ်းဒေသတောတွင်းမှာပဲ သံချောင်း(ခေါ်)စဝ်ခွန်ကျော် အပါအဝင် SSA(တောင်ပိုင်း) အကြမ်းဖက်သောင်းကျန်းသူ ၅၀စလုံး လက်စတုံးချေမှုန်းခံရမှာဖြစ်ပါတယ်။**

တပ်မတော်ရဲ့ ဖြူစင်သောစေတနာမှန်နဲ့ မှန်မြတ်တဲ့လုပ်ရပ်ကို မုသာဝါဒသတင်းဌာနတွေနဲ့ ABSDF သံခဲတို့အဖွဲ့က မသိကျိုးကျွံပြုနေကြပေမယ့် အမှန်နဲ့အမှားကို ခွဲခြားသိမြင်သူတိုင်းက နားလည်သဘောပေါက်ခဲ့ကြပြီး ဖြစ်ပါတယ်။ **သံချောင်းကိုယ်တိုင် တပ်မတော်က ဝိုင်းထားပြီး လက်နက်ချဖို့ပြောလို့ လက်နက်ချအဖမ်းခံရချိန်မှာ ချုံးပွဲချပြီးငိုခဲ့ကြောင်း သိရပါတယ်။** သံချောင်းရဲ့မျက်ရည်ဟာ **တပ်မတော်ရဲ့ စေတနာမှန်ကို သိမြင်လိုက်ရလို့** ဝမ်းနည်းဝမ်းသာကျလာတဲ့ မျက်ရည်တွေပဲ ဖြစ်ပါလိမ့်မယ်။ **အဲ့ဒီလို သံချောင်းတို့အဖွဲ့ကို လက်ရဖမ်းမိချိန်မှာ တပ်မတော်က လူသားအချင်းချင်း စာနာထောက်ထားရုံမက ညီရင်းအစ်ကိုပမာ ဆက်ဆံပြုမူခဲ့ကြောင်း အဖမ်းခံရသူတွေကိုယ်တိုင်က သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)မှာ ရှင်းလင်းပြောကြားခဲ့ကြတာကိုလည်း အားလုံးကြားသိကြပြီး ဖြစ်ပါတယ်။**

## လက်ကမ်းကြိုဆိုနေ

ကျွန်တော်တို့ အကြိမ်ကြိမ်အထပ်ထပ် ရှင်းလင်း ပြောကြားခဲ့သလို တပ်မတော်ဟာ နိုင်ငံတော် လုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်ကို မွေးရာပါ မွန်မြတ်သောတာဝန်အဖြစ် သမိုင်းစဉ်တစ်လျှောက်လုံး ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ်မှာ ကျောသားရင်သား မခွဲခြားဘဲ တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုပမာ အမြဲတမ်းသဘောထား ကျင့်သုံးဆောင်ရွက်နေပါတယ်။ နိုင်ငံတော် လုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်အရ စစ်မြေပြင်မှာ အဖျက်ရန်သူဟူသမျှကို တိုက်ခိုက်ချေမှုန်းရစမြဲ ဖြစ်သော်လည်း တပ်မတော်ရဲ့ စေတနာမှန်နဲ့ ဖြူစင်တဲ့လုပ်ရပ်ကို သိမြင်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးကို သားရွှေအိုးထမ်းပြန်လာသလို လက်ကမ်းကြိုဆိုနေတာ ကာလတစ်လျှောက်လုံးပဲ ဖြစ်ပါတယ်။ အမြင်မှန်ရပြီး ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းလာမယ့် လက်ကျန်တောတွင်း လက်နက်ကိုင်အဖွဲ့ဝင်တွေကိုလည်း စိတ်ရင်းစေတနာအမှန်နဲ့ မေတ္တာတံခါး အမြဲ ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေတာ ကာလရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၆ မှ

## ဦးကံမြင့်ဦး

ကျွန်တော်ကတော့ ကံမြင့်ဦးပါ။ ကျွန်တော် ၁၉၈၉ ခုနှစ်လောက်မှာ ဖားကန့်ဘက်ကို အရောင်းအဝယ်လုပ်သွားရင်းနဲ့ အဖမ်းခံရပြီးတော့ အတင်းခေါ်သွားလို့ ပါသွားခဲ့တာပါ။ ဗဟိုကိုရောက်တော့လည်း စစ်သင်တန်းဆိုတာ ဟုတ်တိပတ်တိ မဟုတ်ပါဘူး။ သုံးပတ်လိုလို၊ တစ်လလိုလို အခြေအနေအရပေါ့။ အဲဒီမှာ ကျွန်တော်စစ်လည်းမတိုက်ဖူးဘူး။ ဘာအတွေ့အကြုံမှလဲ ကျွန်တော်မရှိပါဘူး။ အဲဒီလိုနေတဲ့နောက် ဖမ်းဆီးနှိပ်စက်တာခံရတာပါပဲ။ နောက်သတ်ဖြတ်တာတွေ အများကြီးရှိပါသေးတယ်။ အဲဒီလိုသတ်ဖြတ်တာကလည်း ABSDF မြောက်ပိုင်းတင် မဟုတ်ပါဘူး။ တောင်ပိုင်းမှာလည်း ဒီလိုပဲ သတ်တယ်ဆိုတာကြားသိနေရတာပဲ။ အဲဒီလိုသတ်ဖြတ်တာကလည်း အချင်းချင်းဂိုဏ်းဂဏတွေကွဲပေါ့နော်။ ဂိုဏ်းဂဏတွေကွဲပြီး သတ်ဖြတ်ကျတာပေါ့။ ကျွန်တော်တို့နဲ့အတူတူ ကိုထွန်းအောင်ကျော်၊ ဥက္ကဋ္ဌဖြစ်တဲ့ ကိုထွန်းအောင်ကျော်ကို ဖြုတ်ချချင်တာနဲ့ပဲ လူပေါင်း ၁၀၀ ကျော်လောက် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခံခဲ့ရတာပေါ့။ ကျွန်တော်တို့ ထွက်ပြေးလွတ်မြောက်လာတဲ့သူ ၅၅ ဦးထဲမှာလည်း တစ်ယောက်က အဲဒီဒဏ်ရာနဲ့ပဲ လမ်းမှာသေခဲ့တာပါ။ ဒီလိုလူသတ်ဝါဒတွေဟာ ကိုယ့်အတွက်လည်း အကျိုးမရှိ၊ တိုင်းပြည်ကိုလည်း အကျိုးမရှိ၊ ဘယ်သူ့အတွက်မှလည်း အကျိုးမရှိပါဘူး။

ဒါကြောင့်မို့ SSA(တောင်ပိုင်း) တပ်မဟာ(၂၄၁)မှ သံချောင်း(ခေါ်) စဝ်ခွန်ကျော်နဲ့အဖွဲ့ရဲ့ ကံကြမ္မာနဲ့ ပတ်သက်ပြီး VOA၊ ABSDF သံခဲနဲ့ အပေါင်းပါအဖျက်သမားတွေအနေနဲ့ ကိုယ်နဲ့နှိုင်းပြီး စိုးရိမ်မနေကြပါနဲ့လို့ ပြောကြားလိုပါတယ်။ လူတိုင်းဟာ မိမိတို့ပြုလုပ်ခဲ့တဲ့ အကုသိုလ်၊ ကုသိုလ်တရားတွေအရ တူညီသောအကျိုးကို ပြန်လည်ရရှိခံယူကြရမှာပဲ ဖြစ်ပါတယ်။ ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိဘူးလို့ ကျွန်တော်တို့ရှင်းလင်းပြောကြားထားပြီးလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခဲ့ရင်တော့ ကျူးလွန်သူဟာ နိုင်ငံတော်ရဲ့တည်ဆဲဥပဒေတွေနဲ့အညီ ထိုက်သင့်တဲ့ ပြစ်ဒဏ်ကိုတော့ ခံကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်တို့ရဲ့ ABSDF(မြောက်ပိုင်း) ပြိုကွဲသွားရာကနေ SSA(တောင်ပိုင်း) တပ်မဟာ (၂၄၁)အဖြစ် ဆက်လက် သက်ဆိုးရှည်အောင် ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့ SSNA စိုင်းရီ [ SSA(တောင်ပိုင်း)ရှက်ဆစ်နဲ့ သွားရောက်ပူးပေါင်းသူ ]တို့ရဲ့ လုပ်ရပ်များကို သိရှိနိုင်ဖို့ ဆက်စပ်ပြောကြားလိုပါတယ်။

KIO အဖွဲ့နဲ့ ဦးမထုနော်ဦးစီးတဲ့ KND တို့ဟာ ၁၉၉၀ပြည့်နှစ်ပိုင်းတွေမှာ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနည်းတူ တပ်မတော်ရဲ့ စေတနာမှန်နဲ့ ဖြူစင်တဲ့လုပ်ရပ်တွေကို သိမြင်လို့ ဥပဒေ ဘောင်အတွင်း ဝင်ရောက်ပြီး ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ကြပါတယ်။ အဲ့ဒီလို ငြိမ်းချမ်းရေးလမ်းစဉ်ကို လျှောက်လှမ်းခဲ့ကြရာမှာ ABSDF(မြောက်ပိုင်း)ရှိ ABSDF တပ်ရင်း(၄၀၁)ဟာ KND နဲ့အတူ မရှေးမနှောင်းလိုက်ပါပြီး ငြိမ်းချမ်းရေးရင်ခွင်ကို ခိုဝင်ခဲ့ကြပါတယ်။ ကချင်ပြည်နယ် နယ်စပ်မှာ ထိုစဉ်က ရှိခဲ့တဲ့ ABSDF(မြောက်ပိုင်း)အဖွဲ့ကိုလည်း KIO က မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနည်းတူ ဥပဒေဘောင်အတွင်း ဝင်ရောက်နိုင်ဖို့အတွက် လမ်းခင်းပေးခဲ့ပေမယ့် သံချောင်း(ခေါ်)မြင့်စိုး ဦးစီးတဲ့ ABSDF(မြောက်ပိုင်း) ဟာ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို မစွန့်လွှတ်ဘဲ ဥပဒေဘောင်ရဲ့ ပြင်ပမှာ တမင်ကျန်ရစ်ခဲ့တာ ဖြစ်ပါတယ်။

## ဥပဒေဘောင်အတွင်း ဟန်ပြဝင်ရောက်ခဲ့

**လမ်းမှားရောက်ပြီး အမှန်ကိုမမြင်နိုင်တဲ့ သံချောင်းဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ဖြစ်တဲ့ အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေထံကိုချဉ်းကပ်ပြီး အကြမ်းဖက် သောင်းကျန်းမှုလမ်းစဉ်ကို ပေါင်းလုပ်ဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးကို စေတနာသန့်သန့် ရိုးရိုးသားသားနဲ့ တည်ဆောက်နေကြတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက လက်မခံခဲ့ကြပါဘူး။ ငြိမ်းချမ်းရေးကို ခုတုံးလုပ်ပြီး ဥပဒေဘောင်အတွင်း ဟန်ပြဝင်ရောက်ခဲ့တဲ့ SSNA စိုင်းရီတို့ကတော့ သံချောင်းတို့အဖွဲ့ကို အားပေးအားမြှောက်ပြုပြီး SSA(တောင်ပိုင်း)ရှက်ဆစ်အဖွဲ့နဲ့ ချိတ်ဆက်ပေးလိုက်လို့ SSA (တောင်ပိုင်း) တပ်မဟာ (၂၄၁)ဆိုတာပေါ်လာတာပဲ ဖြစ်ပါတယ်။ အဲ့ဒီဖြစ်စဉ်တွေကို သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်နဲ့အတူ အဖမ်းခံရသူတွေ၊ အလင်းဝင်သူတွေက ထုတ်ဖော်ပြောကြားခဲ့ကြလို့ ဖြစ်ကြောင်းရယ်ကုန်စင်ကို ကျွန်တော်တို့ သိရှိထားပြီးဖြစ်တယ်လို့ အသိပေးပြောကြားလိုပါတယ်။**

ယခုရှင်းလင်းပြောကြားခဲ့တဲ့ဖြစ်စဉ်ဖြစ်ရပ်တွေ၊ အကြောင်းအရာ အချက်အလက်တွေ၊ သက်သေခံ အထောက်အထားတွေ၊ မှတ်တမ်းမှတ်ရာတွေ အားလုံးကို ခြုံငုံဆက်စပ်ကြည့်မယ်ဆိုရင် ABSDF နဲ့ NLD-LA တို့ဟာ အခြားသောင်းကျန်းသူအဖွဲ့တွေနဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားပြည်သူတွေအပေါ်မှာ အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ကမ်းကုန်အောင် ရက်ရက်စက်စက် လက်ရဲဇက်ရဲကျူးလွန်နေတဲ့ အကြမ်းဖက်အဖျက်သမား (Terrorist)များဖြစ်ကြောင်း သုံးသပ်တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ၎င်းတို့နဲ့ ပူးပေါင်းကြံစည်လုပ်ဆောင်နေကြတဲ့ NCGUB၊ NCUB၊ FTUB၊ DAB၊ NDF၊ NDD၊ VBSW စတဲ့ အဖွဲ့တွေ၊ ၎င်းတို့နဲ့ ပတ်သက်ဆက်စပ်နေတဲ့ NLD ပါတီဝင်တွေ၊ DPNS ပါတီဝင်တွေ၊ ဗကသဟောင်းတွေနဲ့တကွ ၎င်းတို့ကို ကူညီထောက်ပံ့ပြီး အားပေးအားမြှောက်ပြုလုပ်နေကြတဲ့ ပြည်ပနိုင်ငံများမှ NGO အမည်ခံအဖွဲ့တွေ၊ ပြည်ပဆရာကြီးတွေအားလုံးဟာ အစွယ်ကိုလိုသူ နိုင်ငံရေးသမား၊ အသွားစေခိုင်းသူ ကိုလိုနီနယ်ချဲ့လက်သစ်၊ လေးပစ်သူ နယ်ချဲ့အားကိုးပုဆိန်ရိုးဆိုသလို အပေါင်းပါ အကြမ်းဖက်အဖျက်သမား (Terrorist)များသာဖြစ်နေတာကို သုံးသပ်တွေ့ရှိရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။



ဘိန်းဖြူချက်လုပ်ရေးလုပ်ငန်းများတွင် သံချောင်း ပါဝင်ပတ်သက်နေမှုနှင့်စပ်လျဉ်း၍ ဦးစိုးစိုး(ခ)စိုးလေး ဖြေကြားစဉ်။

(သတင်းစဉ်)



SSA(တောင်ပိုင်း)တပ်မဟာ (၂၄၁)မှ တပ်ခွဲမှူး အဆင့်ရှိ စိုင်းထူး ဖြေကြားစဉ်။

(သတင်းစဉ်)

ဟိုမှာ ကျွန်တော်တို့ နေရတာလဲ ငြိမ်းငြိမ်း ချမ်းချမ်းတော့ မရှိဘူးပေါ့။ ခေါင်းဆောင်ပိုင်းတွေကတော့ ကြီးပွားနေပြီးတော့ လက်အောက်ငယ်သားတွေက ဒုက္ခ အမျိုးမျိုးဆင်းရဲခံခဲ့ကြရတော့ပေါ့နော်။ တကယ်တမ်းကျတော့ ဒီ ABSDF ဟာ အကြမ်းဖက်အဖွဲ့အစည်းတစ်ခုပါပဲ၊ နောက်အဲလို တောထဲတွေကို ပြောတာကတော့ ဒီမိုကရေစီလိုချင်လို့ သွားကြတယ်၊ (၁၀)နှစ်သာ ကျော်လာတယ်၊ ဘာတစ်ခုမှလည်း ဖြစ်လာတာမရှိပါဘူး။



ဦးတိုက်ပိတ်(ခ)ဦးသန်းထွန်းစိုးဖြေကြားစဉ်။

(သတင်းစဉ်)

ကျွန်တော်တို့အခု လူငယ်တွေကို ပြောချင်တာကတော့ မိဝေး၊ ဖဝေးနဲ့ လူငယ် အများအပြား တောထဲမှာ အသက်စတေးခံခဲ့ကြရတာတွေ၊ ကျွန်တော်တို့လို ခါးသီးတဲ့ အတွေ့အကြုံမျိုးတွေ မခံစားရ၊ မခံစားရစေချင်တဲ့ ဆန္ဒနဲ့ပေါ့နော်၊ အမှန်နဲ့အမှားကို ကိုယ်တိုင် သိနားလည်ပြီးတော့ ဒီ ABSDF အဖွဲ့ထဲကို မရောက်ရှိအောင် ထိန်းသိမ်းနေထိုင်သွားတတ်ကြဖို့ပါပဲ။ တကယ်တမ်းကျတော့ ABSDF အဖွဲ့ဟာ စောစောက ကျွန်တော်ပြောခဲ့သလို အကြမ်းဖက်အဖွဲ့အစည်း၊ ဗုံးဖောက်ခွဲရေး အဖွဲ့အစည်းတစ်ခုပါပဲ။

## ဦးမြတ်စိုး(လှိုင်) လယ်ယာစီးပွားဂျာနယ်နှင့် မျိုးမြန်မာဂျာနယ်

ဝန်ကြီးဌာနက ရှင်းလင်းသွားတဲ့အထဲမှာ မတရားစွပ်စွဲပြီးတော့ ဖမ်းဆီးနှိပ်စက်ခံရတဲ့သူတွေအထဲမှာ အမျိုးသမီးတွေလည်းပါတယ်လို့သိရပါတယ်။ အမျိုးသမီးတွေလည်း အသတ်ခံရတယ်လို့ ကြားရပါတယ်။ အဲဒီအမျိုးသမီးတွေ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းခံရတာတွေနဲ့ ပတ်သက်လို့သိနိုင်တဲ့လူပါရင် ထပ်ပြီးတော့ ဖြည့်ပြီးတော့ အမျိုးသမီးများ နှိပ်စက်ခံရတာကို ထပ်ရှင်းပြောပြပေးစေချင်ပါတယ်။

## ကိုမြင့်သိန်း

ကျွန်တော့်နာမည်က ကိုမြင့်သိန်းပါ။ ကျွန်တော်တို့ဖမ်းဆီးချုပ်နှောင်ခံရတဲ့ အထဲမှာ အမျိုးသမီးလေးဦး ပါပါတယ်။ သူတို့ရဲ့နာမည်တွေကတော့ မခင်ချိုဦး (ရန်ကုန်)၊ မနန်းစော၊ မတူးတူး၊ မနန်းဟောင်ထွေးကြည်တို့ ဖြစ်ပါတယ်။ မခင်ချိုဦးကတော့ တက္ကသိုလ်ကျောင်းသူပါ။ ကျန်တဲ့ တချို့လူတွေကတော့ State ကပါ။ ကျွန်တော်က သူတို့ကိုဖမ်းဆီးချုပ်နှောင်ထားတဲ့အချိန်မှာ အဲဒီထောင်ထဲမှာတင် ကျွန်တော်တို့အချင်းချင်းကို ပြန်အုပ်ချုပ်ခိုင်းထားတဲ့ တန်းစီးလေးယောက်ထဲက တစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့ကခေါ်ထုတ်သွားပြီးရင် နှိပ်စက်တယ်။ အဲဒီနှိပ်စက်တဲ့ဟာတွေကို ပြန်ပြောပြတာကို ကျွန်တော်တို့က ကြားသိရတယ်။ သူတို့ဆီမှာလည်း ဒဏ်ရာတွေနဲ့ပြန်လာတဲ့ အခါမှာ တွေ့ရတယ်။ တလိမ့်နဲ့ကြိတ်တာမျိုးတို့၊ ခေါင်းကို တုတ်နဲ့ရိုက်တာမျိုးတို့ နည်းမျိုးစုံနဲ့ပေါ့ဗျာ။ အဲဒီနည်းမျိုးစုံတွေကတော့ ကျန်တဲ့ညီလေးတွေလည်း ပြောထားပြီးသားဖြစ်ပါတယ်။ နှိပ်စက်နည်းမျိုးစုံပါပဲ။

## ဦးဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)

ကျွန်တော်မေးခွန်းနှစ်ခု မေးချင်ပါတယ်။ ပထမမေးခွန်းတစ်ခုကတော့ ABSDF မြောက်ပိုင်းမှာ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ကြလို့ သေသူသေ၊ ပြေးသူပြေးဖြစ်ရတဲ့အကြောင်းကို နည်းနည်းလေး ပြန်ပြောပြစေလိုပါတယ်။ အဲဒီအချိန်မှာ ABSDF ဗဟိုက ဘယ်သူတွေ ရောက်နေတာလဲ ဆိုတာလဲ သိချင်ပါတယ်။

နောက်မေးခွန်းတစ်ခုကတော့ အဲဒီလို အချင်းချင်းသတ်ဖြတ်ညှဉ်းဆဲနေတာ ဘာအကြောင်းကြောင့်လဲဆိုတာကိုလည်း နည်းနည်း ကျွန်တော်တို့သဘောပေါက်အောင် ရှင်းလင်းပြပေးစေလိုပါတယ်။

## ဦးဌေးဝင်း(ခ)နိုင်လင်း

သူလျှိုလို့ခေါ်ပြီး လူ၁၀၀ကျော်ဖမ်းဆီးနှိပ်စက်တာ ကျွန်တော် မျက်မြင်ကိုယ်တွေ့ပါခင်ဗျာ။ ဖမ်းဆီးနှိပ်စက်ခံရပြီး ပြန်လည်ထွက်ပြေးလာတဲ့အထဲမှာ ကျွန်တော်ကတစ်ယောက်အပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဌေးဝင်း (ခ)နိုင်လင်း ဖြစ်ပါတယ်။ အရေးအခင်းဖြစ်ပြီးနောက်ပိုင်း ကျွန်တော်က ABSDF ဗဟို၊ KNU နယ်မြေဖြစ်တဲ့ မဲလထစခန်းကို ထွက်ပြေးသွားခဲ့

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

စာမျက်နှာ ၁၃ မှ

ပါတယ်။ အဲဒီ မဲလထစခန်းမှာ အခြေခံစစ်ပညာသင်တန်းကို တက်ရောက်ခဲ့ရပါတယ်။ ပလောင်နယ်မြေမှာ အမှတ်(၅၀၁)တပ်ရင်းဖွဲ့ဖို့အတွက် အဲဒီအချိန်မှာ ဥက္ကဋ္ဌဖြစ်တဲ့ ABSDFဥက္ကဋ္ဌဖြစ်တဲ့ ကိုမိုးသီးဇွန်နဲ့ ဒေါက်တာနိုင်အောင်တို့ဟာ ကျွန်တော်တို့ကို လာရောက်တွေ့ဆုံပြီး တာဝန်ပေးအပ် စေလွှတ်ခဲ့ပါတယ်။ ကိုမိုးသီးဇွန်နဲ့ ဒေါက်တာနိုင်အောင်တို့ကိုယ်တိုင် ကျွန်တော်တို့ကို တွေ့ဆုံပြီး တာဝန်ပေးအပ်ခဲ့တဲ့ အတွက်ကြောင့် ကျွန်တော်တို့ဟာ ပလောင်ဒေသကို ကျွန်တော်အပါအဝင် လူ၁၅ဦးနဲ့ အမှတ်(၅၀၁) တပ်ရင်းကို ဖွဲ့ခဲ့ပါတယ်။ အမှတ်(၅၀၁)တပ်ရင်း ပလောင်ဒေသကို တပ်မတော်ထိုးစစ်ကြောင့် ကျဆုံးသွားခဲ့ပြီး ကျွန်တော်တို့ဟာ ABSDFမြောက်ပိုင်းဗဟိုကို ရောက်ရှိခဲ့ပါတယ်။ ကျွန်တော် ABSDFမြောက်ပိုင်းဗဟိုမှာ ကျွန်တော်အဖမ်းခံရပြီး ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလထဲမှာ ဒေါက်တာနိုင်အောင်ဟာ ကျွန်တော်တို့စခန်းကို ရောက်ရှိလာခဲ့ပါတယ်။ ဒေါက်တာနိုင်အောင်နဲ့ ကိုကျော်ကျော်ဆိုတဲ့သူ နှစ်ယောက်ဟာ ကျွန်တော်တို့ အဖမ်းခံနေရတဲ့အဖွဲ့ ၁၀၀ကျော်ကို လာရောက်တွေ့ဆုံတာဖြစ်ပါတယ်၊ တစ်ယောက်ချင်းခေါ်ယူ တွေ့ဆုံခြင်းဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒေါက်တာနိုင်အောင်ရယ်၊ ကိုကျော်ကျော်ဆိုတဲ့ လူရယ်၊ ကိုသံချောင်းရယ်၊ ကိုမျိုးဝင်းရယ် အမှတ်(၅၀၁)တပ်ရင်းမှူးဖြစ်တဲ့ ကိုသိုက်ထွန်းဦးရယ် နောက်ထပ်တစ်ယောက် နှစ်ယောက်ရှိပါသေးတယ်၊ ကျွန်တော် နာမည်တော့ မမှတ်မိတော့ဘူး၊ သူတို့အားလုံး ကျွန်တော့်ကို ခေါ်ပါတယ်၊ ခေါ်ပြီးတွေ့ပါတယ်၊ တွေ့ပြီးကာမှ နောက် တစ်ရက်၊နှစ်ရက်အကြာမှာ ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ လူပေါင်း ၁၅ယောက် အသတ်ခံလိုက်ရပါတယ်။ အဲဒီအသတ်ခံရတဲ့ ၁၅ယောက် မတိုင်ခင် ကလည်း ကျွန်တော်တို့အထဲမှာ စစ်ရင်းဆေးရင်း စစ်ကြောရင်းနဲ့ သေသွားတဲ့ လူလည်းရှိပါတယ်၊ ကျွန်တော်တို့ကို သံသယနဲ့ ဖမ်းတယ်ဆိုတာ ကျွန်တော်တို့လည်း သိပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့က ထောက်လှမ်းရေးမဟုတ်တဲ့အတွက်ကြောင့် မဟုတ်တဲ့အကြောင်း ပြန်လည်ငြင်းဆိုထားတဲ့အတွက်ကြောင့် သူတို့က လွှတ်ပေးချင်တဲ့လူကိုလည်း တစ်ယောက်နှစ်ယောက်ကို ပြန်ပြီးလွှတ်ပေးတာလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

အဲဒီ ၁၅ ယောက်သတ်ပြီး နောက်ပိုင်းကျတော့ ကျွန်တော်တို့လည်း အခြေအနေမကောင်းတော့ပါဘူး။ ကျွန်တော်တို့လည်း အသတ်ခံရမယ်ဆိုတာလည်း သိနေကြပါတယ်၊ ကျွန်တော်တို့ကို ပြန်လွှတ်ပေးလို့ မဖြစ်တော့ဘူးဆိုတာ သူတို့သိနေကြပါပြီ။ ကျွန်တော်တို့ကို ပြန်လွှတ်ပေးရင် ကျွန်တော်တို့က ပြန်လည်အုံကြွမှာ သူတို့စိုးရိမ်နေကြပါတယ်။ အခုလိုဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်တွေဟာ အားလုံးကလည်း သူတို့အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် အာဏာလုလို့ဖြစ်ကြရတာပါ၊ ဘယ်သူ့ ဘယ်သူမှ ကျွန်တော်တို့ ဒီကသွားကတည်းက ဗိုလ်ကြီး၊ ဗိုလ်မှူးဆိုတာ ပါသွားကြတာ မဟုတ်ပါဘူးခင်ဗျာ။ အားလုံးက ကျောင်းသားအဖြစ်နဲ့သွားကြတာပါ၊ ဟိုရောက်တဲ့အခါကျတော့ သူက ဗဟိုကော်မတီလုပ်မယ်၊ ငါကဗဟိုကော်မတီလုပ်မယ်၊ သူကစစ်ရေးတာဝန်ခံလုပ်မယ်၊ ငါက စစ်ရေးတာဝန်ခံလုပ်မယ်ဆိုပြီးတော့ အငြင်းအခုံ၊ သူတို့ဘာသာ သူတို့အချင်းချင်း အထက်မှာအာဏာလုကြတဲ့ပွဲမှာ ကျွန်တော်တို့က စတေးခံခဲ့ရတာပါ။ ကျွန်တော်တို့လည်း နောက်ပိုင်း ကျွန်တော်တို့ အသတ်ခံရတော့မယ်ဆိုတာ သိတဲ့အတွက်ကြောင့် ကျွန်တော်တို့ ထောင်ထဲမှာ ကျန်ခဲ့တဲ့ ၅၅ယောက်ပဲ ကျွန်တော်တို့ ထွက်ပြေးလွတ်မြောက်ခဲ့ခြင်းဖြစ်ပါတယ်။

### ဒေါက်တာတင်မောင်ထွေး(Point သတင်းဂျာနယ်)

သံချောင်းက သူလျှိုဆိုပြီးတော့ လူပေါင်း ၁၀၀လောက်ကို နှိပ်စက် ညှဉ်းပန်းတယ်ဆိုတဲ့ ဥစ္စာတွေကို ABSDFဗဟိုကမသိဘူးလား။ ABSDFဗဟိုနဲ့ မြောက်ပိုင်းနဲ့ဆက်သွယ်မှု ဘယ်လိုရှိလဲ။ နောက်တစ်ခါ ဒီတပ်မဟာ (၂၄၁)က တပ်ဖွဲ့ဝင်တွေကရော၊ သံချောင်း ဒီလိုလုပ်နေတာတွေကို မသိကြ ဘူးလား။ ရွက်ဆစ်က ဆက်ကြေးကောက်နေပုံတွေ၊ မူးယစ်ဆေးဝါး ထုတ်လုပ် ရောင်းချနေပုံတွေကိုလဲ ရှင်းပြပေးစေလိုပါတယ်။

### ဦးဌေးဝင်း(ခ)နိုင်လင်း

ဟုတ်ကဲ့ ကျွန်တော် ဌေးဝင်း(ခ)နိုင်လင်းပါ။ ခုနကမေးထားတဲ့မေးခွန်းထဲက ABSDFဗဟိုက သိပါသလားဆိုတဲ့ ကိစ္စကို ကျွန်တော်ဖြေပေးပါ့မယ်ခင်ဗျာ။ ကျွန်တော်ဟာ တောင်ပိုင်းဗဟို ABSDF တောင်ပိုင်းဗဟို KNUနယ်မြေကနေ ပြီးတော့ ABSDF မြောက်ပိုင်းဗဟို၊ ကချင်နယ်မြေကို ကျွန်တော် ရောက်ရှိသွားခဲ့ပါတယ်။ အဲလိုရောက်ရှိသွားခဲ့တဲ့ အဓိကရည်ရွယ်ချက်က ကျွန်တော်တို့ကို အမှတ် (၅၀၁)ပလောင်ဒေသမှာ တပ်ရင်းဖွဲ့ဖို့ဆိုပြီးတော့ ကျွန်တော်တို့ကို လွှတ်လိုက်တာ ဖြစ်ပါတယ်။ အဲလိုလွှတ်တဲ့သူကတော့ အဲဒီအချိန်မှာ ဥက္ကဋ္ဌဖြစ်တဲ့ မိုးသီးဇွန်နဲ့ ဒေါက်တာနိုင်အောင်တို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အဖမ်းခံရစဉ်အချိန်မှာ ဒေါက်တာနိုင်အောင်ဟာ ဥက္ကဋ္ဌအဖြစ်နဲ့ ကျွန်တော်တို့ဆီကို လာရောက်တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ အဲဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် သတင်းစာဆရာကြီးများ ဒေါက်တာနိုင်အောင်ကိုယ်တိုင် ကျွန်တော့်ကို လာတွေ့တဲ့အတွက်ကြောင့် တောင်ပိုင်းမှာလည်း ကျွန်တော့်ကိုတွေ့တယ်၊ မြောက်ပိုင်းမှာလဲ ကျွန်တော့်ကို တွေ့တဲ့အတွက်ကြောင့် သူဟာ တောင်ပိုင်းနဲ့မြောက်ပိုင်း အဆက်အသွယ်ရှိတယ်၊ မရှိဘူးဆိုတာ သတင်းစာဆရာကြီးများ သိနိုင်ပါတယ်ခင်ဗျာ။

### SSA (တောင်ပိုင်း)တပ်မဟာ(၂၄၁)မှ တပ်ခွဲမှူးအဆင့်ရှိ စိုင်းထူး

ကျွန်တော့်နာမည် စိုင်းထူးပါ။ ကျွန်တော်အခုပြောမှာကတော့ SURA အဖွဲ့ ဦးရွက်ဆစ်အနေနဲ့ အခွန်ကောက်ပုံကောက်နည်းတွေကို ကျွန်တော်ပြောပြမှာဖြစ်ပါတယ်။ ဦးရွက်ဆစ်တို့ အခွန်ကောက် SURAအဖွဲ့ကအခွန်ကောက်တာက သူတို့နယ်ထဲမှာ လာလုပ်တဲ့ သစ်ကုန်သည်တွေကို အဲဒီမှာ တင်ကောက်တာ။ နောက် ရွာမှာရှိတဲ့ကားတွေ၊ ကားကြီးဆိုလို့ရှိရင် ငွေတစ်သိန်း၊ ကားအငယ်ဆိုလို့ရှိရင် ငါးသောင်း စသည်ဖြင့် ကောက်ပါတယ်။ နွားမှောင်ခိုကူးတဲ့အဖွဲ့တွေကိုလည်း သူတို့ကောက်ပါတယ်။ နွားတစ်ကောင်ကိုငွေသုံးသောင်း စသဖြင့်ပေါ့။ အဲလိုမျိုးတွေ ကောက်ယူပါတယ်ခင်ဗျာ။ နောက်ပြီး သူတို့နယ်ထဲမှာရှိတဲ့ သူတို့ထိန်းချုပ်နယ်မြေ၊ သူတို့ စိုးမိုးတဲ့ နယ်မြေ အဲဒီမှာရှိတဲ့ ဒီက စစ်ကြောင်းတွေ အရောက်အပေါက်နည်းတဲ့ သူတို့ဒေသတွေမှာပေါ့။ ရွာတွေမှာ သူတို့ဘိန်းခင်းတွေ စိုက်ထားတာရှိပါတယ်၊ ရွာသားတွေကို စိုက်ခိုင်းထားတာတွေ၊ အဲဒီဘိန်းခင်းတွေဟာလည်း သူတို့ကနေပြီးတော့ ဘိန်းစိုက်ခိုင်းတယ်၊ စိုက်ခိုင်းလို့ရတဲ့ဘိန်းကို သူတို့က ဘိန်းခွန်ကောက်တယ်။ ဘိန်းခွန်ကောက်တဲ့ နေရာမှာ သူတို့က အမျိုးအစားနှစ်မျိုးကောက်တယ်။ ပထမဘိန်းခွန်မှာ ဘိန်းကထွက်တဲ့ ဘိန်းသီးနှံပေါ့၊ အဲဒါကို ကောက်တယ်။ နောက်ဘိန်းခင်းလုပ်တဲ့လုပ်ခကို သတ်သတ်အခွန်ကောက်ပြန်တယ်။ အဲလိုမျိုးတွေ တွေ့ရတယ်။ ဘယ်လောက်ကောက်တယ်ဆိုတာတော့ ကျွန်တော်တို့ မသိလိုက်ဘူးဗျ။ နောက်ပြီး သူတို့က ရွာသားအချို့ကိုလည်း ဘိန်းစိုက်ထားတဲ့ ရွာသားအချို့ကိုလဲ ခြိမ်းခြောက်ထားတယ်။ အဲဒီထွက်တဲ့ဘိန်းတွေကို တခြားကို ရောင်းလို့ရှိရင် မင်းတို့ သေဒဏ်ပေးမယ်ဘာညာပေါ့၊ အဲလိုပြီးမှ အဲဒီကထွက်တဲ့ဘိန်းတွေကို အဲဒီမှာရှိတဲ့ တာဝန်ကျတဲ့ တပ်မဟာမှူးကနေပြီးတော့ အားလုံးထိန်းချုပ်ပြီး ဝယ်ယူတယ်။ ဈေးနှုန်း လျှော့လျှော့ပြီးမှ ဝယ်တာ။ အဲဒီလိုသိရပါတယ်။

### ဦးဝေဖြိုး ( Weekly Eleven News ဂျာနယ်)

ကျွန်တော်သိချင်တဲ့ မေးခွန်းကတော့ သံချောင်းဟာ မူးယစ်ဆေးဝါးကိစ္စတွေနဲ့လဲပတ်သက်မှုတွေရှိနေတယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဘိန်းဖြူချက်လုပ်တဲ့လုပ်ငန်းတွေမှာ သံချောင်း ဘယ်လိုပတ်သက်နေလဲဆိုတာ ရှင်းပြပေးနိုင်မှုရှိရင် ရှင်းပြပေးစေချင်ပါတယ်။

### ဦးစိုးစိုး(ခ)စိုးလေး

ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က စိုးစိုး(ခ)စိုးလေး ခေါ်ပါတယ်။ ကျွန်တော်က ၉၃ကနေ ၂၀၀၀ အထိပေါ့၊ အဲလောက်အထိ သံချောင်းဘေးမှာ နေရပါတယ်။ ရှိပါတယ်။ သံချောင်းဟာ ရှမ်းပြည်မှာရောက်တုန်းက ၉၇၊ ၇လပိုင်း၊ ၈ လပိုင်းလောက်ပေါ့၊ အဲဒါ ၉၇ လောက်အတွင်းမှာ သူဟာ ဒီဘိန်းဖြူချက်ဖို့အတွက်ကို အဲဒီမှာ တောင်ပေါ်ဒေသမှာရှိတဲ့ကျေးရွာတွေကို သွားပြီးတော့ ကျွန်တော်အပါအဝင် တခြားသူလဲ ပါတာပေါ့။ အဲဒီမှာ ဘိန်းပိဿာချိန် ၂၀ လောက် စုဆောင်းခဲ့ပါတယ်။ အဲဒီအတောအတွင်းမှာပဲ ဒီဘိန်းကို ဘိန်းဖြူအဖြစ်ချက်လုပ်လို့ မဖြစ်ခဲ့ပါဘူး။ တောင်ပိုင်း အရွှေ့အပြောင်းကိစ္စနဲ့ ရွက်ဆစ်နဲ့ပေါင်းပြီးတော့ ၉၇၊ ၇လပိုင်းလောက်မှာ ကျွန်တော်တို့တောင်ပိုင်းကို ရွက်ဆစ်နဲ့ ပေါင်းဖို့ကိစ္စကို သွားလိုက်ပါတယ်။ ၉၈၊၉၉ လောက်မှာပေါ့၊ ဘိန်းဖြူချက်ဖို့အတွက်ကို စီစဉ်ပါတယ်။ ဘိန်းပိဿာချိန် ၃၀၀လောက်ကို ဘိန်းဖြူအဖြစ်ချက်ပါတယ်၊ အဲဒီဘိန်းဖြူချက်တဲ့နေရာမှာ သူ့ရဲ့စေခိုင်းချက်အရ လုံခြုံရေးယူခဲ့ရပါတယ်။

### ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး) (နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)

ကျွန်တော်လူငယ်များကို နည်းနည်းလေးပဲ မေးချင်ပါတယ်၊ ဒီကနေ့ ရှင်းလင်းတင်ပြသွားတဲ့ ဝန်ကြီးရဲ့ ရှင်းပြချက်များနဲ့ လူငယ်များရဲ့ကိုယ်တွေ့ဖြစ်ရပ်များကို ခံစားချက်တွေကို ကျွန်တော်တို့နားထောင်လိုက်ရတဲ့ အချိန်မှာ ရှင်းလင်းပွဲမှာအမြင်ကို အတော်ရှင်းလင်းစေတဲ့အချက်တွေကိုခံစားရပါတယ်။ ကိုတိုက်ပိတ် ဆိုလို့ရှိရင် အမှန်တရားအတွက် မျက်ရည်တစ်စက်ဆိုတဲ့ သဘောမျိုးနဲ့ ခံစားရပြီးတော့မှ ဒီအဖြစ်အပျက်မှန်တွေနဲ့ ကျွန်တော်တို့သင်ခန်းစာအချက်အလက်တွေကို ရရှိပါတယ်၊ ဒီသတင်းစာရှင်းလင်းပွဲရဲ့ အနှစ်သာရတစ်ချက်လည်းဖြစ်တဲ့ အစွယ်လိုသူနိုင်ငံရေးသမား၊ အသွားစေခိုင်းသူ နယ်ချဲ့ ကိုလိုနီလက်သစ်၊ လေးပစ်သူ နယ်ချဲ့အားကိုး ပုဆိန်ရိုးဆိုသလို လူငယ်တွေကို နိုင်ငံတော်နဲ့ တပ်မတော်ကနေပြီးတော့ အကောင်းဘက်၊ အလင်းဘက်ကို ရောက်အောင်ပြုလုပ်ပေးနေတဲ့အချိန်မှာ သောင်းကျန်းသူတွေက ဒီလို လူငယ်တွေကို သေကျေပျက်စီးအောင် နှိပ်စက်နေတဲ့ဟာတွေကို အခြားသော လူငယ်တွေလည်းသိသင့်တယ်၊ သတင်းစာဖတ် ပရိသတ်တင်မကဘဲ တခြားစာဖတ်ပရိသတ်တွေလည်း သိသင့်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုလူငယ်တွေရဲ့ ခံစားချက်တွေ၊ အတွေ့အကြုံတွေကို အကယ်၍ စာအုပ်တစ်အုပ်စာတစ်စောင်ပေတစ်ဖွဲ့အဖြစ် ထုတ်မယ်ဆိုလို့ရှိရင် ကိုတိုက်ပိတ်တို့လို ညီငယ်များအနေနဲ့ လူငယ်များအနေနဲ့ ဘယ်လိုသဘောထားများရှိမလဲဆိုတာကို တစ်ဦးချင်းအရဖြစ်စေ၊ တစ်ဦးထက်ပိုသောအရေအတွက်ကဖြစ်စေ ပြောပြပေးစေချင်ပါတယ်။

### ဦးတိုက်ပိတ်(ခေါ်)ဦးသန်းထွန်း

ကျွန်တော်က ဒီနေ့အခုပြန်ရောက်တာ ၁၅ နှစ်ရှိပါပြီ၊ မြို့ထဲမှာနေတာ။ ကျွန်တော်စီးပွားရေးလုပ်တယ်၊ ကောင်းကောင်းမွန်မွန်ပဲ၊ ကျွန်တော်အဆင့်အတန်းတစ်ခုမှာ ကောင်းကောင်းနေထိုင်နိုင်တဲ့သူတစ်ယောက်ပါ။ ကျွန်တော်ကဒီမှာ အခုလက်ရှိအုပ်ချုပ်တဲ့ အစိုးရလူကြီးတွေက ခြိမ်းခြောက်တာတို့၊ စည်းရုံးတာတို့လုပ်လို့လည်း ကျွန်တော်က လာမယ့်ကောင်လည်း မဟုတ်ဘူး။ ကျွန်တော်က ကျွန်တော့်အလုပ်ပဲ လုပ်စားပါတယ်။ ဒါပေမယ့် ဒီဟာက နိုင်ငံတော်က အမှန်တရားကို ဖော်ထုတ်တာဖြစ်တဲ့အတွက် ဒါကျွန်တော် လိုက်လာတာ၊ ကျွန်တော် အဲဒီလိုလာတဲ့အတွက် ကျွန်တော့်စီးပွားရေး အများကြီးနစ်နာဆုံးရှုံးရတယ်။ ဒါပေမယ့် ကျွန်တော် လိုက်ခဲ့တယ်။ ဘာဖြစ်လို့ လိုက်ခဲ့သလဲဆိုတာက တကယ့်အခုဖြစ်နေတဲ့ ကျွန်တော်တို့ရဲ့ဖြတ်သန်းခဲ့တဲ့ အမှန်တရားတစ်ခု မတရားသဖြင့် သေကျေပျက်စီးခဲ့ရတဲ့ လူငယ်တွေရဲ့ အကြောင်း၊ ဒီဟာတွေကို အရေးယူအပြစ်ပေးဖို့အတွက် သံချောင်းကို လက်ရဖမ်းမိထားတယ်ဆိုလို့ ကျွန်တော်တို့က လိုက်လာတာ။ အဲဒီတော့ ကျွန်တော်တို့က ဒီအကြောင်းတွေနဲ့ပတ်သက်လို့ ခုနက သတင်းစာဆရာကြီး ပြောသလိုပဲ၊ နိုင်ငံတော်ကနေပဲဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုကပဲဖြစ်စေ ဒါတော့ ကျွန်တော်ဘယ်ကထုတ်မလဲတော့မသိဘူး။ သို့သော် ဒီကိစ္စနဲ့ ပတ်သက်လို့ အမှန်တရားကို သမိုင်းစာမျက်နှာပေါ်မှာ တင်ထားချင်ပါတယ် ဆိုရင် ကျွန်တော်တို့ကို အချိန်မရွေး ကျွန်တော်တို့ကူညီပါမယ်။ ဒါမှတ်တမ်းတစ်ခုပါ။ နောက်ဆုံးပျင်းလို့ အဲဒီစာအုပ်ပဲဖတ်ဖတ်၊ အခု နောက်လာမယ့် ကလေးတွေ ကျွန်တော်တို့လို ဒုက္ခမရောက်စေချင်ဘူး။ ကျွန်တော်တို့ ကူညီပါမယ်။

### ဦးမြတ်နိုင်(ကောင်းသတင်းဂျာနယ်နှင့် မဟာသတင်းဂျာနယ်)

ကျွန်တော် တစ်ခုမေးလိုပါတယ်။ စောစောက ဓားနဲ့အမွှန်းခံရတဲ့ လူငယ်လေးပြောသွားတာရှိပါတယ်။ သူ့ကို တကယ်နှိပ်စက်ခဲ့တဲ့လူ ABSDF တစ်ယောက်ရှိတယ်လို့ပြောပါတယ်။ ABSDFမှာ အဲဒီတုန်းက အတူလုပ်ခဲ့တဲ့ လူအချင်းချင်း ဘာ့ကြောင့် နှိပ်စက်ခဲ့တာလဲ၊ ဘယ်သူက နှိပ်စက်ခိုင်းတာလဲ။ အခု အဲဒီလူငယ်လေးက စောစောက နာနာကြည်းကြည်းနဲ့ သူ့ရင်ဘတ်က ဒဏ်ရာတွေကို ပြသွားပါတယ်။ အဲဒီအပေါ်မှာ ဘယ်လိုခံစားရသလဲ၊ အဲဒီကာလတုန်းက ဘာတာဝန်တွေယူခဲ့ရလဲ၊ အခု လက်ရှိ ဘာတွေလုပ်နေလဲ။ အခု ဒီမှာဖြေကြားဖို့အတွက် ကိုယ့်ဆန္ဒနဲ့ကိုယ်ပြောကြတာလား၊ သင်ပေးလို့ ပြောနေတာလား အဲဒါ သိလိုပါတယ်။

### ကိုဇော်ဇော်မင်း

ကျွန်တော်က မိုးညှင်းမြို့နယ်က ကိုဇော်ဇော်မင်းပါ၊ ၁၉၈၈ အရေးအခင်းဖြစ်ပြီး နိုဝင်ဘာလမှာ ကိုမျိုးဝင်း သပိတ်ခေါင်းဆောင်၊ နားမားသပိတ်ခေါင်းဆောင် ကိုမျိုးဝင်းဦးဆောင်ပြီးတော့မှ ကျွန်တော့်ကို မင်းတို့ကိုစစ်တပ်က ဖမ်းမယ်၊ ငါတို့ကိုလည်း ဖမ်းမယ်ဆိုလို့ ကျွန်တော် တောခိုသွားပါတယ်။ စရောက်ရောက်ချင်းတော့ ကျွန်တော် KIAနယ်မြေတပ်ရင်းမှာပါ၊ အဲဒီမှာ ကျွန်တော်တို့ကို ဗိုလ်မှူးဇော်တူးက ကြိုဆိုနေရာချပေးတယ်၊ နေရာချပေးပြီးတော့ ကျွန်တော်တို့ KIAဗဟိုဌာနချုပ် လိုင်စင်နယ်မြေကို မိုးညှင်းက ထွန်းနိုင်အောင်အဖွဲ့နဲ့ ကျွန်တော်တို့ ဟိုရောက်သွားတယ်၊ ဟိုမှာ သင်တန်းအပတ်စဉ်(၁)ကို တက်ပြီးတော့မှ သင်တန်းပြီးတာနဲ့ ကျွန်တော့်ကို ဗဟိုကော်မတီရုံးတာဝန်ခံဆိုတဲ့ တာဝန်ကိုပေးပါတယ်။ အဲဒီတော့ သူတို့ဖမ်းဆီးတဲ့ ကိစ္စတော်တော်များများကို ကျွန်တော် သိသင့်တာတွေ၊ သိသင့်သလောက်တော့သိပါတယ်။ စဖမ်းတာကတော့ ကျွန်တော်တို့ စိုးမင်းအောင်ဆိုတဲ့ တစ်ယောက်ကိုစဖမ်းတာပါ၊ အဲဒီ စိုးမင်းအောင်ဆိုတဲ့ တစ်ယောက်ဟာ ဗန်းမော်မှာပဲ စစ်ကြောရင်းနဲ့ပဲ အသတ်ခံလိုက်ရတယ်။ ၁၉၉၀ ဧပြီလလောက်မှာ လွှမ်းမိုး(ခေါ်)ကိုမြင့်သူက မိုးကောင်းကနေ တောခိုတဲ့သူပါ၊ သူက ABSDFဗဟိုကော်မတီရဲ့အထက်မှာရှိတဲ့ ဗဟိုဦးစီးအဖွဲ့ထဲက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဒါပေမယ့် သူ့မှာတော့ လုပ်ပိုင်ခွင့်ကို ဗဟိုကော်မတီက ပေးမထားပါဘူး၊ အဓိကကတော့ သံချောင်းနဲ့ ကိုမျိုးဝင်းက ကိုင်ထားပါတယ်။ သူ့ကို ပညာမတတ်ဘဲနဲ့ ဟန်ဆောင်မှု၊ ဆိုလိုတာက သူက ဒီကျွန်တော်တို့ မြန်မာနိုင်ငံကျောင်းသားတွေ ဗမာစကားပြောရင် ကြားထဲမှာ အင်္ဂလိပ်လိုညှပ်ပြောလေ့ ရှိကြပါတယ်၊ အဲဒီလိုညှပ်ပြောတဲ့ အသုံးအနှုန်း Slipဖြစ်တယ်တို့၊ Characterမကောင်းဘူးလို့စသည်ဖြင့် ဒီလိုအသုံးမျိုးလေးတွေကအစ သူကအင်္ဂလိပ်လို ညှပ်ပြောရင် အသံထွက်မမှန်ဘူးခင်ဗျ။ နောက် သူ့ကိုသူ philoနဲ့ ဘွဲ့ရတယ်လို့ ပြောတယ်၊ အဲဒီအချက်တွေရယ်၊ နောက်တစ်ခါ သူဟာရွှေလီမှာ ပြည့်တန်ဆာ နှစ်ဦးနဲ့ပျော်ပါးတယ်။ အဲဒီနှစ်ခုကို ထောက်ပြီးတော့မှ စဖမ်းတယ်ဗျ။ ဖမ်းပြီးတော့မှ စစ်ဆေးတယ်၊ စစ်ဆေးပြီးတော့မှ သူဒီစစ်ဆေးချက်ကလည်း ဘယ်လိုပြောမလဲ၊ သိပ်ဘောင်မဝင်ပါဘူး။ စစ်ဆေးချက်မပြီးခင်မှာ သံချောင်းက သူ့ကို လက်ပြန်ကြိုးတုပ်ခေါ်ထုတ်လိုက်ပြီးတော့မှ Training Ground စစ်ရေးပြကွင်းပေါ့၊ အဲဒီမှာ ဒူးတုပ်ခိုင်းထားပြီးတော့မှ နားထင်ကို ဦးခေါင်းကို M-20မောင်းပြန်သေနတ်နဲ့ပစ်တယ်။ နောက်အဖြစ်အပျက်တစ်ခုကတော့ ကိုထွန်းနွယ်အောင် သူကတော့ ABSDF တပ်ဖွဲ့ဝင်ထဲက မိန်းကလေးတစ်ယောက်နဲ့ Sexကိစ္စဖြစ်တယ်ဗျ၊ လိင်ကိစ္စဖြစ်တော့ သူ့ကိုစစ်ခုံရုံးဖွဲ့ပြီးတော့ အရေးယူတယ်၊ မုဒိမ်းမှုလို့စွပ်စွဲတာပေါ့။ ဒါပေမယ့် စစ်ခုံရုံးမှာ မုဒိမ်းမှု မမြောက်ပါဘူး။ အဲဒီမှာ သူက ရုက်ပြီးတော့ သူ့ဟာသူ အချုပ်ထဲကို ဝင်တယ်၊ ပြန်ထွက်တော့လည်း သူ့နည်းသူ့ဟန်နဲ့ ထွက်တယ်၊ အဲဒီအချိန်မှာ တာဝန်ကျတဲ့ ရမ်မူတူးတို့က ဒီကောင်အပြင်ထွက်ရင် ပစ်ဆိုလို့ ရဲဘော်တစ်ယောက်က ပစ်လိုက်တယ်၊ ဆီးခုံမှန်ပြီး သေသွားတယ်။ နောက် ကျွန်တော်သိတဲ့ ဒီ ဖမ်းဆီးတဲ့ကိစ္စတွေ၊ လူသတ်တဲ့ကိစ္စတွေ အဓိကဖမ်းတာကတော့ စစ်တပ်ထောက်လှမ်းရေးသူလျှိုဆိုပြီးတော့မှ ဖမ်းတာပါ။ ကျွန်တော်ကိုယ်တိုင် ဖမ်းရတဲ့လူတွေလည်းပါပါတယ်၊ အခုဒီထဲမှာကို ပါပါတယ်၊ သူတို့စစ်ကြောတဲ့ဆီမှာ လက်လွန်ပြီး သေသွားတဲ့လူတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော် မှတ်မိသလောက် ဆိုရင်တော့ ၁၃ ယောက်ထက်မနည်းရှိပါလိမ့်မယ်၊ အဲဒီထဲက နာမည်တချို့ကတော့ ကျွန်တော်တို့ တပ်သားကိုအားဆိုက်၊ နောက်ပြီးတော့ ဦးစိန်၊ သူတော့ ကျွန်တော် မြို့မမှတ်မိတော့ပါဘူး။ နောက်ပြီးတော့ ကိုကျော်ဌေး၊ ကျန်တာတွေကျတော့ ကျွန်တော်ကောင်းကောင်း မမှတ်မိတော့ပါဘူးခင်ဗျ။ ဒါက သူတို့စစ်ကြောရင်း သေသွားတဲ့ လူတွေ၊ နောက်ပြီးတော့ ၁၉၉၂ခုနှစ် ဖေဖော်ဝါရီလမှာ ထောက်လှမ်းရေး သူလျှိုဆိုပြီးတော့ ထွန်းအောင်ကျော် အပါအဝင် လူ၁၅ ယောက်ကို ဓားနဲ့ခုတ်သတ်တယ်လို့ ကျွန်တော်ကြားတယ်ဗျ၊ အဲဒီအချိန်မှာတော့ ကျွန်တော်က ဗန်းမော်ခရိုင်ရောက်နေတဲ့ အတွက် စက်ထဲဝင်လာတဲ့ သတင်းကိုပဲကြားသိပါတယ်။ အသတ်ခံရသူ၁၅ ဦးကတော့ ထွန်းအောင်ကျော်အပါအဝင် မိန်းကလေးထဲက မခင်ချိုဦး၊ နောက်ပြီးတော့ ကျော်ကျော်မင်း၊ နောက် ကျော်ဝေ၊ မန္တလေးက အောင်ဖုန်းကတော့ ရန်ကုန်ကဖြစ်မယ်ထင်တယ်ဗျ။ အားလုံးဓားနဲ့ ခုတ်သတ်ခံရတာ ၁၅ယောက်ရှိပါတယ်။ ခုနက ပြောတဲ့ ဒီလိုပြောဆိုတဲ့ကိစ္စမှာကြိုတင်စီစဉ်ပြီးတော့ ပြောခိုင်းတာလား စသည်ဖြင့် ကျွန်တော့်ကိုမေးပါတယ်၊ မဟုတ်ပါဘူး၊ ကျွန်တော်က အမှန်တကယ် ကိုယ်တွေ့ကိုယ်ကျ ကိုယ်တိုင်မြင်ခဲ့တဲ့ဟာတွေပါ။

### ဦးကိုကို(ယူမီယူရီရှင်ဘွန်း)

မေးခွန်းတစ်ခုကျန်လို့ပါ၊ ခုနက ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီး ရှင်းသွားတဲ့အထဲမှာလည်းပါပါတယ်၊ နောက် ABSDFက ကိုစိုးမြတ်သူတို့နဲ့ ကိုတိုက်ပိတ်တို့ရဲ့ ထွက်ဆိုချက်တွေထဲမှာလည်း တစ်ခုကျွန်တော် သတိထားမိပါတယ်။ အဲဒါက ဘာလဲဆိုတော့ NLDပါတီက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တချို့ဟာ ကျွန်တော်တို့နိုင်ငံတော်အစိုးရကို လက်နက်စွဲကိုင် ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆက်စပ်နေတယ်ဆိုတဲ့ အပိုင်းလေး တွေ့ရပါတယ်။ အဲဒီအပိုင်းနဲ့ပတ်သက်ပြီးတော့ ဒီလို ဆက်သွယ်ဆက်စပ် နေတဲ့အပိုင်းကို နိုင်ငံတော်က ဘယ်လို သဘောထားပါသလဲ၊ NLDပါတီ ဒါမှမဟုတ်ရင် အဲဒီလို ဆက်သွယ်ဆက်စပ်နေတဲ့ လူတွေအပေါ်မှာ အရေးယူဖို့ အစီအစဉ်ရှိသလား၊ မရှိဘူးလားဆိုတာ သိချင်ပါတယ်။

### ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျွန်တော်တို့တပ်မတော်အစိုးရ၊ နိုင်ငံတော်အစိုးရအနေနဲ့ တိုင်းပြည်ရဲ့ လိုအပ်ချက်အရ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့တဲ့အချိန်ကတည်းက စပြီးတော့ ပြည်သူတွေရဲ့ လိုလားချက်ဖြစ်တဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ဆိုရင် ပြည်တွင်းမှာရှိကြတဲ့ ပါတီတွေ၊ အဖွဲ့အစည်းတွေအနေနဲ့ သတ်မှတ်ချမှတ်ထားတဲ့ စည်းကမ်းဥပဒေတွေအတိုင်း နေထိုင်လုပ်ကိုင်ကြဖို့ အင်မတန်အရေးကြီးပါတယ်။ ဒါ့ကြောင့်လည်း ပြည်တွင်းမှာရှိနေကြတဲ့ ပါတီအဖွဲ့အစည်းတွေကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်ရေးအတွက် သတ်မှတ်ထားတဲ့ စည်းကမ်းဥပဒေများနဲ့အညီ နေထိုင်လုပ်ကိုင်နိုင်အောင် နိုင်ငံတော်အစိုးရအနေနဲ့ အမြဲတမ်းတိုက်တွန်း အားပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း တချို့သောပါတီအဖွဲ့အစည်းများအနေနဲ့ စည်းကမ်းဥပဒေကို လိုက်နာတဲ့နေရာမှာ အားနည်းတာတွေ ရှိခဲ့ပါတယ်။ တချို့သောပါတီအဖွဲ့အစည်းများအနေနဲ့ကလည်း နိုင်ငံတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်း၊ ပြည်တွင်းပြည်ပ နှစ်ဖက်ညှပ်ပြီးတော့ အကျပ်ကိုင်ရေးနည်းလမ်း၊ ပြည်ပအားကိုးတဲ့နည်းလမ်းတွေကို အသုံးပြုဆောင်ရွက်ကြတာလည်း ရှိပါတယ်။ ဒါပေမယ့်လည်း နိုင်ငံတော်အစိုးရ အနေနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီးတော့ အဲဒီလို ကျူးလွန်ဆောင်ရွက်မှုတွေကို သဘောထားကြီးကြီးနဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အဲဒီလို **ကျူးလွန်ဖောက်ဖျက်ဆောင်ရွက်မှုများဟာ နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်ရဲ့တည်ငြိမ်မှု၊ နိုင်ငံတော်ရဲ့လုံခြုံမှုကို အန္တရာယ်ပြုလောက်အောင် အထိဖြစ်လာရင်တော့ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကိုမဆို စည်းကမ်းဥပဒေနဲ့အညီ အရေးယူသွားရမှာပဲ ဖြစ်ပါတယ်။** ကျေးဇူးတင်ပါတယ်။ ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင်ထံ သဝဏ်လွှာပေးပို့

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ (၂၂)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း SSA(တောင်ပိုင်း) သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF သောင်းကျန်းသူ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်၏ လူသားအချင်းချင်းညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့် ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)





# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၆)ကျင်းပ SSA(တောင်ပိုင်း) သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF သောင်းကျန်းသူ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်၏ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူအဖွဲ့၏ နိုင်ငံနှင့်ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

**SSA(တောင်ပိုင်း) သောင်းကျန်းသူတစ်ဖြစ်လဲ ABSDF သောင်းကျန်းသူ သံချောင်း(ခေါ်)မြင့်စိုး(ခေါ်)စဝ်ခွန်ကျော်၏ လူသားအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့် ရာဇဝတ်မှုများ၊ ABSDF သောင်းကျန်းသူ အဖွဲ့၏ နိုင်ငံနှင့် ပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၂/၂၀၀၆)ကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mme Phoebe A.Gomez နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်နှင့် သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖနှင့် အဖွဲ့ဝင် သတင်းထောက်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို)အလုပ်အမှုဆောင် ဦးအုန်းမောင်(မြင်းမူ–မောင်နိုင်မိုး)နှင့် ပြည်တွင်း ဂျာနယ်မဂ္ဂဇင်းများမှ အယ်ဒီတာချုပ်များနှင့် သတင်းတာဝန်ခံများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့အတူ လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင်လဲလှယ်ပြီးဖြစ်သည့် ဦးအိုက်မုံ၊ ဦးကန်န၊ ဦးခွန်ဆေ၊ ဦးဂုဏ်ခေး၊ ဦးစိုင်းကူ၊ ဦးခွန်စစ်ညို၊ ဦးလောက်လျန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ်သည့်

*စာမျက်နှာ ၄ ကော်လံ ၁* ❋



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပြည်တွင်းပြည်ပ သတင်းဌာနများနှင့် စာနယ်ဇင်းများမှ သတင်းတာဝန်ခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**